ကြေးမုံ
The Mirror Daily
Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 October 2017 (၉၀၆၄)

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

## ကျောင်းသား ကျောင်းသူများအား အစားထိုးသင်ကြားခြင်းနှင့် အချိန်ပိုသင်ကြားခြင်းများ ဆောင်ရွက်သွားမည်

**စစ်တွေ စက်တင်ဘာ ၃၀**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့မှ စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့သော်လည်း ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား စာပေသင်ကြားပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"မောင်တောမြို့ပေါ်မှာ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေ ပြန်ဖွင့်နေပါတယ်။ ဘူးသီးတောင်မှာလည်း စာသင်ကျောင်း ၂၁ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နေပါတယ်။ ကျောင်းဆရာ ဆရာမတွေလည်း အကုန်ရှိပါတယ်။ ကလေးတွေကို စာပေပြန်လည်သင်ကြားပေးနေပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ထို့အတူ မောင်တောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းက "စက်တင်ဘာ ၁၉ ရက်နေ့က ကျောင်းစဖွင့်တာပါ။ မြို့ပေါ်မှာက ကျောင်းတွေဖွင့်ထားပေမယ့် ကျောင်းသားက အကုန်တော့မရောက်သေးဘူး။ ဆရာ ဆရာမတွေကတော့ အကုန်ရှိပါတယ်"ဟု ပြောသည်။

နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကျေးရွာများရှိ စာသင်ကျောင်းများကို နယ်မြေလုံခြုံရေး အခြေအနေအရ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"မောင်တောနဲ့ ဘူးသီးတောင်မြို့နယ်တွေက ကျေးလက်ဒေသတွေမှာရှိတဲ့ စာသင်ကျောင်းတွေ ပြန်ဖွင့်နိုင်ဖို့က လုံခြုံရေးနဲ့ ဆိုင်ပါတယ်။ တိုင်းရင်းသားကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေက လုံခြုံမှုရှိပေမယ့် ဘင်္ဂါလီရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေကျတော့ စဉ်းစားရမယ်။ အုပ်ချုပ်ရေးပိုင်းက လုံခြုံပြီဆိုရင်တော့ ကျောင်းတွေပြန်ဖွင့်မှာပါ။ ဆရာ ဆရာမတွေလည်း အရန်သင့်ရှိနေပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများ စက်ရုံစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပထမနှစ်ဝက်စာမေးပွဲ ဖြေဆိုနေစဉ်။** (ဓာတ်ပုံ-နေလင်း)

# မြန်မာ့ရိုးရာဆီမီးမျှောပူဇော်ပွဲ ရန်ကုန်မြို့ အင်းယားကန်၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀ -** မြန်မာတို့၏ ရိုးရာသီတင်းကျွတ်ပွဲတော်ကို ကြိုဆိုသောအားဖြင့် အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရန်ကုန်မြို့ အင်းယားကန်ရှိ စိမ်းလန်းစိုပြေပန်းခြံ၌ ဘုရားရှင်အားရည်မှန်း၍ ဆီမီးမျှောပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါဆီမီးမျှောပွဲသို့ မည်သူမဆို အခမဲ့ပါဝင်ကုသိုလ်ရယူနိုင်ကြပြီး HUAWEI မှ ပြုလုပ်မည့် ပျော်ရွှင်စရာဂိမ်းများကိုလည်း အခမဲ့ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။ ဆီမီးမျှောပူဇော်ပွဲတွင် ကြာရွက်ပေါ်တွင်ထားရှိသည့် ဆီမီးခွက်များကို မည်သူမဆိုရယူပြီး အင်းယားကန်အတွင်းသို့ ဆီမီးမျှောပြီးဘုရားရှင်အား ပူဇော်ခွင့်ရမည်ဖြစ်သည်။ ဆီမီးမျှောပွဲသို့ လာရောက်သူများအား မြန်မာ့ရိုးရာမုန့်မျိုးစုံဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ပွဲတော်အချိန်ဝင်ရောက်သူများအား ဂိတ်ဝင်ကြေးကောက်ခံမည်မဟုတ်ဟု သိရသည်။ **(မျိုးမင်းသူရ)**



HOT LINE : Yangon - 09 422999963, 09 455533667, 01-556622, 09-73119900, 01-398566, 398563, Mandalay - 02-72580-4, Nay Pyi Taw - 067-3420791, 3420966
TMW Enterprise Limited

# ပုံနှိပ်လုပ်ငန်းသည် မပျောက်ကွယ်မည့်အပြင် အသွင်သဏ္ဍာန်သစ်အမျိုးမျိုးဖြင့် ဆက်လက်ဖွံ့ဖြိုးနေသည်ဟု သုတေသနပြုသူများက ထောက်ပြထား

**ရန်ကုန် စက်တင်ဘာ ၃၀**

ယနေ့ခေတ်တွင် ပုံနှိပ်စက်များနှင့် ပုံနှိပ်နည်းပညာများသည် အသွင်သဏ္ဍာန် ပြောင်းလဲလာကြောင်း၊ တစ်ဖက်ကလည်း မီဒီယာလောကတွင် အီလက်ထရွန်နစ်မီဒီယာပေါ်လာသည့်အတွက် ပုံနှိပ်မီဒီယာအခန်းကဏ္ဍ ပျောက်ကွယ်သွားမည်လားဟု ပြောဆိုသည်များရှိကြောင်း၊ ထိုသို့ စိုးရိမ်မှုများ ရှိနေသော်လည်း ပုံနှိပ်လုပ်ငန်းသည် မပျောက်ကွယ်မည့်အပြင် ယခင်ပုံသဏ္ဍာန်မဟုတ်ဘဲ အသွင်သဏ္ဍာန်သစ်အမျိုးမျိုးဖြင့် ဆက်လက်ဖွံ့ဖြိုးနေသည်ဟု သုတေသနပြုသူများက ထောက်ပြထားသည်ကိုတွေ့ရကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) တို့ ပူးပေါင်း၍ မြန်မာပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (Myanmar Printing Industry Development Forum -2017)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ယခုကဲ့သို့ ဖိုရမ်များပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပုံနှိပ်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တီထွင်ကြံဆနည်းလမ်းရှာရန် ယနေ့ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့လုပ်ကိုင်သည့် လုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းတူသူများ စုဖွဲ့၍ဖြစ်စေ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပြန်လည်သုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပုံနှိပ်လုပ်ငန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် စိတ်ကူးစိတ်သန်းအသစ်များနှင့် လမ်းကြောင်းသစ်များ ချမှတ်နိုင်ရန် အကြံဉာဏ်ကောင်းများရလာမည်ဖြစ်ပါကြောင်း၊ စုပေါင်းလုပ်ဆောင်ခြင်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းအသစ်များ ရလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယခုကဲ့သို့ နည်းလမ်းရှာ ဆောင်ရွက်ကြခြင်းဖြင့် ယခုလိုကာလမျိုးတွင် နောက်ကျကျန်ရစ်မှုမရှိဘဲ ခေတ်ရှေ့ပြေးနေခြင်းဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီးက အသိအမှတ်ပြုပြောကြားသည်။

မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်းသည် စိုးရိမ်ကြောင့်ကြရသည့် အနေအထားမရှိပါကြောင်း၊ သို့သော် ကမ္ဘာတွင်စက္ကူဖြင့် ပုံနှိပ်သည့်လုပ်ငန်းသည် ကျဆင်းနေသည်ဟု ယူဆရပါကြောင်း၊ ထို့ကြောင့် တိုးတက်ရှင်သန်အောင် စဉ်းစားတိုင်ပင်နေရသည့် ကာလမျိုးတွင် မိမိတို့နိုင်ငံရှိ ပုံနှိပ်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်းရှာဆွေးနွေးကြခြင်းသည် နောက်မကျဘဲ ခေတ်ရှေ့ပြေးသည်ဟုပြော၍ရပါကြောင်း၊ ထို့ကြောင့် ယနေ့တွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ပုံနှိပ်လုပ်ငန်းအတွက် အခွင့်အလမ်းများ တိုးတက်ရရှိရန် နည်းလမ်းရှာစဉ်းစားဆွေးနွေးခြင်း၊ နည်းပညာအသစ်များရရှိရန် ဆွေးနွေးတိုင်ပင်ကြခြင်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါစေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ( MPPA) ဥက္ကဋ္ဌ ဦးမင်းဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယနေ့ဖိုရမ်တွင် Graphic Consult Group မှ အဖွဲ့ခေါင်းဆောင် ဦးကျော်သူ၊ Fuji Xerox Asia Pacific Operation Pte. ltd မှ Operations Manager Mr. Tiomthy J. Howard၊ Mya Kyun Tha Co.ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းဇံ၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေးမင်းတို့က ယနေ့ခေတ်ပုံနှိပ်နည်းပညာ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေမှု၊ ဂရပ်ဖစ် နည်းပညာ၊ ပုံနှိပ်လုပ်ငန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ပုံနှိပ်လုပ်ငန်းရှင်များနှင့် ပညာရှင်များက ပုံနှိပ်လုပ်ငန်းနှင့်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများနှင့် ပုံနှိပ်ထုတ်ဝေခြင်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ ခေါင်းစဉ်များကို မျက်နှာစုံညီဆွေးနွေးကြသည်။

ဖိုရမ်သို့ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ပုံနှိပ်လုပ်ငန်းပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

ယခုဖိုရမ်ကို ပုံနှိပ်လုပ်ငန်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများနှင့် ခေတ်မီတိုးတက်နေသည့် ပုံနှိပ်နည်းပညာအသစ်များအား ပုံနှိပ်လုပ်ငန်းရှင်များကို အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**✱ ရွှေဖုံးမှ**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့မှ တိမ်းရှောင်လာပြီး စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် မိသားစုနှင့်အတူ ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူ ၃၀၀၀ ခန့်ကိုလည်း စာပေသင်ကြားရေးနှောင့်နှေးမှုမရှိစေရန်အတွက် စစ်တွေမြို့ပေါ်ရှိ စာသင်ကျောင်းများတွင် စာပေသင်ကြားပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဒုတိယကျောင်းအုပ် ဦးသန်းမြင့်က "ကယ်ဆယ်ရေးစခန်းတွေကနေလာပြီး ဒီမှာကျောင်းလာတက်တဲ့ ကလေးတွေက KG တန်းကနေ ဆယ်တန်းအထိပါတယ်။ စာအုပ်၊ ခဲတံကအစ အခမဲ့ထောက်ပံ့ပေးထားပါတယ်။ သူတို့ကို ဒီမှာရှိတဲ့ကလေးတွေနဲ့ရောပြီး သင်ကြားပေးတယ်။ အကြမ်းဖက်မှု စဖြစ်တုန်းကတော့ ကလေးတွေများတယ်။ အခုနယ်မြေအေးချမ်းလာတော့ တချို့ ပြန်သွားကြပြီး ဒီမှာကျောင်းသားနည်းနည်းပဲ ကျန်တော့တယ်"ဟု ပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်မှ မိသားစုနှင့်အတူ တိမ်းရှောင်လာပြီး စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် နဝမတန်းကျောင်းသား မောင်ကျော်နိုင်က "အကြမ်းဖက်မှုတွေကြောင့် ရွာကနေမိသားစုနဲ့အတူ စစ်တွေကို ထွက်ပြေးလာတာပါ။ အခုကယ်ဆယ်ရေးစခန်းမှာ နေပါတယ်။ ကယ်ဆယ်ရေးစခန်းမှာနေပြီး စက်ရုံစုရပ်ကွက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ပညာဆက်လက်သင်ယူနေပါတယ်။ နယ်မြေအေးချမ်းရင်တော့ မိသားစုနဲ့ရွာကို ပြန်မှာပါ။ ရွာမှာ ကျောင်းပြန်တက်မယ်"ဟု ပြောသည်။

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ကျောင်းများပိတ်ထားခဲ့ရပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး နှောင့်နှေးမှုဖြစ်ပေါ်ခဲ့မှုအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အစားထိုးသင်ကြားခြင်းများ၊ အချိန်ပိုသင်ကြားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မင်းသစ်(MNA)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေမည်။

# မုံရွာ ကလေးစာပေပွဲတော်ကို သုံးရက်တာ ကျင်းပမည်

**မုံရွာ စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်(မုံရွာ)ကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မုံရွာမြို့ မုံရွာတက္ကသိုလ်ဘက်စုံခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများဖြင့် သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ပထမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ် ၃၅ ခုဖြင့်လည်းကောင်း၊ ဒုတိယနေ့တွင် အစီအစဉ် အခု ၅၀ ဖြင့် လည်းကောင်း၊ တတိယနေ့တွင် အစီအစဉ် အခု ၄၀ ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား မျက်လှည့်၊ ရုပ်သေးနှင့် မြန်မာ့ရိုးရာသိုင်းပြပွဲများဖြင့်လည်း ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




ကလေးစာပေပွဲတော် (တောင်ကြီး)ကျင်းပစဉ်။ **ဓာတ်ပုံ-သန်းမင်းအောင်**

ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များအတွင်း စာပေဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း (ဗိုလ်မြန်မာ)က "စာအုပ်စာပေ ကလေးတို့ရဲ့ မိတ်ဆွေ"၊ စာရေးဆရာမ ဒေါ်မြမြဆွေ(စိတ်ပညာ)က "စာပေဖွံ့ဖြိုးလူငယ်အကျိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနေ့တွင် စာရေးဆရာ ဦးရဲလွင် (ရဲလျှမ်း)က "လာရာနှင့် လားရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးဇော်နောင်ဟိန်း(Guitar)က "အလုပ်နှင့် ရည်ရွယ်ချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနေ့တွင် စာရေးဆရာမ ဒေါက်တာတင်ဝင်းက "ကနေ့လူကြီးတွေနဲ့မတူတဲ့ လူငယ်တွေဖြစ်အောင်"၊ "ကောင်းကင်တစ်ဆုံး လူငယ်ကျောက်သင်ပုန်း"၊ စာရေးဆရာ ဘာမထီခင်အောင်(ရွှေဘို)က "ကလေးသူငယ်များနှင့် အကျင့်စာရိတ္တ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသွားကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် "စာဖတ်အကျင့် တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက် ကလေးတို့အတွက်" ခေါင်းစဉ်ကို ဦးဖေသန်း (နေမင်းသန်း)၊ ဦးတင်အောင်(ချိမ့်သဲ)၊ ဦးသိုက်စိုးထွန်း(နတ်ရွာ)၊ ဦးထူးဝေဖြိုးဆင့်(ထူးအောင်ဝင့်)၊ ဦးကျော်သက်ခိုင်(မုံရွာ)တို့က လည်းကောင်း၊ ဒုတိယနေ့တွင် "စာဖတ်ခြင်း အကျိုးကျေးဇူး"ခေါင်းစဉ်ကို ဦးရဲလွင် (ရဲလျှမ်း)၊ ဦးဇော်နောင်ဟိန်း (Guitar)၊ ဒေါက်တာ နိုင်လင်းအောင်၊ အမောင်(ပုဂံ)၊ ဦးသက်နိုင်ထွန်း (M-ed)၊ ဦးသန့်စင်ထွန်း (သစ်ဝေခ) တို့ကလည်းကောင်း၊ တတိယနေ့တွင် "ပြည်သူ့နီတိနဲ့ လူငယ်အစိုးရအဖော်ကောင်း ပြည်သူ့ကျောင်း" ခေါင်းစဉ်ကို ဒေါက်တာတင်ဝင်း၊ ဘာမထီခင်အောင်(ရွှေဘို)၊ ဦးကျော်သောင်း (ဘုတလင်)၊ ဦးစိန်လွင်(မင်းကင်း)၊ ဦးစိုးနိုင်(စိုးကြီး-မုံရွာ)တို့က လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များတွင် ကျင်းပခဲ့ပြီး ယခုမုံရွာတွင် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**(အောင်မင်းဟန်)**

■

ကြေးမုံ
အောက်တိုဘာ ၃၁၊ ၂၀၁၇

# အာရှနိုင်ငံများသို့ သမ္မတ ထရန့် အလည်အပတ်လာမည်

**ဝါရှင်တန် စက်တင်ဘာ ၃၀**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုဝင်ဘာလအတွင်း အာရှငါးနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ခရီးစဉ်အတွင်း ကုန်သွယ်ရေးမူဝါဒများအပါအဝင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တို့ကို သမ္မတထရန့်က အာရှခေါင်းဆောင်များနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရန့်နှင့် ဇနီးတို့သည် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဟာဝါအီကျွန်းတို့ကို နိုဝင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က စက်တင်ဘာ ၂၉ ရက်တွင် အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ထားသည်။

ယခုသွားရောက်မည့်ခရီးစဉ်သည် သမ္မတ ဒေါ်နယ်ထရန့်၏ သမ္မတတာဝန်စတင်ထမ်းရွက်သည့်အချိန်မှစပြီး ပထမဆုံးသော အာရှခရီးစဉ်ဖြစ်သည်။

သမ္မတဒေါ်နယ်ထရန့်အနေဖြင့် အမေရိကန်မိတ်ဖက်နိုင်ငံများအား ၎င်း၏ခံယူချက်သဘောထားတို့ကို ပြောကြားမည်ဖြစ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ဆိုသည်။ အမေရိကန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများ၏ အကျိုးစီးပွားနှင့် လုံခြုံရေးအတွက် လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရေးသည် အရေးကြီးကြောင်း သမ္မတထရန့်က ထပ်လောင်းပြောကြားမည်ဖြစ်သည်ဟု အိမ်ဖြူတော်တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတထရန့်က လွတ်လပ်မျှတပြီး အပြန်အလှန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကိုလည်း အလေးပေးပြောကြားမည်ဖြစ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ဆိုသည်။

ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားတိုက်ဖျက်ရေးလုပ်ငန်းစဉ်အထမြောက် အောင်မြင်စေရေးအတွက် ပြဿနာအရေးကို ထိပ်တိုက်ရင်ဆိုင်ရန် နိုင်ငံတကာဖြေရှင်းချက်ကို သမ္မတထရန့်က အခိုင်အမာပြောကြားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအရေးအပါအဝင် ကုန်သွယ်ရေးမူဝါဒများနှင့်ပတ်သက်ပြီး သမ္မတထရန့်က တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် အလေးအနက်ဆွေးနွေးနိုင်ဖွယ်ရှိသည်။

သမ္မတထရန့်သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် APEC summit (အေပက်စ်ထိပ်သီးအစည်းအဝေး)နှင့် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**




# အာဖဂန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်၊ စစ်သွေးကြွ ၁၅ ဦးသေဆုံး

**ဂျလာလာဘတ် စက်တင်ဘာ ၃၀**
အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ စက်တင်ဘာ ၂၉ ရက် ညပိုင်းက မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား သစ္စာခံသည့် အာဖဂန်စစ်သွေးကြွ အကြမ်းဖက်သမား ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် ၎င်းတို့ ပုန်းခိုရာနေရာများကို အပြည့်အဝ ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သော တပ်ဖွဲ့မှ မောင်းသူမဲ့လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၉ ရက် ညပိုင်းက နန်ဂါဟာပြည်နယ် နာဇီရန်ခရိုင်အတွင်းရှိ အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများ ပုန်းအောင်းရာနေရာကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့မှုကြောင့် စစ်သွေးကြွ ၁၅ ဦး သေဆုံးရကြောင်း နန်ဂါဟာပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အတူလာခါဂီဟာနီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နေတိုးဦးဆောင်သည့် တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တပ်စွဲထားပြီး လက်နက်ကိုင်တိုက်ခိုက်မှုများဖြင့် စစ်တလင်းသဖွယ်ဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ လက်နက်ကိုင်စစ်သွေးကြွများအား မောင်းသူမဲ့လေယာဉ်များဖြင့် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ **ဆင်ဟွာ။**



# လေယာဉ်စင်းလုံးငှားရမ်းမှုများအပေါ် ပြည်သူများ၏ဝေဖန်မှုကြောင့် အမေရိကန်ကျန်းမာရေးဝန်ကြီး နုတ်ထွက်

**ဝါရှင်တန် စက်တင်ဘာ ၃၀**
အမေရိကန်ကျန်းမာရေးဝန်ကြီး တွန်ပရိုက်စ်သည် ပြည်တွင်းနှင့် နိုင်ငံခြားခရီးစဉ်များသွားလာရာတွင် လေယာဉ်များ စင်းလုံးငှားရမ်းသည့်အတွက် အခွန်အခများစွာပေးဆောင်ရခြင်းအပေါ် ပြည်သူများက ဝေဖန်ခဲ့ပြီးနောက် ဝန်ကြီးက ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ကျန်းမာရေးဝန်ကြီး တွန်ပရိုက်စ်၏ နုတ်ထွက်စာကို သမ္မတထရန့်က လက်ခံခဲ့ပြီး ယင်းနေရာတွင် ဝန်ကြီးတစ်ဦးကို ယာယီခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်သည်ဟု အိမ်ဖြူတော်က စက်တင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့သည်။

အမေရိကန်ကျန်းမာရေးဝန်ကြီး တွန်ပရိုက်စ်သည် နိုင်ငံခြားခရီးစဉ်များသို့ သွားရာတွင် ကာကွယ်ရေးလေယာဉ်များကို အသုံးပြုပြီး ပြည်တွင်းခရီးစဉ်များသွားရာတွင် ကိုယ်ပိုင်လေယာဉ်စင်းလုံးငှားပြီး သွားလာမှုများပြုလုပ်ခဲ့သည်။ ကိုယ်ပိုင်လေယာဉ်စင်းလုံးငှားရမ်းမှု အကြိမ်ပေါင်း ၂၀ ကျော်ရှိခဲ့သည်။

လေယာဉ်စင်းလုံးငှားရမ်းမှု၏ အခွန်ငွေပေးဆောင်ရမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ သန်းကျော်ရှိကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အမေရိကန်ကျန်းမာရေးဝန်ကြီး တွန်ပရိုက်စ်၏ နုတ်ထွက်စာကို လက်ခံခဲ့သော်လည်း လွန်စွာစိတ်မကောင်းဖြစ်မိကြောင်း သမ္မတထရန့်က ဆိုသည်။

ဝန်ကြီး တွန်ပရိုက်စ်က ၎င်း၏လုပ်ရပ်အတွက် အမေရိကန်ပြည်သူများအား တောင်းပန်ခဲ့ပြီး အခွန်အခများကိုလည်း ပေးဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတထရန့်၏ အစိုးရအဖွဲ့ဝင်နှစ်ဦးဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီအကြီးအကဲ စကော့ပါရုဒ်နှင့် ပြည်ထဲရေးဝန်ကြီး ရေးဇင်ကီတို့သည်လည်း လေယာဉ်စင်းလုံးငှားရမ်းသွားလာမှုများရှိခဲ့ကြောင်း သိရသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အစိုးရစုံစမ်းရေးမှူးများက စုံးစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားအစိုးရဆန့်ကျင်ရေး လှုပ်ရှားတက်ကြွသူအား သတ်ဖြတ်သူဟု သံသယရှိသူတစ်ဦးကို တူရကီရဲတပ်ဖွဲ့ဖမ်းဆီး

**အစ္စတန်ဘူလ် စက်တင်ဘာ ၃၀**
ဆီးရီးယားအစိုးရအား ဆန့်ကျင်သည့် လှုပ်ရှားတက်ကြွသူ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သမီးဖြစ်သူတို့အား သတ်ဖြတ်သူဟု သံသယရှိသူ တစ်ဦးအား တူရကီရဲတပ်ဖွဲ့က ယနေ့တွင် ဖမ်းဆီးခဲ့သည်ဟု ရဲတပ်အဖွဲ့က ပြောကြားသည်။

ဖမ်းဆီးခံရသူမှာ သေဆုံးသွားသည့် အမျိုးသမီးနှစ်ဦးနှင့် ဆွေမျိုးနီးစပ်တော်စပ်သူ အာမက်ဘာရာကက် ဆိုသူဖြစ်သည်။ ၎င်းအား မြို့တော်အစ္စတန်ဘူ၏ တောင်ဘက် ကီလိုမီတာ ၉၀ (၅၅မိုင်)အကွာရှိ ဘာဆာမြို့တွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် လူသတ်မှု ကျူးလွန်ခဲ့သည်ကို မသိရှိရသေးကြောင်း တူရကီရဲအဖွဲ့က ပြောကြားသည်။

အသက်(၆၀)အရွယ်ရှိသူ အိုယူဗာဘာရာကက်နှင့် ၎င်း၏သမီး အသက်(၂၂)နှစ်အရွယ်ရှိ ဟာလာတို့၏ ရုပ်အလောင်းများကို လွန်ခဲ့သည့် တစ်ပတ်ခန့်က အစ္စတန်ဘူမြို့ အက်စ်ကူဒါအရပ်ရှိ နေအိမ်တိုက်ခန်းအတွင်း ရှာဖွေတွေ့ရှိခဲ့သည်။

သေဆုံးသွားသူ အိုယူဗာဘာရာကက်သည် ဆီးရီးယားအစိုးရ၏ အကျဉ်းထောင်တွင်း၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း စုံစမ်းထောက်လှမ်းကာ သတင်းများရေးသားထားသူဖြစ်ပြီး ၎င်းသည် ကနဦးပိုင်းက ဗြိတိန်နိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ကြောင်းနှင့် အစ္စတန်ဘူမြို့သို့ မရောက်မီတွင် ယူအေအီးနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ကြောင်း တူရကီသတင်းမီဒီယာများက ဖော်ပြသည်။

**ဆင်ဟွာ။**

■

# လစ်ဗျားနိုင်ငံ ဆာဘရာသာမြို့၌ တိုက်ခိုက်မှုများဖြစ်ပွား လူ ၂၆ ဦးသေဆုံးပြီး ၁၇၀ ထိခိုက်ဒဏ်ရာရ

**ထရီပိုလီ စက်တင်ဘာ ၃၀**
လစ်ဗျားနိုင်ငံ အနောက်ဘက်ပိုင်းရှိ ဆာဘရာသာမြို့၌ စက်တင်ဘာ ၂၉ ရက် နှောင်းပိုင်းက တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၂၆ ဦးသေဆုံးပြီး ၁၇၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူ အများစုကို မြို့တော် ထရီပိုလီ၊ အယ်လ်ဂျီလတ်၊ ဇင်တန်၊ မစ်ရာတာ၊ ဆော်မန်နှင့် ဇဝါရာမြို့များရှိ ပုဂ္ဂလိကပိုင်ဆေးခန်းများသို့ လွှဲပြောင်းပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။



တိုက်ခိုက်မှုများ ဖြစ်ပွားသည့် ဆာဘရာသာမြို့သည် မြို့တော် ထရီပိုလီ၏ အနောက်ဘက်ကီလိုမီတာ ၇၀ အကွာတွင် တည်ရှိပြီး ၎င်းမြို့တွင် လက်နက်ကိုင်တိုက်ခိုက်မှုများမှာ စက်တင်ဘာလအတွင်းကတည်းက စတင်ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမြို့တွင် ပြိုင်ဘက်ဖြစ်သည့် လက်နက်ကိုင်အုပ်စု ၁၀ စုခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ်တွင် လစ်ဗျားနိုင်ငံအား အုပ်စိုးနေသည့် အာဏာရှင်မွမ်မာကဒါဖီအား လက်ဗျားနိုင်ငံခေါင်းဆောင်အဖြစ်မှ လူထုအုံကြွမှုဖြင့် ဖယ်ရှားခဲ့ပြီးနောက် လစ်ဗျားနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆူပူအုံကြွမှုများ အရှိန်မြင့်တက်လာခဲ့သည်။

**ဆင်ဟွာ။**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံသစ်ဖွင့်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့သစ်များကို ကြိုဆိုပွဲနှင့် အဖွဲ့ဟောင်းများကိုနှုတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ကျင်းပသည့် Mmpo Cinema ဖွင့်ပွဲ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်များအား ကြိုဆိုပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဟောင်းများကို နှုတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က Magic Ball အားထိကိုင်၍ Mmpo Cinema ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရုပ်ရှင်ရုံ၏ အရုပ်/အသံပိုင်းဆိုင်ရာ နမူနာပြကွက်များကို အနည်းငယ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှတ်တရ စကားပြောကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအဖွဲ့သစ်ကို ရုပ်ရှင်လောကသားများအနေဖြင့် သဘောတူထားသည့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနှင့်အညီစနစ်တကျ ရွေးချယ်တင်မြှောက်ခဲ့ပြီး ရုပ်ရှင်အစည်းအရုံးအဖွဲ့ဟောင်းများကလည်း ဂုဏ်သရေရှိရှိချောမွေ့စွာ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားဖြစ်သည်နှင့်အတူ Mmpo Cinema ဖွင့်ပွဲကျင်းပ သည့်အတွက် မင်္ဂလာရှိသည်ဟု ပြောကြားလိုကြောင်း၊ မည်သည့်နယ်ပယ်တွင်မဆို မိမိတို့လုပ်ငန်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် စုပေါင်းဆောင်ရွက်ရခြင်းရှိပါကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်လောကသားများ၏ အနုပညာအဆင့်အတန်းမြင့်မားစေရန် ယခုကဲ့သို့ စိတ်တိုင်းကျ ရွေးချယ်နိုင်ခဲ့သည့်အပေါ်လည်း အသိအမှတ်ပြုပါကြောင်း၊ ယခုလိုရွေးချယ်ခြင်းသည် မိမိတို့တိုင်းပြည်အတွက်သာမက အခြားသော အဖွဲ့အစည်းများအတွက်လည်း နမူနာကောင်းဖြစ်ပါကြောင်း၊ အမှုဆောင်သစ် ရွေးချယ်မှုအပေါ် ပြည်သူများကများစွာစိတ်ဝင်စားမှုရှိပါကြောင်း၊ လက်ရှိဥက္ကဋ္ဌ ဦးလူမင်းနှင့် ဥက္ကဋ္ဌသစ် ဦးဇင်ဝိုင်းတို့၏ သရုပ်ဆောင်မှုသာမက အဖွဲ့အစည်းကို ဦးစီးဦးဆောင်ပြုနိုင်သည့် အရည်အချင်းကိုလည်း သဘောကျနှစ်ခြိုက်ပါကြောင်း၊ ထိုအရည်အချင်းအစွမ်းအစများဖြင့် ရုပ်ရှင်လောကသား များ၏အရေးကိစ္စများကိုပါ စွမ်းစွမ်းတမံဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သရွေ့ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။






**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Mmpo Cinema ဖွင့်ပွဲနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်များကို ကြိုဆိုပွဲနှင့် အဖွဲ့ဟောင်းများကို နှုတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နှုတ်ဆက်စကားပြောကြားပြီး ဥက္ကဋ္ဌအသစ်အဖြစ် ရွေးချယ်ခြင်းခံရသည့် ဦးဇင်ဝိုင်းက မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ Mmpo Cinema ရုပ်ရှင်ရုံအတွက် အသံပိုင်းဆိုင်ရာ ပစ္စည်းများလှူဒါန်းသည့် Clover Solutions Co.,ltd မှ ဦးဇင်အောင်စိုးအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက ဂုဏ်ပြုလွှာချီးမြှင့်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်ဖခင်ကြီးများ ရုပ်တုရှေ့ရှိ မြက်ခင်းပြင်၌ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး ၂၃၀ ကေဗွီ ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံ ဓာတ်အားစတင်ပို့လွှတ်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနက ၂၃၀ ကေဗွီ၊ ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/ ၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ အမှတ်(၁) ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS(Gas Insulated Switchgear) တို့မှ ဓာတ်အားစတင်ပို့လွှတ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီ က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံ၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အားသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက တွန်းအားတစ်ရပ်ဖြစ်သည့် အတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ တစ်ဝန်း လျှပ်စစ်ဓာတ်အား အပြည့် အဝ ထုတ်လုပ်သုံးစွဲနိုင်ရေးကို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် စွမ်းအင်အရင်းအမြစ် အမျိုးမျိုး ဖြစ်သည့် ရေအား၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ကျောက်မီးသွေး စသည့် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် နည်းလမ်းများကို အသုံးချပြီး ၂၀၂၁ ခုနှစ်တွင် မဂ္ဂါဝပ် ၅၀၀၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ရေတို၊ ရေရှည် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုအစီအမံများ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး အထူး အလေးထားပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းကို နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၆ သန်း ကျခံသုံးစွဲ တည်ဆောက်သွားမည်ဖြစ်ပြီး ယခုကဲ့သို့ နိုင်ငံတော်မှ ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စီမံကိန်းများကိုလည်း အချိန်မီပြီးစီးနိုင်ရေးတို့ကို အထူးအားထည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် မိဘပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယခင်က ဘုရင့်နောင်ဓာတ်အားခွဲရုံ၏ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးတည်းကနေ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိရာမှ တိုးတက်သုံးစွဲလာသည့် ဓာတ်အားပမာဏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/ ၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံး တိုးချဲ့တပ်ဆင်ခြင်း၊ ၆၆ ကေဗွီ Indoor GIS စနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးနိုင်ရေးတို့ကို ဆောင်ရွက်ရန် CITIC-ZEPDI Construction သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ၂၃၀/၆၆/ ၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၁)တပ်ဆင်ခြင်း၊ ၆၆ ကေဗွီ Indoor GIS (Gas Insulated Switchgear)စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၃၀/၆၆/ ၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၂)တပ်ဆင်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာ အမှတ်(၁) တိုးချဲ့တပ်ဆင်ခြင်းနှင့် ၆၆ ကေဗွီ GIS စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး လုပ်ငန်းများကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အပြီးသတ်တပ်ဆင်ကာ လျှပ်စစ်ပိုင်း စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် CITIC Construction Co.,Ltd ၏ ASIA- PACIFIC ဆိုင်ရာ တာဝန်ခံ အရာရှိချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**(သီသီမင်း)**

❐

# မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံများသန့်ရှင်းသာယာရေး ဆုများချီးမြှင့်

**မန္တလေး စက်တင်ဘာ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အုပ်ချုပ်မှုအောက်ရှိ ခရိုင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ၊ ဓာတ်အားခွဲရုံများ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် သစ်ပင်များစိုက်ပျိုးဆောင်ရွက်သည့် လုပ်ငန်းများအပေါ် ကွင်းဆင်းစစ်ဆေး၍ အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်သည့်လုပ်ငန်းအတွက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် ညနေ ၆ နာရီက မန္တလေးမြို့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများသို့ လျှပ်စစ်မီးသုံးသူပြည်သူများ ရုံးကိစ္စလာရောက်ဆက်သွယ်ဆောင်ရွက်ရာတွင် စိတ်ချမ်းမြေ့မှုရှိစေရန်၊ ဝန်ထမ်းများ အထက်အောက် ကြည်ညိုလေးစားမှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆောင်ရွက်ချက်များကို စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းစစ်ဆေးအမှတ်ပေး၍ ဆုများပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ရမှတ်များပေါ်မူတည်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး စိမ်းလန်းသာယာမှု ပထမဆုကို နွားထိုးကြီးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ပူးတွဲဒုတိယဆုကို ရမည်းသင်းမြို့နှင့် ကျောက်ဆည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ ပူးတွဲ တတိယဆုကို ပုသိမ်ကြီးမြို့နယ်နှင့် ရန်အောင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့က ရရှိကြပြီး ဓာတ်အားခွဲရုံ စိမ်းလန်းသာယာမှုပထမဆုကို ပဒေသာဓာတ်အားခွဲရုံ၊ ပူးတွဲဒုတိယဆုကို ငှက်တောင်ဓာတ်အားခွဲရုံနှင့် ဝက်ကြီးအင်းဓာတ်အားခွဲရုံ၊ ပူးတွဲ တတိယဆုကို အောင်ဆန်းဓာတ်အားခွဲရုံနှင့် တောင်ပြုံးဓာတ်အားခွဲရုံတို့က အသီးသီးရရှိကြသည်။ ဂုဏ်ပြုဆုရရှိသည့်မြို့နယ်များအား မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# သတင်းမီဒီယာကောင်စီ ဘာလုပ်နေလဲ၊ ဘာလုပ်သင့်လဲ(၄)

ဘိုးလှိုင်

**(၂၁-၉-၂၀၁၇ မှ အဆက်)**

သတင်းမီဒီယာကောင်စီရဲ့လုပ်ငန်းတွေထဲမှာ အများဆုံးလုပ်ရတဲ့ အလုပ်ဖြစ်တဲ့အပြင် ခက်လည်းခက်ခဲ၊ အချိန်ကုန်၊ လက်အဝင်ဆုံးလုပ်ငန်းက အငြင်းပွားမှုနဲ့ တိုင်ကြားမှုတွေ ဖြေရှင်းရေးအလုပ်ဖြစ်ပါတယ်။ ယာယီကောင်စီလက်ထက်မှာလည်း ဒီကိစ္စ တော်တော်ရှင်းခဲ့ရပါတယ်။ လက်ရှိ သတင်းမီဒီယာကောင်စီရဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့တဲ့ သက်တမ်း ၂၂ လခန့်အတွင်းမှာ ကိုင်တွယ်ဖြေရှင်းပေးခဲ့ရတဲ့ တိုင်ကြားမှုပေါင်း ၁၄၀ နီးပါးရှိပါတယ်။

စာရင်းချုပ်ပြရလျှင် -

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများက ပေးပို့သည့်တိုင်စာ | ၃၅ စောင် |
| (ခ) | ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများထံမှ တိုင်စာ | ၉၉ စောင် |
| (ဂ) | နိုင်ငံရေးပါတီများထံမှတိုင်စာ | ၃ စောင် |
| (ဃ) | စာနယ်ဇင်းကောင်စီက ဆက်လက်ဖြေရှင်းခွင့်မရဘဲ တရားရုံးရောက်သွားသော တိုင်စာ | ၃ စောင် |

ဖြစ်ပါတယ်။

ဒီစာရင်းပြုစုပြီးနောက်ပိုင်း ရက်သတ္တ သုံး၊ လေးပတ်မှာလည်း ဝင်လာမစဲ တိုင်စာတွေလာမြဲလာနေပါတယ်။

**တိုင်စာအမျိုးမျိုး**

အငြင်းပွားမှုတွေမျိုးစုံပါဝင်တဲ့အထဲမှာ တကယ်တမ်း သတင်းမီဒီယာကောင်စီနဲ့ မသက်ဆိုင်ဘူးလို့ ပြောလို့ရတဲ့ တိုင်ကြားမှုတစ်မျိုးက စာခိုးချမှု (သူများစာကို ကိုယ့်နာမည်တပ်ပြီးထုတ်ဝေတဲ့ကိစ္စ) ဖြစ်ပါတယ်။ ဒါက မူပိုင်ခွင့်ဥပဒေနဲ့ သက်ဆိုင်ပါတယ်။ လောလောဆယ်မှာ သက်ဆိုင်တဲ့ဥပဒေက အားနည်းနေသေးတယ်။ တရားရုံးက စာခိုးချမှုအတွက် အားမကိုးလောက်တာ လက်တွေ့ဖြစ်နေတယ်။

ဒါကြောင့် ရောက်လာတဲ့ စာခိုးမှုတိုင်တန်းချက်တွေကို သတင်းမီဒီယာကောင်စီက အတတ်နိုင်ဆုံးဖြေရှင်းပေးပါတယ်။ ပြေလည်သွားတာတွေရှိသလို မတတ်နိုင်တာတွေလည်း ရှိပါတယ်။ ဥပမာ မြန်မာပြည်လာပြီး မြန်မာစာပေသင်ယူတဲ့ နိုင်ငံခြားသားက မြန်မာနိုင်ငံသားရေးသားထုတ်ဝေပြီး စာအုပ်ကို အဖုံးမှာသူ့နာမည်တပ်ပြီး အစအဆုံးကူးချကာ ပြန်လည်ထုတ်ဝေသွားတဲ့ကိစ္စကို မူပိုင်ရှင်က တိုင်ကြားလာတယ်။ စာခိုးချတဲ့ နိုင်ငံခြားသားက သူ့နိုင်ငံပြန်သွားပြီ။ ဘာမှညှိနှိုင်းဖြေရှင်းမပေးနိုင်တဲ့ကိစ္စ ဖြစ်သွားပါတယ်။

ကိုယ်တိုင်ကလည်း စာပေရေးသားတဲ့ ဆရာဝန်စာနယ်ဇင်းသမား (ဂျာနယ်နှင့် စာအုပ်များ ပုံနှိပ်ထုတ်ဝေသူ)၊ တစ်ယောက် အတိုင်ခံရတဲ့ကိစ္စကို နှစ်ဖက်ညှိနှိုင်းပေးခဲ့ရတာ ပါဝင်တယ်။ တိုင်ကြားတဲ့ကိစ္စက ဆရာဝန်က တခြားတစ်ယောက်ကို အင်္ဂလိပ်ဘာသာနဲ့ ကျန်းမာရေးပညာပေးစာအုပ် ဘာသာပြန်ခိုင်းတယ်။ ဘာသာပြန်ဆိုခ ဘယ်လောက်ပေးပါမယ်လည်း ပြောထားတယ်။ အချိန်နှစ်နှစ်ကျော်ကြာ မေ့လောက်တဲ့အခါမှ ဆရာဝန်က စာအုပ်ကို သူ့နာမည်တပ်ပြီး ထုတ်ဝေတယ်။

မူရင်းဘာသာပြန်ပေးသူရဲ့ အမည်ကို လုံးဝမဖော်ပြဘူး။ ဘာသာပြန်ဆိုခလည်း လုံးဝမပေးဘူး။ တိုင်ကြားခံရတဲ့အချိန်မှာတော့ ဆရာဝန်က တာဝန်ယူဖြေရှင်းရှာပါတယ်။ သူအလုပ်များနေလို့ ပေါ့ပေါ့လျော့လျော့ ထုတ်ဝေမိတာပါ။ ဘာသာပြန်ပေးသူရဲ့ အမည်နှင့် သူ့ရဲ့အမည် အတူထည့်ပြီး ပူးတွဲဘာသာပြန်အဖြစ် ထုတ်ဝေဖို့ဖြစ်သော်လည်း မေ့လျော့ပြီး သူ့နာမည်ပဲ ထည့်လိုက်တယ်။ ဘာသာပြန်ပေးသူရဲ့အမည် မေ့ကျန်ရစ်ပါတယ်၊ တောင်းပန်ပါတယ်လို့ ဖြေရှင်းပါတယ်။

ဘာသာပြန်ဆိုခ မပေးတာကတော့ ဘာသာပြန်ဆိုသူက စာအုပ်တိုက်ကို မလာတာကြာလို့၊ ဆက်သွယ်လို့လည်း မရတာကြောင့် မပေးရတာပါ။ ပေးပါမယ်လို့ တာဝန်ယူပါတယ်။ ကောင်စီရဲ့တိုင်ကြားမှု ဖြေရှင်းရေးကော်မတီနဲ့ ဆရာဝန်စာရေးဆရာ တွေ့ဆုံတဲ့အခါ သူက အထက်ပါအတိုင်း တောင်းပန်ပြီး ဘာသာပြန်ဆိုခပေးဖို့ သဘောတူ တာဝန်ယူသွားပါတယ်။ တခြား စာခိုးမှု တိုင်စာ လေး၊ ငါးစောင်အကြောင်းတော့ မဖော်ပြတော့ပါဘူး။ အခုဖော်ပြတဲ့ကိစ္စမှာတော့ စာနယ်ဇင်းနဲ့ စာအုပ်ထုတ်ဝေသူက ကျင့်ဝတ်ဖောက်ဖျက်တာ အထင်အရှားတွေ့ရပါတယ်။ သူ့ဝန်ခံချက်အတိုင်း မေ့လျော့လို့ (ပေါ့လျော့သွားလို့)ဆိုတဲ့ ဖြေရှင်းချက်ဟာ ကျေနပ်ဖွယ်မဟုတ်ပါဘူး။

**မဆိုင်သူရဲ့ဓာတ်ပုံဖော်ပြမှု**

သတင်းမီဒီယာကောင်စီဘာလုပ်နေလဲ၊ ဘာလုပ်သင့်လဲ အပိုင်း(၃)မှာ မဆိုင်သူရဲ့ ဓာတ်ပုံဖော်ပြမှုတစ်ခု ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြေရှင်းပေးခဲ့ရတာကို ဖော်ပြခဲ့ပါတယ်။ စာနယ်ဇင်းဘက်က ပေါ့လျော့သွားတဲ့အကြောင်း ဝန်ခံပြီးတောင်းပန်ဖို့ သဘောတူသွားပါတယ်။

တော်တော်ဆိုးတဲ့ သတင်းမီဒီယာကျင့်ဝတ်ဖောက်ဖျက်ပြီး ဓာတ်ပုံသုံးစွဲတဲ့ တိုင်ကြားမှုတစ်ခုကို ယာယီကောင်စီလက်ထက်မှာ ကြုံတွေ့ခဲ့ပါသေးတယ်။ တိုင်ကြားလာတဲ့အမှုက သာယာဝတီဘက်မှာဖြစ်တဲ့ လူမှောင်ခိုမှုသတင်းတစ်ပုဒ် ဂျာနယ်တစ်စောင်မှာ ဖော်ပြတယ်။ သတင်းနှင့် ဘာမျှမသက်ဆိုင်တဲ့ အမျိုးသမီးတစ်သိုက်ရဲ့ဓာတ်ပုံကို လူမှောင်ခိုသတင်းနှင့်တွဲပြီး ဖော်ပြတယ်။ ဓာတ်ပုံက သယ်န်းကျွန်းမြို့နယ်ထဲက မူကြိုကျောင်းဆရာမကြီးနှင့် လုပ်ဖော်ကိုင်ဖက် ဆရာမလေး လေး၊ ငါးယောက်ရဲ့ အမှတ်တရ အုပ်စုဓာတ်ပုံဖြစ်တယ်။

အမှုနှင့် ဘာမျှမသက်ဆိုင်သူတွေကို လူကုန်ကူးမှုကျူးလွန်သူနှင့် လူကုန်ကူးခံရသူလိုလို ထင်ယောင်ထင်မှားဖြစ်စရာ တမင်ထည့်သွင်းဖော်ပြလိုက်တာ ဖြစ်တယ်။ အဲဒီဂျာနယ်ဖတ်ရတဲ့ မိတ်ဆွေများက ဆရာမကြီးကို မေးကြမြန်းကြတာခံရတော့ ရှက်ရှာတာပေါ့။ သတင်းမီဒီယာကောင်စီ(ယာယီ)ကို တိုင်လာလို့ ဂျာနယ်မှတာဝန်ရှိသူတွေနဲ့ တွေ့ဆုံညှိနှိုင်းပေးပါတယ်။ ဂျာနယ်ဘက်က ကျင့်ဝတ်ဖောက်ဖျက်ထားတာ ထင်ရှားနေတယ်။ တောင်းပန်ရမယ်လို့ တောင်းဆို၊ ယာယီကောင်စီကလည်း ကျင့်ဝတ်နဲ့အညီ စနစ်တကျတောင်းပန်ဖို့ပြော၊ ဂျာနယ်ဘက်ကတောင်းပန်ပါမယ်လို့ တာဝန်ယူပြီးပြန်သွားပါတယ်။

သို့သော် အဲဒီဂျာနယ်က ဆိုးဆိုးရွားရွားကို ထပ်မံပြီး ကျင့်ဝတ်ဖောက်ပါတယ်။ တမင် မကောင်းကြံစည်မှုလို့ ပြောချင်ပါတယ်။ ဆရာမကြီးနှင့်အဖွဲ့က မဆီမဆိုင် သူတို့ဓာတ်ပုံ ဖော်ပြတာ မကျေနပ်လို့တိုင်တာကို ဂျာနယ်ကထပ်ပြီး မကျေနပ်အောင် တောင်းပန်လိုက်ပုံကတော့ အဲဒီဓာတ်ပုံကို ထပ်မံဖော်ပြလိုက်ပြီး ဤဓာတ်ပုံကို မိမိတို့ဂျာနယ်တွင် ဘယ်နေ့ ဘယ်ရက်က ဖော်ပြခဲ့မိသဖြင့် တောင်းပန်ပါတယ်ပေါ့။ ဓာတ်ပုံဖော်ပြလို့ မကျေနပ်တာကို နောက်တစ်ကြိမ် ထပ်မံဖော်ပြတယ်။ ဆရာမကြီးနှင့် ဆရာမကလေးများ မိအေးနှစ်ခါနာ ဖြစ်ကြရှာတယ်။

ဆရာမကြီးက ယာယီကောင်စီကို ထပ်မံလာရောက်တွေ့ဆုံသေးတယ်။ ဂျာနယ်လုပ်ပုံက တရားရုံးမှာ တရားစွဲဖို့ပဲ ရှိတော့တယ်။ ယာယီကောင်စီကိုလည်း မထီမဲ့မြင် လုပ်ရာရောက်နေပြီ။ ဆရာမကြီးက "တရားရုံးမှာ ထပ်ပြီးမရှင်းချင်တော့ပါဘူး ဆရာတို့ရယ်" လို့ပြောပြီး လက်လျှော့သွားပါတယ်။ ယာယီကောင်စီကလည်း အာဏာပါဝါရှိတဲ့ အဖွဲ့အစည်းမဟုတ်လေတော့ ဂျာနယ်က ကျင့်ဝတ်ဖောက်ဖျက်တာကိုရော၊ မထီမဲ့မြင် လုပ်ပုံကိုပါ လက်လျှော့ကြည့်နေလိုက်ရတယ်။ တကယ်တော့ ယာယီကောင်စီက အဲဒီဂျာနယ်ရဲ့ ကျင့်ဝတ်ဖောက်ဖျက်မှုကို တိုင်းသိပြည်သိ ဝေဖန်သုံးသပ်တဲ့ ကြေညာချက်ထုတ်ပြီး စာနယ်ဇင်းလောကအတွက် ကျင့်ဝတ်အသိပညာပေးသင့်တဲ့ ကိစ္စဖြစ်ပါလျက် ပျက်ကွက်ခဲ့တာကိုတော့ ဝန်ခံရမှာပါ။ (ဤပျက်ကွက်မှုအတွက် ဆောင်းပါးရှင်၏ အမြင်ကို သီးခြားဆွေးနွေးပါဦးမည်။)

**ကျင့်ဝတ်ဖောက်ဖျက်တဲ့ ဆရာဝန်အယ်ဒီတာချုပ်**

ယခုဖော်ပြမှာက တိုင်းဒေသကြီးတစ်ခုရဲ့ မြို့တော်က ထုတ်ဝေတဲ့ အပတ်စဉ်ဂျာနယ် အယ်ဒီတာကြီးအတိုင်ခံရတဲ့ အကြောင်းဖြစ်ပါတယ်။ အဲဒီဂျာနယ်က အဲဒီတိုင်းဒေသကြီးမှာ အရာရှိကြီးအချို့ အကြီးအကျယ် အဂတိလိုက်စားတဲ့ သတင်းကို ဖော်ထုတ်ရေးသားခဲ့ပြီး အတော်အသင့်အရေးယူတာတွေရှိခဲ့တယ်လို့ သိရပါတယ်။

ယခုတိုင်ကြားမှုက အခုအစိုးရသစ်တက်ပြီး သိပ်မကြာမီမှာ ဖြစ်ပါတယ်။ တိုင်ကြားတဲ့ အကြောင်းအရာက ဂျာနယ်မှာဖော်ပြတဲ့ တိုင်းအဆင့်အရာရှိကြီးတွေ အဂတိလိုက်စားမှု ဖော်ထုတ်တင်ပြတဲ့ သတင်းဆောင်းပါးဟာ အရာရှိဝန်ထမ်းများ၊ အထူးသဖြင့် အမျိုးသမီးအရာရှိများရဲ့ ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ်တဲ့ စာသားတွေပါဝင်တဲ့အတွက် အရေးယူဖြေရှင်းပေးရန်ဖြစ်ပါတယ်။

ဂျာနယ်အယ်ဒီတာချုပ်ကို ဖိတ်ခေါ်မေးမြန်းတဲ့အခါမှာ သတင်းဆောင်းပါးရေးသားတဲ့ သတင်းထောက်ကို စာနယ်ဇင်းကောင်စီနှင့် တွေ့ဆုံဖြေရှင်းစေဖို့ ငြင်းဆန်ပါတယ်။ သူဆိုလိုတာက သတင်းဆောင်းပါးရေးသူကို အယ်ဒီတာချုပ်က ဖော်ထုတ်ပြောဆိုဖို့ တာဝန်မရှိဘူးဆိုတဲ့ အချက်ပါပဲ။ (၁၉၃၆ ခုနှစ်တုန်းက ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမဂ္ဂဇင်း "အိုးဝေ" အယ်ဒီတာ ကိုအောင်ဆန်းရဲ့ထုံးကို နှလုံးမူတဲ့သဘောပါပဲ။ ဒီအတွက်တော့ သူ့ကို ကျွန်တော်တို့ လေးစားပါတယ်။)

ဒါပေမယ့် တကယ်တမ်းက သတင်းဆောင်းပါးရေးသူဟာ အယ်ဒီတာချုပ်ကိုယ်တိုင်ဖြစ်တယ်လို့ တိုင်ကြားတဲ့အရာရှိတွေက ပြောပါတယ်။ အယ်ဒီတာချုပ်ရဲ့ အဆိုကတော့ ဆောင်းပါးရှင်ဟာ သတင်းထောက်တစ်ယောက်ဖြစ်တယ်။ သူက တောတောင်ထူတဲ့ဒေသထဲ လှည့်လည်နေပြီး သူ့ဖုန်းကိုဆက်ပေမယ့် အဆက်အသွယ်မရဘူးလို့ ဆိုပါတယ်။ ဒါဟာလည်း ရှေးအခါက ယောဂီဆရာကြီး သခင်ကိုယ်တော်မှိုင်း စစ်ကိုင်းတောင် သို့မဟုတ် ဇင်းကျိုက်တောင်မှာ နေထိုင်ရာမှ ရန်ကုန်မြို့ထုတ်သတင်းစာဂျာနယ်တွေမှာ ပင်တိုင်မှာတော်ပုံ ဆောင်းပါးတွေရေးသားခဲ့တဲ့ပုံစံကို အတုယူတာဖြစ်နိုင်ပါတယ်။

အဂတိဖော်ထုတ်တဲ့ သတင်းဆောင်းပါးက တကယ်ပဲအရာရှိမမများ (သူ့ရဲ့အသုံးအတိုင်း)ကို ဂုဏ်သိက္ခာထိခိုက်စေတာ အမှန်ဖြစ်နေတယ်။ သူရေးထားတာမှာ "အရာရှိမမများကို ကျွေးမွေးပေါင်းသင်းပြီး နှိုက်ယူရတဲ့ဗိုက်မှောက်သတင်း"ဆိုတဲ့ အသုံးအနှုန်းပါတဲ့အပြင် အရာရှိမမများနာမည်ကို နာမည်သုံးလုံးမှာ တစ်လုံးပြောင်းပြီး ဖော်ပြတာမျိုးပါဝင်နေတယ်။

ဥပမာ ဒေါ်မြမြဝင်းကို မြမြသင်း၊ ဒေါ်ခင်ခင်မူကို ဒေါ်ခင်ခင်သူ ပြောင်းထားပုံမျိုး။ တိုင်ကြားတဲ့အဖွဲ့မှာပါဝင်တဲ့ အရာရှိအမျိုးသမီးများက "ဟုတ်ပါတယ်၊ ကျွန်မတို့နာမည်တွေကို တစ်လုံးစီပဲပြောင်းပြီး ပြောင်ဖော်ပြထားတာပါ။ ကျွန်မတို့မှာ ရပ်ကွက်ထဲက ကိုယ့်အိမ်ကိုယ်ပြန်ရတာတောင် မျက်နှာမဖော်ရဲအောင် အရှက်ရပါတယ်" လို့ပြောပါတယ်။

အယ်ဒီတာချုပ်ဆရာဝန်ကြီး ကံကောင်းသွားတယ်။ အစိုးရသစ်လက်ထက်ဖြစ်လို့ ဌာနဆိုင်ရာက "အသရေဖျက်မှု" သို့မဟုတ် တခြားပုဒ်မနှင့် တရားမစွဲချင်ဘူး။ စွဲလျှင်တော့ ထောင်ကျကိန်းရှိတယ်။ နောက်တစ်ချက်က ယခုကိစ္စကို သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးက စိတ်ဝင်စားနေတယ်။ အတော်လည်း စိတ်ဆိုးနေတယ်လို့ အရာရှိကြီးက ပြောပါတယ်။

အယ်ဒီတာချုပ် လောလောဆယ် ကံကောင်းတဲ့အချက်က တိုင်ကြားသူကို "ဂျာနယ်ဘက်က ဘာလုပ်ပေးလျှင် ကျေနပ်နိုင်မလဲ"လို့ စာနယ်ဇင်းကောင်စီက မေးတဲ့အခါ အရာရှိကြီးက မဖြေနိုင်ဘူး။ "ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် စိတ်ဝင်စားပြီး စောင့်ကြည့်နေတဲ့ ကိစ္စဖြစ်လို့ ကျွန်တော်တို့ချက်ချင်းအဖြေမပေးနိုင်ပါ။ အထက်ကို တင်ပြပြီးမှ အဖြေပေးပါမယ်"လို့ ဖြေပါတယ်။ ဒါနှင့် ရက်အတော်ကြာသွားပြီး နည်းနည်းလည်း သွေးအေးသလိုဖြစ်သွားတယ်။ တောင်းပန်တဲ့ဖြေရှင်းချက် ဂျာနယ်မှာထည့်ပေးလျှင် ကျေအေးပါမယ်လို့ ပြောဆိုတဲ့အတွက် အယ်ဒီတာချုပ်ကြီးက ဂျာနယ်မှတောင်းပန်ဖို့ ညှိနှိုင်းပါတယ်။ အယ်ဒီတာချုပ်ကြီးက ခေါင်းမာတယ်။ ပီပီပြင်ပြင်မတောင်းပန်ဘူးနဲ့တူတယ်။ သူ့ဂျာနယ်ကို ကျွန်တော်တို့ မဖတ်ရတော့ အပြည့်အစုံမသိရပါဘူး။ တောင်းပန်သလိုလို၊ မတောင်းပန်သလိုလို မရှင်းမရှင်း ဖြေရှင်းပုံရတယ်။

နောက်ဆုံးနိဂုံးချုပ်တော့ တိုင်ကြားသူဟာ အာဏာရှိတဲ့အဖွဲ့အစည်းဖြစ်တယ်။ သူ့မှာလုပ်ပိုင်ခွင့်တွေ အမျိုးမျိုးရှိနေတယ်။ သူတို့ဘက်က ဆရာဝန်အယ်ဒီတာချုပ် ဒုက္ခမျိုးစုံတွေ့အောင် အကြပ်ကိုင်ပြီး ဖြေရှင်းလိုက်ပုံရပါတယ်။ ဆရာဝန်ကြီး သူ့ဆေးခန်း အေးအေးဖြောင့်ဖြောင့်ထိုင်မရ၊ ဂျာနယ်လည်း ဆက်ပြီး မထုတ်နိုင်၊ တိုက်ပိတ်ရတယ်လို့ သိရပါတယ်။ ဌာနဆိုင်ရာက သူတို့နည်းနဲ့သူတို့ အနိုင်ယူသွားတယ်လို့ပဲ ပြောရမယ်ထင်ပါတယ်။ တကယ်တမ်းမှာ ကောင်းကောင်းမွန်မွန်တောင်းပန်လျှင် ပြီးနိုင်သောကိစ္စ။ ဌာနဆိုင်ရာကလည်း လောလောဆယ်မှာ သူ့ပုံရိပ်ထိခိုက်မှာစိုးလို့ တရားမစွဲချင်၊ ပြေလည်မှု လိုလားနေချိန်လို့ သုံးသပ်ရပါတယ်။

**အသက်မွေးပညာရှင်တစ်ခုကို ဂုဏ်သရေထိစေတဲ့အရေးအသား**

စာနယ်ဇင်းကျင့်ဝတ်ဖောက်ဖျက်တဲ့ တိုင်ကြားမှုနောက်တစ်ခု ဖော်ပြပါဦးမယ်။ ဒါကတော့ တစ်ဖက်မှာစေတနာကောင်း လွန်သွားပြီး အရေးအသားက တခြားဘက်မှာ ကျွံသွားတာဖြစ်ပါတယ်။ အမျိုးသမီးစာရေးဆရာမကြီး ရေးသားတဲ့ ဆောင်းပါးတစ်ပုဒ်မှာ ရန်ကုန်နှင့် မိုင် ၄၀-၅၀ ဝေးတဲ့အရပ်က သူ့အမျိုးတွေ ဒေါက်တာရမ်းကုတွေရှောင်ပြီး ရန်ကုန်မှာ အထူးကုနှင့်ပြပြီး ဆေးကုသမှုခံယူဖို့ ပြောရတဲ့အကြောင်း၊ ဒေါက်တာရမ်းကု ဆန့်ကျင်ဆောင်းပါး ဖြစ်ပါတယ်။

ဒါပေမယ့် သူ့ဆောင်းပါးမှာ အစိုးရကျန်းမာရေးမှူးတွေကို ရမ်းကုအဖြစ် စာရင်းသွင်းထားသလို ဖြစ်နေတယ်။ ကျန်းမာရေးမှူးတွေဟာ သတ်မှတ်သင်တန်း ပြီးဆုံးအောင်မြင်ထားပြီး အစိုးရက ဆေးကုသခွင့်လိုင်စင်ထုတ်ပေးထားသူတွေဖြစ်လို့ တရားဝင်ဆေးကုနေတဲ့ ကျန်းမာရေးမှူးဝန်ထမ်းဖြစ်တယ်။ ဆရာမကြီးရေးတဲ့ဆောင်းပါးက ကျန်းမာရေးမှူးတွေရဲ့ ဂုဏ်သိက္ခာကို တိုက်ရိုက်ထိပါးနေတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ တာဝန်ရှိသူက အသင်းတံဆိပ်တုံးနှိပ်စာနှင့် သတင်းမီဒီယာကောင်စီကို တိုင်ကြားပါတယ်။ ဆောင်းပါးရှင် ဆရာမကြီးနဲ့ အကျေအလည်ဆွေးနွေးတဲ့အခါမှာ သူကတောင်းပန်စာကို သူ့ဆောင်းပါးပါခဲ့တဲ့ ဂျာနယ်မှာ ထည့်ပေးဖို့ သဘောတူပါတယ်။

သို့သော် တိုင်ကြားသူများက တောင်းပန်စာကို နိုင်ငံပိုင်သတင်းစာအားလုံးမှာ ထည့်ပေးရမယ်လို့ တောင်းဆိုလာပါတယ်။ တကယ်တော့ မှားယွင်းရေးသားမိလျှင် ပြင်ဆင်ချက် သို့မဟုတ် တောင်းပန်စာကို မူလသတင်းစာ၊ စာစောင်တွင်သာ မူလနေရာနှင့် အနီးစပ်ဆုံးနေရာ၌ ထည့်သွင်းပြင်ဆင်ပေးလျှင် သို့မဟုတ် တောင်းပန်လျှင် လုံလောက်တယ်။ ပြင်ဆင်ချက် သို့မဟုတ် တောင်းပန်စာကို ထည့်သွင်းဖော်ပြရန်အတွက် ဥပဒေတွင် နိုင်ငံပိုင်သတင်းစာကို အထူးအဆင့်အတန်း သတ်မှတ်မထားပါ။

ထို့ကြောင့် တောင်းပန်စာကို နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းဖော်ပြပေးရန် အတိုင်ခံရသူတွင် တာဝန်မရှိကြောင်း တိုင်ကြားသူကို ရှင်းလင်းပြောပြရပါတယ်။ ယခုဖော်ပြသော တိုင်ကြားမှုသည် သတ်မှတ်သည့်အတိုင်း တောင်းပန်ချက် ထည့်သွင်းပေးသဖြင့် ကျေအေးသွားပါတယ်။ နိုင်ငံပိုင်သတင်းစာတွင် တောင်းပန်စာ သို့မဟုတ် ဖြေရှင်းချက် ထည့်ပေးဖို့တောင်းဆိုသော တိုင်ကြားသူအချို့တွင် အစိုးရဌာနများလည်း ပါဝင်သည်ကို ကြုံတွေ့ရပါတယ်။ သို့သော် အစိုးရဌာနဖြစ်သည့်အတွက်ဆိုပြီး သတင်းမီဒီယာကောင်စီက တောင်းဆိုချက်ကို လိုက်လျောမပေးပါ။ ဥပဒေ၊ နည်းဥပဒေကို ရှင်းပြသဖြင့် တိုင်ကြားသောဌာနက နားလည်သွားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

**သတင်းမီဒီယာကောင်စီရဲ့ လုပ်ငန်းတွေထဲမှာ အများဆုံးလုပ်ရတဲ့ အလုပ်ဖြစ်တဲ့အပြင် ခက်လည်းခက်ခဲ၊ အချိန်ကုန်၊ လက်အဝင်ဆုံးလုပ်ငန်းက အငြင်းပွားမှုနဲ့ တိုင်ကြားမှုတွေ ဖြေရှင်းရေး အလုပ်ဖြစ်ပါတယ်။ ယာယီကောင်စီလက်ထက်မှာလည်း ဒီကိစ္စ တော်တော်ရှင်းခဲ့ရပါတယ်။ လက်ရှိ သတင်းမီဒီယာကောင်စီရဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့တဲ့ သက်တမ်း ၂၂ လခန့်အတွင်းမှာ ကိုင်တွယ်ဖြေရှင်းပေးခဲ့ရတဲ့ တိုင်ကြားမှုပေါင်း ၁၄၀ နီးပါးရှိပါတယ်။**

# သက်ကြီးသူတို့စွမ်းပကား အနာဂတ်အတွက်အလေးထား

ကြည်ထွန်း(လူမှု)

ကမ္ဘာပေါ်တွင် ခေတ်သစ်ကျန်းမာရေးနည်းပညာများ ထွန်းကားလာခြင်း၊ ကျန်းမာရေးအသိပညာများ ပြန့်ပွားတိုးတက်လာခြင်းတို့ကြောင့် လူ့သက်တမ်းတိုးမြင့်လာသည်။ သက်ရှည်ကျန်းမာသူဦးရေ တိုးပွားလာသည်။ ၂၀၁၃ ခုနှစ်က သက်ကြီးအရေအတွက် ၈၄၁ သန်းသာရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် အသက် (၆၀) ကျော် သက်ကြီးရွယ်အို ဦးရေ ၁ ဒသမ ၄ ဘီလီယံအထိ ရှိလာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။ လူသားများ၏ အသက်ရှည်မှု ပုံမှန်တိုးတက်လာခြင်းသည် မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသော အကြီးမားဆုံး အပြောင်းအလဲများနှင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

**နှစ်စဉ်မပျက်ကျင်းပ**

ဤအရေးကို ရှေးမဆွကပင် ချင့်မြော်တွေးဆခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒုတိယအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာ ညီလာခံများကျင်းပကာ ရှေ့လုပ်ငန်းစဉ်များချမှတ်ပေးခဲ့သည်။ ဒုတိယအကြိမ်သက်ကြီးရွယ်အိုညီလာခံကချမှတ်လိုက်သော မက်ဒရစ်လုပ်ငန်းအစီအစဉ် (Madrid International Plan of Action on Ageing-MIPAA) ပါ ဦးစားပေးအစီအစဉ် သုံးရပ်မှာ - (၁) သက်ကြီးရွယ်အိုများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ (၂) သက်ကြီးရွယ်အိုများ၏ အကျိုးစီးပွားနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ (၃) သက်ကြီးရွယ်အိုများကို အထောက်အကူပြုသော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးတို့ပင်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆) ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) ဟု သတ်မှတ်ပေးထားသည်။ သက်ကြီးရွယ်အိုများရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်မှု၊ အထီးကျန်ဆန်ဆန်နေရမှုတို့ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးစာနာဆပွားအလေးထားနိုင်ရန် ရည်ရွယ်ကာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီး၌ အဆိုပါနေ့ အခမ်းအနားကို ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပဆောင်ရွက်ခဲ့ကြသည်။

**မီးမောင်းထိုး**

၂၀၁၇ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးထားသော ဦးတည်ချက်ဆောင်ပုဒ်မှာ "Stepping into the Future: Tapping the Talents, Contributions and Participation of Older Persons in Society" ဖြစ်သည်။ အနာဂတ်ကို ဖော်ဆောင်ရာတွင် သက်ကြီးရွယ်အိုတို့၏ ရှိထားပြီးဖြစ်သော ပင်ကိုအရည်အချင်းနှင့် စွမ်းရည်များ၊ ပေးဆပ်မှုဝေအကြံပြုမှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု စွမ်းပကားများကို အလေးဂရုပြု၍ ရယူဆောင်ရွက်ကြရန် မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်သည်။

**သက်ကြီးရွယ်အိုဦးရေ**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုဦးရေ တိုးပွားလျက်ရှိသည်။ မြန်မာ့လူဦးရေ၏ ၄ ဒသမ ၅ သန်း(၈ ဒသမ ၉ ရာခိုင်နှုန်း) သည် အသက် (၆၀) နှင့် အထက် အသက်အုပ်စုထဲတွင် ရှိနေခြင်းကြောင့် မြန်မာနိုင်ငံသား ၁၁ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင်ဖြစ်လာပြီ။ မဝေးသော ကာလတွင် ဇရာဟုဆိုသည့် သက်ကြီးရွယ်အိုဘဝကို မိမိတို့အားလုံးမလွဲမသွေရောက်ရှိကြမည်ဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် လူမှုစီးပွားဘဝပြောင်းလဲမှု၊ ရုပ်ဝတ္ထုအသစ်အဆန်းများ၊ ကာမဂုဏ်အာရုံအသစ်အဆန်းများအပေါ်ငြိတွယ်ကာ လူနေမှုပုံစံများ ပြောင်းလဲရှုပ်ထွေးလာသည်။ ဤသို့ဖြစ်သည်နှင့်အမျှ သက်ကြီးရွယ်အိုများအပေါ် သားသမီးမြေးမြစ်များ အပါအဝင် ပျိုရွယ်သူတို့က တာဝန်ယူစောင့်ရှောက်မှုများပေါ့လျော့ပျက်ယွင်းမှုများရှိလာသည်။ အမျိုးမျိုးသော ပစ်ပယ်ခွဲခြားဆက်ဆံမှုများလည်းရှိလာသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများအပေါ် မိသားစုစောင့်ရှောက်မှုသာမက အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ "သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ" ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ပြဋ္ဌာန်းပေးလိုက်ပြီဖြစ်သည်။ အခန်း ၁၆ ခန်း ပုဒ်မပေါင်း ၆၆ ခုပါဝင်သော အဆိုပါ ဥပဒေသည် နိုင်ငံတစ်ဝန်းရှိ သက်ကြီးရွယ်အိုများ၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို မလွဲမသွေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်မှာမလွဲပေ။

**လူ့စွမ်းအားအရင်းအမြစ်**

စင်စစ် ကျန်းမာပြီး အလုပ်လုပ်နိုင်သော သက်ကြီးရွယ်အိုများသည် အသုံးမပြုရသေးသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ "နွားပျိုသန်လှ၊ နွားအိုပေါင်ကျိုး" ဟူသော ဆိုရိုးစကားအရ မြော်မြင်ဉာဏ်နှင့် ကြံဖန်လုပ်ကိုင်နိုင်သော အရာတို့တွင် သက်ကြီးရွယ်အိုများသည် လူငယ်လူရွယ်များထက်သာသည်။ သူတို့တွင် အသိပညာ၊ ဗဟုသုတ၊ အရည်အသွေးစသည့် စွမ်းရည်များရှိနေဆဲဖြစ်သည်ကို အသိအမှတ်ပြုကြရမည်။ ခေါင်းတစ်ရာသားစား၊ အိမ်နောက်ဖေးဈေးဆိုင်တည်၊ ခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ဆိုသည့်အတိုင်း သက်ကြီးရွယ်အိုများ၏ အကြံဉာဏ်နှင့် ဆန္ဒသဘောထားများကို ရယူသုံးစွဲကြရပေမည်။

သက်ကြီးရွယ်အိုများအပေါ် အစောင့်ရှောက်ခံ ပုဂ္ဂိုလ်သက်သက်အဖြစ်သာ သဘောမထားဘဲ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ၎င်းတို့၏ ပင်ကိုအရည်အချင်းနှင့် စွမ်းရည်များကို ဖော်ထုတ်ပြသခွင့်ပြုဖို့လိုသည်။ နိုင်ငံတော်၌ အန္တရာယ်ရန်စွယ်များနှင့် တုံ့ပြန်တွန်းလှန်မည့် စွမ်းအားစုများတည်ဆောက်ရာတွင် သက်ကြီးရွယ်အိုများအားလုံး ကြွင်းကျန်မှုမရှိအောင်ဆောင်ရွက်ကြမှ ဖြစ်မည်။

အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုသည့် အတိုင်းသက်ကြီးရွယ်အိုများကား လူသားတိုင်းမရရှိနိုင်သည့် "ဝယဝုဒ္ဓိဂုဏ်ရည်" ကို ပိုင်ဆိုင်ထားကြသူများ ဖြစ်ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးထမ်းရွက်ပြီးသူများလည်းဖြစ်ကြသည်။ မိမိနေအိမ်တွင်လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လည်းကောင်း သက်ကြီးရွယ်အို တစ်ဦးရှိနေခြင်းကား ကောင်းမြတ်သည့် မင်္ဂလာတစ်ပါးဖြစ်သည်။ သူတို့၏ တစ်ဘဝတာလုံးကို မိသားစုအတွက်၊ နိုင်ငံတော်အတွက် မြှုပ်နှံပေးဆပ်မျှဝေပေးခဲ့ကြပြီး ဖြစ်သည်။

**နေရာပေး ဆက်ဆံမှု**

မိသားစုအကျိုးကို များစွာမသယ်ပိုးနိုင်တော့ဘဲ ကျီးစောင့်ကြက်နှင့် မြေးထိန်းရသည့်တိုင် သူတို့၏ ဂုဏ်အင်မှာ တလွင့်လွင့်မြင့်မားနေဆဲပင်။ သူတို့၏ ပြုမူပြောဆိုဆက်ဆံမှုများအပေါ် ခေတ်မမီသူများ၊ စပ်စုတတ်သူများ၊ အရာရာတွင် ဝင်ရောက်စွက်ဖက်တတ်သူများဟု သဘောမထားဘဲ လိုက်လျောညီထွေနေရာပေးဆက်ဆံမှုပြုကြရမည်။ သူတို့၏ ပါဝင်ဆွေးနွေးမှုများကို ဝမ်းပန်းတသာကြိုဆိုလက်ခံကြရပါမည်။ ကျန်ရှိနေသေးသော လူ့ဘဝသက်တမ်း၌ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှိုးနွမ်းမှုမရှိဘဲ လုံခြုံနွေးထွေးစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်သူများဖြစ်အောင် ဆောင်ရွက်မပေးနိုင်ပါက စိတ်ထောင်းကိုယ်ကြေ အိုဇာတာကံခေသူများ ဖြစ်သွားနိုင်ပါသည်။

သက်ကြီးရွယ်အိုတို့ကား အိုသည့်တိုင်အောင် ဇွဲကိုဆောင်၍ လူ့ဘောင်ကောင်းကျိုး သယ်ပိုးဆောင်ရွက်လိုသူများဖြစ်ကြသည်။ လှူဒါန်းပေးကမ်းလိုကြသည့် အပြင် ပရဟိတသင်္ဂဟ လုပ်ငန်းများ၊ သာရေးနာရေးနှင့် လူမှုရေးအသင်းအပင်းများတွင် ပါဝင်ပျော်မွေ့လိုသူများဖြစ်ကြသည်။ သို့ဖြစ်၍ ၎င်းတို့၏ နိစ္စဓူဝလူနေမှုဘဝ၌ လွယ်လင့်တကူ သွားလာလှုပ်ရှားနိုင်အောင်ပြုလုပ်ပေးကြရမည်။ ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှု၌ အခွင့်အလမ်းများ လက်လှမ်းတမီဖြစ်အောင် ဖန်တီးပေးကြရမည်။ ၎င်းတို့တွင် ကျန်ရှိနေသေးသောစွမ်းရည်များ ဖော်ထုတ်ပြသခွင့်ရအောင် လမ်းဖွင့်ပေးကြရမည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အစည်းအရုံးများ၌ ပါဝင် ဆောင်ရွက်မှုတိုင်းကို အသိအမှတ်ပြုအားပေးမှသာ စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်လာကြပါမည်။

**သက်ကြီးရွယ်အို ထောက်ပံ့**

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ယွင်းမပျက်ရအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့သောနိုင်ငံ ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အားလျော်စွာ Globalization ၏ အသီးအပွင့်များကို သက်ကြီးရွယ်အိုများလည်း ခံစားစံစားနိုင်ရန် ၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ မူဝါဒအသစ်များ ပြောင်းလဲကျင့်သုံးခဲ့သည်။

၂၀၁၂ ခုနှစ် မေလတွင် အာရှ-ပစိဖိတ်ဒေသသက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့သည်။ အကျိုးရလဒ်အားဖြင့် "သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း" ကို ၂၀၁၄ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ရေးနှင့် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များကို ထောက်ပံ့ရေးဟူသည့် လုပ်ငန်းစဉ်များပါရှိသော "မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်" ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း စတင်ချမှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလက နိုင်ငံတစ်ဝန်းလုံးရှိ အသက် ၁၀၀ နှင့်အထက် သက်ကြီးဝါကြီးဘိုးဘွား ၁၁၇၉ ဦးကို ကျပ်နှစ်သိန်းစီ ထောက်ပံ့ခြင်းမှ အစပြု၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင် အသက် (၉၀) နှင့်အထက် ဘိုးဘွားများကို နှစ်စဉ်ထောက်ပံ့မှုများပြုနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှစ၍ "လူမှုရေးပင်စင်" အဖြစ် အသက် (၉၀) နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ်ကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့လျက်ရှိသည်ကို တွေ့မြင်ရ၍ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက ဝမ်း မြောက်ဝမ်းသာ မုဒိတာပွား သာဓုအနုမောဒနာခေါ်ဆို နေကြပြီဖြစ်သည်။

**မဆုတ်မနစ်ကြိုးပမ်း**

သက်ကြီးရွယ်အိုများအတွက် အကောင်းဆုံးသော ဘဝအရည်အသွေး ဖြစ်တည်လာအောင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍတွင် သက်ကြီးရွယ်အိုများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့်မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ဖို့လိုပြီ။ ကျန်းမာတက်ကြွသော သက်ကြီးဘဝရရှိနိုင်ဖို့ စွမ်းဆောင်ပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ်ပေါ်ထွန်းလာအောင် ဆောင်ရွက်ရပါဦးမည်။ ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်မှုစနစ်၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာအောင်လည်း အားထုတ်ကြရပါဦးမည်။ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ၊ အစိုးရပါဝင်သော ပူးပေါင်းဆောင်ရွက်မှု ယန္တရားများ တည်ဆောက်ရေး၊ သက်ကြီးရွယ်အိုများ၏ ကျား၊ မအမြင်ရှုထောင့်နှင့် သက်ကြီးအမျိုးသမီးများ၏ အထူးလိုအပ်ချက်များကိုလည်း အာရုံစိုက်ရပါဦးမည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးနောက် သက်ကြီးရွယ်အိုမူဝါဒကို ဆက်လက်ရေးဆွဲနေဆဲကာလတွင် "သက်ကြီးရွယ်အို အမျိုးသားမူဝါဒဆိုင်ရာဒေသတွင်းညီလာခံ" တစ်ရပ်ကို နေပြည်တော်၌ ယခုနှစ် ဇူလိုင်လအတွင်းက ကျင်းပခဲ့ကြောင်း ဇူလိုင် ၂၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရ၍ အားတက်ကြည်နူးမိသည်။ နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကလည်း မဆုတ်မနစ် ကြိုးပမ်းအားထုတ်လျက်ရှိသည်ဖြစ်ရာ များမကြာမီတွင် သက်ကြီးရွယ်အိုမူဝါဒနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ ထွက်ပေါ်လာတော့မည်မှာမလွဲပေ။

**သတိပေးနှိုးဆော်**

သို့ဖြစ်၍ နောင်အနာဂတ်ကို တည်ဆောက်ရာ၌ သက်ကြီးရွယ်အိုတို့၏အခန်းကဏ္ဍ အရေးပါမှုကို အားလုံးက အလေးဂရုပြုကြဖို့ လိုပြီ။ သက်ကြီးရွယ်အိုတို့တွင် ကျန်ရှိနေသေးသော သတ္တိ၊ ခွန်အား၊ စွမ်းပကားကို ရယူဖော်ထုတ်အသုံးပြုကြရမည် ဖြစ်သကဲ့သို့ သက်ကြီးရွယ်အိုတို့၏ နေဝင်ချိန်ဆည်းဆာအလှကို လင်းလက်တောက်ပလာအောင် အားပေးမြှင့်တင်ရေးမှာ မျိုးဆက်သစ်တို့၏ ပဓာနတာဝန်ပင်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ ။

> အသက် (၉၀)နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ် ကျပ် ၁၀၀၀၀ နှုန်းထောက်ပံ့လျက်ရှိသည်ကို တွေ့မြင်ရ၍ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်. . .
>
> သက်ကြီးရွယ်အိုတို့၏ နေဝင်ချိန်ဆည်းဆာအလှကို လင်းလက်တောက်ပလာအောင် အားပေးမြှင့်တင်ရေးမှာ မျိုးဆက်သစ်တို့၏ ပဓာနတာဝန်. . .



# နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အလှူငွေများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၃၀**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ကျင်းပရာ ရန်ကုန်မြို့ ဝါးတန်းလမ်း ဆန်ကုန်စည်ဒိုင်က လှူဒါန်းငွေကျပ် ၆၃ သိန်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့်အဖွဲ့က လှူဒါန်းငွေကျပ် သုံးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်) နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် လုပ်ငန်းခွဲအလိုက် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ဌာနဆိုင်တာဝန်ရှိသူများ၊ အသင်းစုချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဦးကျော်လွင်က အခြေခံသမဝါယမအသင်းများ၊ မြို့နယ်အသင်းစုများ၏ စံနမူနာပြုအသင်းစုအဖြစ် လုပ်ငန်းများကို တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်းပြောကြားပြီး အသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဇော်မင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အသင်း၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချေးငွေလချုပ်စာရင်းပေးပို့မှုနှင့် ချေးငွေပေးဆပ်မှု အကောင်းဆုံးဆု၊ ငွေစုငွေချေးလုပ်ငန်းခွဲ၌ အသင်းအဖွဲ့ဌာနအလိုက် အသင်းသားအများဆုံးနှင့် ချေးငွေပေးဆပ်မှု အကောင်းဆုံးဆု၊ ဦးဆောင်စည်းရုံးမှု အကောင်းဆုံးပုဂ္ဂိုလ်ဆု၊ ချေးငွေပေးဆပ်မှု အကောင်းဆုံးပုဂ္ဂိုလ်ဆု၊ အစုငွေနှင့် စုဆောင်းငွေအများဆုံးပုဂ္ဂိုလ်ဆု၊ မြသဇင်အသေးစားချေးငွေလုပ်ငန်းခွဲမှ ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့်အသင်းသားများ၏ သားသမီးများအား ဆုများအသီးသီးပေးအပ်ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**






# ပြည်တွင်းအခွန်များဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် အခွန်ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တွင်းအခွန်များဦးစီးဌာနက အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် ပြည်တွင်းအခွန်များဦးစီးဌာန (၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အခွန်ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်"ဆိုသည့် အခွန်ပညာပေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်းပြီး ပြည်တွင်းအခွန်များဦးစီးဌာန ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုက "ကျွန်တော်တို့ဌာနမှာ အဓိကကဏ္ဍ ငါးရပ်ဖြစ်တဲ့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်းဆုခွန်နဲ့ တံဆိပ်ခေါင်းခွန်တို့က ရတာပါ။ အောင်ဘာလေသိန်းဆုခွန်ဆိုတာက ထီရောင်းရတဲ့ငွေအပေါ်ကရတာပါ။ ဒါကတော့ ပုံမှန်အနေအထားကရတာပါ။ ရခိုင်မှာ အခွန်အများဆုံး ကောက်ခံရရှိတာကတော့ ဝင်ငွေခွန်နဲ့ ကုန်သွယ်လုပ်ငန်းခွန်ကနေ အဓိကရရှိတာပါ"ဟု ပြောသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း - ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**
**ဓာတ်ပုံ - ဝင်းမင်းစိုး(ပြန်/ဆက်)**

# နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့်ပြည်သူများအား ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် အလှူရှင်များက စားနပ်ရိက္ခာများထောက်ပံ့

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာဦးဆောင်၍ မေတ္တာအရိယာန် ဖောင်ဒေးရှင်းအဖွဲ့မှ အလှူရှင်များသည် မောင်တောခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များနှင့် နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား ယနေ့ မွန်းလွဲပိုင်းက အစားအစာ၊ အဝတ်အထည်နှင့် အလှူငွေများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ဒေါက်တာချမ်းသာနှင့်အဖွဲ့သည် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးသို့ သွားရောက်ကာ ပြည်သူလူထုက အသိအမှတ်ပြုသည့် အနေဖြင့် လှူဒါန်းသည့် လက်ဖက်၊ ငါးနီတူခြောက်၊ ခေါက်ဆွဲခြောက်စသည့် ရိက္ခာခြောက်များကို ထောက်ပံ့ပေးအပ်ရာ ရဲမှူးချုပ် သူရစန်းလွင်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာရှိ ရွာမဘုန်းကြီးကျောင်းစုရပ်တွင် ရွာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလထံ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး နေရပ်မစွန့်ခွာဘဲနေထိုင်လျက်ရှိသည့် ကျေးရွာများမှ ပြည်သူများအား လက်ဖက်၊ ငါးနီတူခြောက်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ ဖိနပ်များ၊ အစားအသောက်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်သည်။


**ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးနှင့် မေတ္တာအရိယာန်ဖောင်ဒေးရှင်းမှ အလှူရှင်များက ရန်အောင်မြင်ကျေးရွာတွင် စားနပ်ရိက္ခာနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းစဉ်။**

ယနေ့လှူဒါန်းမှုနှင့်ပတ်သက်၍ မေတ္တာအရိယာန်ဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဦးစံကျော်က "ကယ်ဆယ်ရေးစခန်းတွေမှာ လှူဒါန်းတာတွေများတယ်။ ထွက်မပြေးဘဲ လက်ရှိနေထိုင်တဲ့လူတွေအတွက် လှူဒါန်းမှုတွေက နည်းတယ်။ အဲဒီအတွက် အခုလို ရွာတွေကို လိုက်လံလှူဒါန်းရခြင်းဖြစ်ပါတယ်။ ငွေသားက တစ်အိမ်ထောင်လျှင် ကျပ် ၁၅၀၀၀ နှုန်းပေးပါတယ်။ စုစုပေါင်း ပစ္စည်းတန်ဖိုးရော ငွေသားရော ငွေကျပ် သိန်း ၃၀၀ ဖိုးလောက်ရှိပါတယ်။ ငွေသားပေးအပ်လှူဒါန်းမှုအပိုင်းမှာတော့ အိမ်ထောင်စုက တိုးလာရင်လည်း တိုးလာမယ်၊ လျော့သွားရင်လည်း လျော့သွားနိုင်တာတွေလည်း ရှိလာနိုင်ပါတယ်။ အားလုံးပေါင်း ခုနစ်ရွာ၊ ရှစ်ရွာလောက် သွားရောက်လှူဒါန်းဖို့ရှိပါတယ်။ တချို့ရွာတွေက အိမ်ခြေ ၇၀ ရှိတယ်ဆိုရင် အိမ်ပဲရှိပြီး ထွက်ပြေးသွားတဲ့လူတွေလည်းရှိမယ်။ တခြားနယ်တွေက ဝင်လာတာလည်းရှိမယ်။ အဲဒီအတွက် လှူဒါန်းငွေနဲ့ ပတ်သက်ပြီးတော့ အတိအကျပြောလို့မရသေးပါဘူး"ဟု ပြောသည်။

မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒေသနေပြည်သူများ အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်သူများရှိသကဲ့သို့ နေရပ်စွန့်ခွာခြင်းမရှိဘဲ ဆက်လက်နေထိုင်လျက်ရှိသည့် ပြည်သူများလည်းရှိနေသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးဦးဆောင်၍ မေတ္တာအရိယာန်ဖောင်ဒေးရှင်းက နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာနှင့် ရန်အောင်မြင်ကျေးရွာတို့ရှိ ပြည်သူများအား သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သန့်ဇင်ဝင်း၊ နိုင်လင်းကြည်)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များထောက်ပံ့



**စစ်တွေ စက်တင်ဘာ ၃၀**

စစ်တွေမြို့နှင့် မောင်တောမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၃၀၀၀ အား သွားရောက်လှူဒါန်းရန် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စစ်တွေမြို့ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၃၀၈ ဦးအတွက် ဆန်အိတ် ၃၀၊ ဓမ္မာရာမ ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၂၆၅ ဦးအတွက် ဆန်အိတ် ၃၀၊ မရာမာကြီးဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၃၃၈ ဦးအတွက် ဆန်အိတ် ၃၀၊ ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်း **(ယာပုံ)**ရှိ အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၄၈၆ ဦးအတွက် ဆန်အိတ် ၅၀၊ ဓညဝတီ အားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၀၆ စု၊ လူဦးရေ ၆၈၆ ဦးအတွက် ဆန်အိတ် ၇၀ တို့ကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံစဉ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က မောင်တောဒေသအတွင်း ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးတို့ကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား အားပေးစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား ဆက်လက်ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

■

# မောင်တောမြို့နယ် လောင်းဒုံရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဒေသခံဆရာတစ်ဦး၏ သင်ကြားပေးမှုဖြင့် ဆက်လက်ဖွင့်လှစ်

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဩဂုတ် ၂၅ ရက်မှစ၍ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်ခံရပြီးနောက် ကျေးရွာများရှိ အခြေခံပညာကျောင်းများအား ပိတ်ထားလျက်ရှိသော်လည်း လောင်းဒုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဒေသခံတိုင်းရင်းသားကျောင်းဆရာ တစ်ဦးဖြစ်သည့် ဦးမဲချေက ဝေဠုကျော်ဖောင်ဒေးရှင်း၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆက်လက်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



"သူငယ်တန်းကနေ လေးတန်းအထိရှိပါတယ်။ ဆရာ ဆရာမတွေ အကုန်လုံးက အရေးအခင်းဖြစ်တာကြောင့် ပြောင်းသွားပြီ။ မောင်တောတို့ စစ်တွေတို့ ရောက်သွားကြပြီ။ အခု ကျောင်းသား ၁၂၉ ဦးရှိပါတယ်။ ဘင်္ဂါလီကျောင်းသားတွေနဲ့ဆိုရင် ကျောင်းသားအားလုံး ၈၀၀ ကျော်ရှိပါတယ်၊ ဘင်္ဂါလီကျောင်းသားတွေက အခုမရှိဘူး။ ကျွန်တော် ဒီကျောင်းမှာ သင်ပေးတာ လေးနှစ်ရှိပါပြီ။ အခု အရေးအခင်းဖြစ်တဲ့အတွက်ကြောင့် ကျောင်းဖွင့်ရက်မှာ ကျောင်းပျက်တဲ့အတွက် ဝေဠုကျော်ဖောင်ဒေးရှင်းနဲ့ စာရေးဆရာ ဝေဟင်အောင်တို့က တစ်လကို ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးပါတယ်။ ခုနစ်ရက်ရှိပြီ တစ်ယောက်တည်း သင်ပေးနေတာ။ ဆရာ ဆရာမတွေက ကြောက်လို့မလာကြဘူး"ဟု ဦးမဲချေက ပြောသည်။

"ကျွန်တော့်ခံစားချက်က ကလေးတွေ ပညာမသင်ရတဲ့အတွက်ကြောင့် စိတ်အားငယ်ပါတယ်။ ပညာမတတ်ချင်တဲ့လူဆိုတာဘဝရဲ့ရည်မှန်းချက်ကို မရောက်တော့ဘူး။ အဲဒါကြောင့်မို့ စိတ်အားငယ်မိသလို သူတို့ကလည်း စိတ်အားငယ်တယ်။ အဲဒါကြောင့် ကိုကျော်ဝင်းနဲ့ ကိုဝေဟင်အောင်တို့ ပူးပေါင်းပြီး ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ဒီနေ့အထိ ရပ်တည်နိုင်ခဲ့တာပါ။ ကျွန်တော်လည်း ဝမ်းသာပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

"ဒီကျောင်းသားတွေထဲမှာ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ မရမာ၊ ဗမာ၊ ပလောင်၊ ကရင်လူငယ်လေးတွေပါတယ်။ သူငယ်တန်းက ၄၈ ဦး၊ ပထမတန်းက ၃၆ ဦး၊ ဒုတိယတန်းက ၁၉ ဦး၊ တတိယတန်းက ကျောင်းသားမရှိဘူး၊ စတုတ္ထတန်းက ၂၄ ဦး၊ ပဉ္စမတန်းက နှစ်ဦးပဲရှိတယ်။ သူတို့က ဒီလောင်းဒုံရွာကပဲ။ ဒီနားမှာ ရဲကင်းလည်း ရှိပါတယ်"ဟု စာသင်ကျောင်းတွင် လာရောက်စောင့်ကြည့်ပေးသည့် ဒေသခံ ကိုကျော်ဝင်းက ပြောသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

○ **ကျောဖုံးမှ**

တောင်ဘက်နှင့် မြောက်ဘက်စောင်းတန်းများသည် အရှည်ပေ ၃၆၀ ရှိပြီး အကျယ်မှာ ဆိုင်ခန်းများအပါအဝင် ပေ ၅၀ ကျယ်သည်။ အရှေ့ဘက်နှင့် အနောက်ဘက်စောင်းတန်းများသည် အရှည် ပေ ၂၀၀ ရှိ၍ ပေ ၅၀ ကျယ်ကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးကျော်ဝင်းက ပြောသည်။

"ဗုဒ္ဓပူဇနိယပွဲတော်ကြီးနဲ့အတူ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ကျင်းပတာ (၁၂၉)ကြိမ်ရှိပါပြီ။ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၃ ရက်မှ ၁၂ ရက်ထိ ကျင်းပပြီးတော့ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၈ ရက်) နံနက်မှာ ပင့်သံဃာအပါး ၂၁၆၀ ကို ဆွမ်းသပိတ်လောင်းလှူပြီး နဝကမ္မအလှူငွေ နှစ်သောင်းကျပ်စီ ကပ်လှူသွားမှာပါ၊ ထူးခြားတာက အရင်က မြောက်ဘက်စောင်းတန်းမှာသာ ဈေးဆိုင်ခန်းတွေရှိခဲ့ပေမယ့် အခုစောင်းတန်းလေးခုလုံးမှာ ဈေးဆိုင်ခန်းတွေနဲ့ စည်ကားအောင်ပြုလုပ်ထားပါတယ်။ စောင်းတန်းလေးခုလုံး စုစုပေါင်းဆို ဈေးဆိုင်ပေါင်း ၁၂၆ ဆိုင်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစောင်းတန်းများဖွင့်ပွဲကျင်းပခဲ့ပြီး စောင်းတန်းများတွင် နိဗ္ဗာန်ကုန်အရောင်းဆိုင်၊ ထိုးမုန့်၊ ဇလမုန့်ဆိုင်၊ ကြေးသွန်းပစ္စည်းအရောင်းဆိုင်၊ ပိုးထည်ချည်ထည်၊ ကျောက်မျက်ပန်းချီဆိုင်၊ ကျောက်မျက်ရတနာဆိုင်၊ သင်္ကန်းဆိုင်၊ ပန်းပုဆိုင်၊ မုန့်ပေါင်ဆိုင် အစရှိသည့်အရောင်းဆိုင်ပေါင်း ၁၂၆ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❋ **Miss မှ**

အဆိုပါ အလှမယ်ပြိုင်ပွဲတွင် မယ်စကြဝဠာအဖွဲ့အစည်းမှ ချီးမြှင့်သည့်ဆုများအပြင် ပံ့ပိုးသည့် ကုမ္ပဏီများဖြစ်သည့် Lux Shower Cream မှ ချီးမြှင့်သည့် Miss Soft Touch ဆုကို စစ်တွေ အလှမယ် ကေခိုင်က လည်းကောင်း၊ Sunsilk Shampoo မှ ချီးမြှင့်သည် Miss Beauty Hair ဆုကို မြစ်ကြီးနားမှ အလှမယ် Roslynn က လည်းကောင်း၊ Pond မှ ချီးမြှင့်သည့် Miss Pinkish White ဆုကို မိုးကုတ်မှ အလှမယ် ဆုရိုနှိုင်းက လည်းကောင်း၊ Ve Ve Soft Drink မှ ချီးမြှင့်သည့် Miss Body Perfect ဆုကို မြဝတီမှ အလှမယ် နန်းထက်ထက်လင်းက လည်းကောင်း၊ Miss Famous ဆုကို မင်းဘူးမှ အလှမယ် အိမ့်သက်မှူးက လည်းကောင်း ဆုများအသီးသီး ရရှိခဲ့ကြသည်။

Miss Universe Myanmar 2018 သရဖူ ရရှိသူ အလှမယ် နှင်းသွေးယုအောင်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် မယ်စကြဝဠာပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး Miss Grand Myanmar 2018 သရဖူ ရရှိသူ အလှမယ် ဆုမြတ်ဖူးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် Miss Grand International 2018 ပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မယ်စကြဝဠာပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၅၂ ခုနှစ်မှ စတင်ခဲ့ပြီး မြန်မာနိုင်ငံမှ ၁၉၅၉၊ ၁၉၆၀၊ ၁၉၆၁ ခုနှစ်များတွင် အလှမယ်များ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ မည်သူမျှသွားရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ၂၀၁၃ ခုနှစ်တွင် မယ်စကြဝဠာကို မြန်မာအဖွဲ့အစည်းမှ အလှမယ်မိုးစက်ဝိုင်က ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ ခုနှစ်တွင် မေဘရဏီသော်၊ ၂၀၁၆ ခုနှစ်တွင် ထက်ထက်ထွန်းတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတကာ Miss Universe ပြိုင်ပွဲကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံ လတ်ဗီးဂတ်စ်မြို့၌ ကျင်းပမည်ဖြစ်ရာ Miss Universe Myanmar 2017 အလှမယ် ဇွန်သံစဉ်က သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-အေးမင်းသူ**

■



## ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၂၈ ရက်က ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရာ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အမှာစကားပြောကြားပြီး ကဝမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာဖြူဖြူဝင်းက ခွေးရူးရောဂါများအကြောင်း ပညာပေးဟောပြောကာ တက်ရောက်လာသော ပြည်သူများ၏ ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

**(သတင်းစဉ်)**



## ဖျာပုံ၌ မူလတန်းကြိုကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ကလေးငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ဖျာပုံ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် တက်ရောက်လျက်ရှိသော ကလေးငယ်များ ဉာဏစွမ်းရည် ထက်မြက်စေရေးအတွက် ရည်ရွယ်ကျင်းပသည့် ဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဖျာပုံမြို့ မူလတန်းကြိုကျောင်း၌ ကျင်းပရာ မူလတန်းကြိုကျောင်းသား ကျောင်းသူ ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"အဓိကက ကျွန်မတို့ လူမှုဝန်းထမ်းကျောင်းတွေအနေနဲ့ တစ်နှစ်စာစီမံချက်ရေးဆွဲထားပါတယ်။ အဲဒီအထဲမှာ ကလေးတွေ ဉာဏစွမ်းရည်ထက်မြက်စေဖို့ တစ်နှစ်ကိုတစ်ကြိမ် ကလေးငယ်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်မယ့် သီချင်းဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတွေကို အလေးထားကျင်းပပေးနေခြင်းဖြစ်ပါတယ်"ဟု မူလတန်းကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က ပြောသည်။

အဆိုပါဉာဏစွမ်းရည်ပြိုင်ပွဲများအဖြစ် တစ်ဦးချင်းနှင့် အဖွဲ့လိုက် ကဗျာရွတ်၊ ပုံပြော၊ သီချင်းဆိုပြိုင်ပွဲများကျင်းပခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **သူဇာနွယ်(ဖျာပုံ)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့ အောင်ဆန်းရပ်ကွက်ရှိ ကန်ဦးပရိယတ္တိစာသင်တိုက် နှစ်ထပ်ဝိဇ္ဇာကျောင်းဆောင်ကြီး၌ စက်တင်ဘာ ၃၀ ရက် နံနက်က အောင်ပြည့်ဖြိုးဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဝန်ထမ်းမိသားစုများ စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ရာ အမျိုးသားသွေးဌာန(ရန်ကုန်)မှ ဒေါက်တာ စောယုယုအောင်၊ ဒေါက်တာ ကြူကြူဆွေနှင့် ဆေးဝန်ထမ်းများက ပူးပေါင်းကူညီဆောင်ရွက်ပေးစဉ်။** (ကြေးမုံ)



**(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့နယ်ရဲတပ်ဖွဲ့မှ ကောလင်းမြို့ ပြည်သူ့ဆေးရုံနှင့် အထက(၁)ကျောင်းတွင် ချုံနွယ်များ၊ ရေမြောင်းများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** အေးအေးမြင့်(ပြန်/ဆက်)



**(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး ဦးဆောင်၍ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ ရဲစခန်းအသီးသီးမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက်က ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ မြို့နယ်ဆေးရုံဝင်းအတွင်း စုပေါင်း၍သန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ်။** ကိုလွင်(ဆွာ)

## အာဆီယံဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိဗိမာန်တော်ကြီး၌ စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီ က အာဆီယံဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလဗိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာတော်ထံမှ ဩဝါဒကထာနာယူခဲ့ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်) ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းကြပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ် ဩဝါဒအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

## စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားဖြစ်ကြက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အဓိကကျသည့် မူဝါဒနှစ်ခုဖြစ်သည့် ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဝင်ငွေတိုးတက်စေရန်အတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိသလို စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် ဈေးကွက်တွင် ကြက်ဥ၊ ကြက်သား ဈေးနှုန်းကျဆင်းပြီး ကြက်မွေးမြူရေးလုပ်ငန်းတွင် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် ကြက်မွေးမြူထုတ်လုပ်ရေးနယ်ပယ်အတွင်း တည်ငြိမ်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဝိုင်းဝန်းအဖြေရှာကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းနှင့် တက်ရောက်လာကြသူများက ကြက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်လိုသော ထုတ်လုပ်မှုဆိုင်ရာ အဆိုပြုလုပ်ငန်းစဉ်များ၊ ဈေးကွက်တည်ငြိမ်ရေးဆိုင်ရာ အဆိုပြုလုပ်ငန်းစဉ်များ၊ မူဝါဒဆိုင်ရာ အဆိုပြုလုပ်ငန်းစဉ်များအား ဝိုင်းဝန်းဆွေးနွေးကြပြီး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရွေးချယ်၍ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ စုဖွဲ့ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## တောင်နဝင်းဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများ ကြည့်ရှုလေ့လာ

**ပြည် စက်တင်ဘာ ၃၀**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)မှ JICA ODALOAN ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ဆည်ရေသောက် စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(BWID) ရှိ တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းသို့ ဂျပန်နိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးမှု အတိုင်ပင်ခံအသင်းမှ Mr. Shozo Ohiri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက်က ရောက်ရှိပြီး တောင်နဝင်း ရေထိန်းတမံရှင်းလင်းဆောင်တွင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပြုပြင်ဆောင်ရွက်နေမှုအပိုင်းများ၊ ပြုပြင်ဆောင်ရွက်နေသည့် အစီအစဉ်များကို လေ့လာဆွေးနွေးကြသည်။

ထို့နောက် လက်တံတူးမြောင်းအမှတ်(၃)တွင် ဆည်ရေသောက် တောင်သူများနှင့်တွေ့ဆုံပြီး တူးမြောင်းမကြီးတစ်လျှောက် Branch No(1) အထိ လုပ်ငန်းဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အခြေအနေများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

**(ယမန်နေ့မှအဆက်)**

ပညာရေးတက္ကသိုလ်/ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို "ဆရာ့တန်ဖိုးမြှင့်တက်မှ ပညာလောကလွန်လှပ"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မောင်အောင်အောင်ဦး ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း မိတ္ထီလာပညာရေးကောလိပ်၊ ဒုတိယဆုကို မခင်ငြိမ်းချမ်း ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း ရန်ကင်းပညာရေးကောလိပ်နှင့် တတိယဆုကို မခင်စန္ဒာစိုး ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ဘားအံပညာရေးကောလိပ်တို့က လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "နိုင်ငံ့သားကောင်းဖြစ်ထွန်းရေး ဆရာတိုင်းကလမ်းညွှန်ပေး"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မောင်ပြည့်စုံဖြိုး နဝမတန်း ချောင်းဆုံ- အခြေခံပညာအထက်တန်းကျောင်း ချောင်းဆုံမြို့နယ် မွန်ပြည်နယ်၊ ဒုတိယဆုကို မချောစန္ဒီထိုက် အဋ္ဌမတန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကလောမြို့နယ် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တတိယဆုကို မယမင်းစည်သူ နဝမတန်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းမြို့နယ် ကချင်ပြည်နယ်တို့ကလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "နိုင်ငံ့သားကောင်းဖြစ်ထွန်းရေး ဆရာတိုင်းကလမ်းညွှန်ပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မမိုးပြည့်သာ သတ္တမတန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို နန်းသန္တာအေး သတ္တမတန်း ရွှေဂွန်း- အခြေခံပညာ အထက်တန်းကျောင်း လှိုင်းဘွဲ့မြို့နယ် ကရင်ပြည်နယ်နှင့် တတိယဆုကို မထက်ထက်ထွန်း သတ္တမတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း မြစ်ကြီးနားမြို့နယ် ကချင်ပြည်နယ်တို့က ရရှိသည်။

ပညာရေးတက္ကသိုလ်/ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို "ဆရာတိုင်းကထုဆစ်ကြ၊ နိုင်ငံ့သားကောင်းဘဝ"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မောင်နိုင်ရဲလွင် ဒုတိယနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း ပြည်မြို့ပညာရေးကောလိပ်၊ ဒုတိယဆုကို မဟန်နီလွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မြစ်ကြီးနားပညာရေးကောလိပ်နှင့် တတိယဆုကို မောင်အောင်ကိုလင်း လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မိတ္ထီလာပညာရေးကောလိပ်တို့ကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို "အနာဂတ်လမ်းညွှန်၊ ဆရာမွန်"ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မအက်စတာခင်ဆန်းဦး နဝမတန်း အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဟားခါးမြို့နယ် ချင်းပြည်နယ်၊ ဒုတိယဆုကို မသန့်ကြည်စင်အောင် အဋ္ဌမတန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မုဒုံမြို့နယ် မွန်ပြည်နယ်နှင့် တတိယဆုကို မဖူးပွင့်ဝေ အဋ္ဌမတန်း မိုင်းယန်း- အခြေခံပညာအထက်တန်းကျောင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို "အနာဂတ်လမ်းညွှန်၊ဆရာမွန်"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မနှင်းပွင့်မောင် သတ္တမတန်း ဗောဓိရက္ခ- အခြေခံပညာအလယ်တန်းကျောင်း ကြို့ပင်ကောက်မြို့နယ် ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ဒုတိယဆုကို မောင်ရှင်းသန့်အောင် ဆဋ္ဌမတန်း အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမြို့နယ် နေပြည်တော်နှင့် တတိယဆုကို မမဏိစန္ဒာ သတ္တမတန်း နမ့်ကွတ်-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) လွိုင်ကော်မြို့နယ် ကယားပြည်နယ်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုကို မောင်တွယ်တာလင်း စတုတ္ထနှစ် ခာတုဗေဒ မြိတ်တက္ကသိုလ်၊ ဒုတိယဆုကို မောင်အောင်မျိုးထွဋ် ဒုတိယနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း မန္တလေးပညာရေးကောလိပ်နှင့် တတိယဆုကို မောင်သူရပိုင်စိုး စတုတ္ထနှစ် မြို့ပြ ပုသိမ်နည်းပညာတက္ကသိုလ်တို့က ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၄ ရက်တွင် အစမ်းလေ့ကျင့်ရမည်ဖြစ်၍ အောက်တိုဘာ ၃ ရက်(အင်္ဂါနေ့)အရောက် ဒေါ်မြင့်ဝင်း ညွှန်ကြားရေးမှူး ဖုန်း-၀၉-၂၅၄၈၇၁၀၈၉၊ ဦးကျော်ထွန်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၇၉၇၅၆၁၇၁၈ နှင့် ဦးမောင်မောင်လွင် ဦးစီးအရာရှိ ဖုန်း-၀၉-၄၄၈၅၃၅၈၇၅ တို့ထံသို့ မပျက်မကွက် ရောက်ရှိကြောင်း သတင်းပို့ပြီး နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) တိုက် အတွဲ-၄(Cluster-4) တိုက်(၈)(၉)(၁၀)တွင် လူကိုယ်တိုင် ရောက်ရှိ(မပျက်မကွက်)တည်းခိုနေထိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

# စစ်တောင်းမြစ်ကမ်းပါးပြိုကျသဖြင့် ရွာတန်းရှည်ရွာရှိ ရှေးဟောင်းသိမ်ပြိုကျပျက်စီး

**တောင်ငူ စက်တင်ဘာ ၃၀**

စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေ မြင့်တက်လာခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ သီးနှံစိုက်ခင်းများနှင့် ကျေးရွာများစွာ ရေလွှမ်းမှုဒဏ် ရက်ရှည်ခံစားကြရသည်ကို မြင်တွေ့ခဲ့ရသည်။



မြစ်ရေပြန်လည်ကျဆင်းချိန် တွင် ဖြစ်ပွားလေ့ရှိသော ကမ်းပါးပြိုကျမှုများကြောင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ရွာတန်းရှည်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသိမ်မှာ ပြိုကျပျက်စီးသွားခဲ့ပြီး အဆောက်အအုံ၏ အစိတ်အပိုင်းအတော်များများမှာ မြစ်ထဲသို့ကျသွားခဲ့ကြောင်း ရွာတန်းရှည်ကျေးရွာ ဒေသခံများက ပြောသည်။

အဆိုပါ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ စစ်တောင်းမြစ်ဘေး ကာကွယ်ရေး ကမ်းရင်းတာဟောင်းနှင့် စစ်တောင်းမြစ်အကြား၌ မြစ်ကမ်းနှင့် နီးကပ်စွာ တည်ရှိ၍ မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျမှုကြောင့် ဒေသခံများအနေဖြင့် သိမ်တော် အဆောက်အအုံကို ပြောင်းရန် ကြိုးစားခဲ့ကြသော်လည်း ဆရာတော်ကြီးများက သိမ်ဆိုသည်မှာ မဖျက်ကောင်းဟု မိန့်ကြားခဲ့သည့်အတွက် စိတ်မကောင်းစွာ ထိုင်ကြည့်နေရကြောင်း ဒေသခံများက ဆက်လက်ပြောကြားသည်။

စစ်တောင်းမြစ်ရေ မြင့်တက်မှုဒဏ်ကို နှစ်စဉ်လိုလို ကြုံတွေ့နေရသည့် ရွာတန်းရှည်ကျေးရွာ၏ အထက်ဘက်၌ အင်္ဂလိပ်အက္ခရာ "U" ပုံသဏ္ဌာန်ဖြစ်နေပြီး အထက်ပိုင်းမှ စီးဆင်းလာသော မြစ်ကြောင်းနှင့် အောက်ဘက်သို့ စီးဆင်းသွားသည့် မြစ်ကြောင်းမှာ လက်တစ်ကမ်းအကွာသာရှိသည့်အတွက် အဆိုပါနေရာမှ မြစ်ကြောင်းချိုးပေးလိုက်ခြင်းအားဖြင့် ရွာတန်းရှည်ကျေးရွာမှာ ရေတိုက်စားမှုသက်သာ သွားနိုင်သော်လည်း အောက်ပိုင်းကျေးရွာများက ကန့်ကွက်မှုများရှိနေ၍ လုပ်ကိုင်ခွင့်မရကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

"မြစ်ကမ်းပြိုတာကတော့ မြစ်ရေပြန်ကျရင်ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကျေးရွာတွေကို မြစ်ရေဝင်မှုသက်သာအောင် မြစ်ကမ်းတာတွေဆောက်ပေးတယ်။ အရန်ပန်းတာလည်း ဆောက်ထားပါတယ်။ ဒီနှစ်ကမြစ်ရေတက်ချိန် ကြာမြင့်တဲ့အတွက် ကျွန်တော်တို့ဆီက ဝန်ထမ်းတွေ အလှည့်ကျစောင့်ကြည့်ပြီး မြစ်ရေအတက်အကျကို အချိန်နဲ့တစ်ပြေးညီ သတင်းပို့ရတာတွေရှိပါတယ်"ဟု တောင်ငူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းတင်က ပြောသည်။

**ကိုလွင်(ဆွာ)**

# သာကြီးတောင် စံပယ်ရေနံမြေ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား



**ပခုက္ကူ စက်တင်ဘာ ၃၀**

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၁၂)ရပ်ကွက် အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ ဦးထွန်းသိန်း၏ ယာမြေအတွင်း သာကြီးတောင်စံပယ်ရေနံမြေမှ ကျွန်းချောင်းဓာတ်ငွေ့စက်ရုံသို့ ပို့လွှတ်သော သာကြီးတောင်စံပယ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း နှစ်နေရာသည် ယနေ့ နံနက် ၉ နာရီက ယိုစိမ့်မှုဖြစ်ပွားသည်။

အဆိုပါဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်ရာနေရာသို့ ကမ္မမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ အမှတ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြို့ဦး၊ အရန်မီးသတ်တပ်ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သာကြီးတောင်စံပယ်ရေနံမြေမှ စက်မှုကျွမ်းကျင်ဝန်ထမ်းများက ဓာတ်ငွေ့ယိုစိမ့်သောပိုက်လိုင်းများ ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(ချယ်လူလေး )**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ စက်တင်ဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၂ စီး၊ သွင်းကုန် ၇၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၈၇ သန်းခန့်)သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ၁၂ ဘီးယာဉ်ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ID/



IL တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Refrigerator (One Door) 2 U, (Two Door) 3 U,Washing Machine (Fully) 7 U,15"Speaker 8 U (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၄၇ သန်းခန့်)ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

သပိတ်ကျင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် နံနက် ၃ နာရီက သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာနေ ဝင်းနိုင်(ခ)ကုလား၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၆ ပြားကိုလည်းကောင်း၊ အလားတူ ယနေ့နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် သန်းထွန်း(ခ)အားဝေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၂၈ ရက် ည ၇ နာရီခွဲက နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်လင်းကျေးရွာနေ မအေးယုံ **(ဝဲပုံ)**၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၅၁ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ"ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့်ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ×၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။
(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။
(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။
(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းငါးသောင်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် အထူးဆု ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ဦး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (ယာဉ်+ကုန်)တန်ချိန်တိုးမြှင့်ပေးခြင်းနှင့် ကောက်ခံနှုန်းထား ပြောင်းလဲကောက်ခံခြင်း ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် ဖြတ်သန်းလျက်ရှိသော ကုန်တင်ယာဉ်များအနက် ကျေးလက်ဒေသအတွင်း ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုလျက်ရှိသော DUMP TRUCK ယာဉ်အမျိုးအစားမှ FORLAND ယာဉ်ကို က. ည. န မှ အမြင့်ဆုံးခွင့်ပြုပေးသည့် (ယာဉ်+ကုန်) ၁၃ ဒသမ ၆၉ တန်နှင့် (ကတ္တားကွာဟမှု သုည ဒသမ ၉ တန်)အပါအဝင် စုစုပေါင်း ၁၄ ဒသမ ၅၉ တန်ကို တစ်ပြေးညီခွင့်ပြုခဲ့သည်။

ယခုအခါ ဝင်ရိုးနှင့် ဘီးအရေအတွက်အရ (ယာဉ်+ကုန်)တန်ချိန် သတ်မှတ်ခြင်းအမှတ်စဉ် (၆) (ဝင်ရိုးနှစ်ခု၊ ခြောက်ဘီးအုပ်စု)ရှိ အကျုံးဝင်သည့် DUMP TRUCK/ FARM TRUCK ယာဉ်အမျိုးအစားအုပ်စုတွင်ပါဝင်သည့် FORLAND, SKAT, DONGFENG, SINO TRUCK, DAYUN, LIFAN, NJP, CHMC ယာဉ် အစရှိသော ယာဉ်အမျိုးအမည်အမျိုးမျိုးတို့ကို ကျေးလက်ဒေသအတွင်း ကုန်စည်ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်(ယာဉ်+ကုန်) ၁၃ ဒသမ ၆၉ တန်နှင့် (ကတ္တားကွာဟမှုအတွက် သုည ဒသမ ၉ တန် အပါအဝင်) စုစုပေါင်း ၁၄ ဒသမ ၅၉ တန်ထိ တစ်ပြေးညီ ခွင့်ပြုကြောင်းနှင့် ကောက်ခံနှုန်းကိုလည်း Class 6 ကောက်ခံနှုန်းထားမှ Class 8 ကောက်ခံနှုန်းထားသို့ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ပုလောမြို့နယ်၌ မိုးကြိုးစက်ကွင်းမိပြီး လူတစ်ဦးသေဆုံး

**ပုလော စက်တင်ဘာ ၃၀**

မြိတ်ခရိုင် ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ စက်တင်ဘာ ၂၉ ရက် ည ၈ နာရီခန့်က မိုးကြိုးစက်ကွင်းမိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလောမြို့နယ် ကျောက္ကာကျေးရွာနေ ဦးဆွေငယ်နှင့် သားဖြစ်သူ ကိုမင်းမင်းတို့သည် ကျောက္ကာချောင်းအတွင်း ငါးဖမ်းနေစဉ် လျှပ်စီးလက်လာပြီး ကိုမင်းမင်းမှာ လျှပ်စီးစက်ကွင်းမိကာ လဲကျသတိလစ်သွားသည်။ ဖခင်ဖြစ်သူ ဦးဆွေငယ်မှာ ဦးခေါင်းရှိဆံပင်များ မီးကျွမ်းသကဲ့သို့ဖြစ်ကာ ဦးရေပြားဖူးရောင်ပြီး သေဆုံးလျက်ရှိသည်။

ဦးဆွေငယ်သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ပုလောမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပေးပို့ထားပြီး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# ပန်းပဲရှာတွင် အပ်ရောင်းသည့်နှယ် အစွယ်ချွန်၍ နယ်ကျွံရဲသော ရိုးရာလက်ဝှေ့

**ဂျပန်နိုင်ငံ တိုကျိုမြို့ ကိုလကုအန်ခန်းမ၌ Myanmar Media Group နှင့် ILFJ (International Lethwei Federation Japan) တို့ပူးပေါင်းစီစဉ်သည့် Lethwei in Japan- 5 NEXURISE ကို စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက စတင်ကျင်းပခဲ့ရာ အောင်မြင်စွာပြီးဆုံးသွားခဲ့သည်။ ယခုပွဲသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စည်းမျဉ်းစည်းကမ်းများကို နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းမပြုဘဲ စီစဉ်ကျင်းပခဲ့သည့် ပဉ္စမမြောက်ပွဲဖြစ်ပြီး ကိုလကုအန်ခန်းမတွင် စတုတ္ထမြောက်ကျင်းပသည့်ပွဲဖြစ်သည်။ စတုတ္ထမြောက်ပွဲကို ကိုလကုအန်ခန်းမ၌ အခြားတိုက်ခိုက်ရေးပြိုင်ပွဲတစ်ပွဲရှိနေသဖြင့် တိုကျိုဒိုးခန်းမ၌ သွားရောက်ကျင်းပခဲ့သောကြောင့်ဖြစ်သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ရုံပေါင်းများစွာရှိပြီး တိုက်ခိုက်ရေးပြိုင်ပွဲ အမျိုးအစားလည်း စုံလင်သည်။ မြန်မာ့ရိုးရာလက်ဝှေ့မရောက်ရှိမီ နှစ်အတန်ကြာကပင် အခြေကျနေခဲ့သော ပြိုင်ပွဲအမျိုးအစား အတော်များများက ၎င်းတို့၏ အမာခံပရိသတ်ဖြင့် ရပ်တည်နေနှင့်ကြသည့်ကြားထဲသို့ မြန်မာ့ရိုးရာလက်ဝှေ့၏ စိန်ခေါ်ပွဲ စည်းမျဉ်းစည်းကမ်းများကို နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းမပြုဘဲ ရာနှုန်းပြည့် မိမိတို့ခေါင်းစဉ်ဖြင့်သာ သွားရောက်ကျင်းပခြင်းသည် ပန်းပဲရှာသို့ အပ်ရောင်းသွားသည့်နှယ်ဖြစ်နေမည်ဟု ယူဆသူတို့လည်း ရှိပါလိမ့်မည်။**

ထိုဥပမာနှင့်ပတ်သက်၍ ကြားနာမှတ်သားဖူးသော ပုံပြင်တစ်ပုဒ်ရှိသည်။ (ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောကြားခဲ့သည်ဟုထင်ပါသည်) တစ်ရွာလုံး ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးကြပြီး ရွာနီးချုပ်စပ်တွင်သာမက နယ်တစ်ခွင်လုံးတွင် ထိုပန်းပဲရွာထွက်ပစ္စည်းများကိုသာ အားထားနေရသည်။ နာမည်ကျော်သည်နှင့်အမျှ လက်ရာကောင်း၍ ပစ္စည်းအရည်အသွေးကလည်း ကောင်းမွန်လှပေရာ ထိုရွာ၏ ပန်းပဲဖိုထွက်ပစ္စည်းများကို ယှဉ်၍ ဈေးကွက်ဝေစုယူရဲမည့်သူ၊ တစ်နည်းအားဖြင့် အစွယ်ချွန်၍ နယ်ကျွံရဲမည့်သူမရှိတော့ပါ။ ထိုသို့ဖြင့် ကာလရှည်ကြာခဲ့ပြီး တစ်နေ့တွင် လူရွယ်တစ်ဦးက ပန်းပဲရွာကြီးထဲသို့ အစုန်အဆန်လျှောက်ကာ အပ်ရောင်းဖို့ပါကြောင်း ဟစ်ကြွေးကြော်ငြာနေသည်။ ထိုအသံကို ပန်းပဲရွာသူကြီးကြားသောအခါ ထိုလူရွယ်ကိုခေါ်စေပြီး မိမိတို့ ပန်းပဲရွာကြီးထဲသို့ အပ်လာရောင်းရဲလောက်အောင် အသင့်အပ်က မည်မျှကောင်းမွန်နေပါသနည်းဟု မေးမြန်း၏။ လူရွယ်လည်း အဆန်းတကြယ်ပြုလုပ်ထားသော အပ်ဘူးအထပ်ထပ်ထဲမှ အပ်တစ်ချောင်းကို ထုတ်ယူပြသည်။ ထိုသည်ကို မြင်ရသူတိုင်းက ဘာမျှမထူးခြားသည့်အပ်အား မိမိတို့ရွာသို့ လာရောင်းချခြင်းသည် ရှက်ဖွယ်ကောင်းလေစွဟု ရယ်သွမ်းသွေးကြသည်။ ထိုအခါ လူရွယ်က ဤသည်မှာ အပ်မဟုတ်ပါ။ အပ်ထည့်သည့်အိမ်သာ ဖြစ်ကြောင်း ပြောကြားရင်း အပ်အိမ်ကို ဆွဲချွတ်ပြသည်။ ထို့နောက် ထိုမျှလည်း အပ်မဟုတ်သေး အပ်အိမ်သာရှိပါသေးသည်ဟု ပြောဆိုလျက် အပ်အိမ်ခုနစ်ဆင့်ကို ချွတ်ပြီးသည့်နောက်တွင်မှ ဤသည်မှာ အပ်ဖြစ်ပါသည်၊ ကြည့်ကြပါဟုဆိုကာ ပေတုံးပေါ်တွင် အပ်ကိုစိုက်ထောင်၍ တူဖြင့် ရိုက်သွင်းပြလေသည်။ ထိုတွင်မှ ပန်းပဲရွာသူကြီးလည်း သဘောကျကာ သမီးဖြစ်သူနှင့်လက်ဆက်စေ၍ သမက်အရာ ထားလေ၏။

ထိုပုံပြင်ကို ဥပမာထား၍ ပန်းပဲရွာသို့ အပ်သွားရောင်းနိုင်သူများဖြစ်ဖို့ ကြိုးစားကြပါရန်လည်း ဆရာကြီးက တိုက်တွန်းသည်။ ယခုလည်း ကမ္ဘာပေါ်တွင် ကိုယ်ခံပညာနှင့်ပတ်သက်၍ နာမည်ကျော်ကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ပင် ပျံ့နှံ့စေခဲ့ပြီး လက်ရှိလည်း ကိုယ်ခံပညာပြိုင်ပွဲအမျိုးအစားများစွာကျင်းပနေသည့် ဂျပန်နိုင်ငံသို့ နောက်ထပ် ကိုယ်ခံပညာရပ်ပြိုင်ပွဲတစ်ခု၊ တစ်နည်းအားဖြင့် မာရှယ်အတ်ပြိုင်ပွဲအမျိုးအစားတစ်ခု တင်ပို့ရေးဆိုသည်မှာ ပန်းပဲရွာသို့အပ်သွားရောင်းရဲသကဲ့သို့ အစွယ်ချွန်မှ နယ်ကျွံ၍ရမည်သာဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သည် ထိုသဘောမျိုးဖြင့် ဂျပန်နိုင်ငံ မာရှယ်အတ်ပြိုင်ပွဲလောကသို့ ထိုးဖောက်ဝင်ရောက်သွားနိုင်ခဲ့ကြောင်း ယခု စက်တင်ဘာ ၂၈ ရက်က ကျင်းပသည့် Lethwei in Japan 5-NEXURISE ဖြင့် သိသာနေသည်ဟု ဆိုရပေမည်။ စတုတ္ထအကြိမ် သွားရောက်ကျင်းပခဲ့သည့်ပွဲကို တိုကျိုဒိုးခန်းမတွင် စီစဉ်ရခြင်းမှာ ကိုလကုအန်ခန်းမ၌ အခြားမာရှယ်အတ်ပြိုင်ပွဲတစ်ရပ် ကျင်းပနေသောကြောင့်ဟု အစပိုင်း၌ ဆိုခဲ့ပါသည်။ အဆိုပါနေ့၌ မဝေးလှသည့်ရုံနှစ်ရုံ၌ တစ်ပြိုင်နက်ကျင်းပနေသည့် ကိုယ်ခံပညာပြိုင်ပွဲနှစ်ရပ်၏ ပရိသတ်ချင်းနှိုင်းယှဉ်ကြည့်ပါက မြန်မာ့ရိုးရာလက်ဝှေ့၏ အချိန်တိုအတွင်း ဂျပန်နိုင်ငံ၌ အောင်မြင်မှုရရှိနေပုံကို သိသာနိုင်မည်ထင်သည်။

ဂျပန်နိုင်ငံတွင်ကျင်းပနေသော မာရှယ်အတ်ပွဲအတော်များများ၏ ပရိသတ်ဝင်ရောက်မှုနှုန်း တစ်ထောင်ကျော်လျှင် အောင်မြင်သောပွဲဟု သတ်မှတ်ထားကြကြောင်း၊ ၈၀၀ ဝန်းကျင်မျှကိုပင် စီစဉ်သူတို့ ပျော်ရွှင်ကျေနပ်ကြကြောင်း လေ့လာကြားသိရပါသည်။ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသည် ဂျပန်နိုင်ငံတွင် မိမိထက်စော၍ နေရာယူထားသော အခြားပြိုင်ပွဲများနှင့် ထူးမခြားနားပုံစံမျိုးမဟုတ်၊ မိမိတို့ကိုယ်ပိုင်ဟန်ဖြင့် သိသာစွာရပ်တည်နိုင်ကြောင်း ပထမဆုံးအကြိမ် ကျင်းပခဲ့သည့်ပွဲ၌ပင် ဖော်ပြနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ မစ်ဆူအီက ထိုအချက်ကို သဘောပေါက်ကာ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စည်းမျဉ်းစည်းကမ်းဥပဒေများကို ဖြုတ်ပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း လုံးဝမပြုဘဲ



ဇင်လင်းထွန်း ရေးသားသည်

*ကမ္ဘာပေါ်တွင် ကိုယ်ခံပညာနှင့်ပတ်သက်၍ နာမည်ကျော်ကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ပင် ပျံ့နှံ့စေခဲ့ပြီး လက်ရှိလည်း ကိုယ်ခံပညာပြိုင်ပွဲအမျိုးအစား များစွာကျင်းပနေသည့် ဂျပန်နိုင်ငံသို့ နောက်ထပ်ကိုယ်ခံပညာရပ်ပြိုင်ပွဲ တစ်ခု၊ တစ်နည်းအားဖြင့် မာရှယ်အတ်ပြိုင်ပွဲအမျိုးအစားတစ်ခု တင်ပို့ရေး ဆိုသည်မှာ ပန်းပဲရွာသို့ အပ်သွားရောင်းရဲသကဲ့သို့ အစွယ်ချွန်မှ နယ်ကျွံ၍ ရမည်သာဖြစ်သည်။*

ကျင်းပသည့်ပုံစံကိုပင် မြန်မာဘက်မှ တာဝန်ခံ ဦးဝဏ္ဏ(ခ) ဆရာမာဂျေ၏ တောင်းဆိုမှုအတိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သော ရိုးရာလက်ဝှေ့ပွဲတွင် ရန်ကုန်မြို့ သိမ်ဖြူရုံ၌ ကျင်းပသည့် ပုံစံအတိုင်းပင် အုန်းပွဲ၊ ငှက်ပျောပွဲ စုံလင်စွာဖြင့် ဆရာစနေမောင်မောင်၊ ဆရာအောင်သန့်ကိုတို့နှင့်အတူ ဂျပန်နိုင်ငံမှ တာဝန်ခံ မစ္စတာ နာကာမူရာတို့က ရတနာသုံးပါးကန်တော့ခြင်း၊ မြို့တော်ရှင်၊ နယ်တော်ရှင်တင်မြှောက်ခြင်းတို့ကို တိုကျိုမင်္ဂလာဒိုးအဖွဲ့၏ တီးမှုတ်မှုဖြင့် ဆောင်ရွက်ကြသည်။ ရိုးရာလက်ဝှေ့ပွဲကို လေးချိုပွဲ နှစ်ပွဲ၊ ငါးချိုပွဲ လေးပွဲ စုစုပေါင်း ပွဲစဉ် ခြောက်ပွဲဖြင့်ကျင်းပရာ ပွဲစဉ် ငါးပွဲတွင် မြန်မာနိုင်ငံက လိုက်ပါသွားသည့် ရိုးရာလက်ဝှေ့သမားတစ်ခြမ်းပါဝင်သော်လည်း လေးချို ဒုတိယမြောက်ပွဲတွင် ဟာလီဂျက်ဆင်(ဩစတြေးလျ)နှင့် ရာဘု(ဂျပန်)တို့ ယှဉ်ပြိုင်ကြသည်။ ၎င်းတို့နှစ်ဦးစလုံး ၁၀၀ ကီလိုဝိတ်တန်းများဖြစ်ကြသည့်အတွက် မြန်မာ့ရိုးရာလက်ဝှေ့သမားများဘက်တွင် ထိုမျှလူကောင်ထွားသော ကစားသမားမရှိပေ။ သူတို့နှစ်ယောက်ပွဲက ပထမဆုံးပွဲထက်ပင် ပို၍ဆွဲဆောင်အားကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

ပထမပွဲတွင် ဟံသာဝတီသား(အဖြူရောင်သွေးသစ်/မြန်မာ)နှင့် မာကိုတို(ဂျပန်)တို့ တွဲဆိုင်းယှဉ်ပြိုင်ကြသည်။ မာကိုတိုက ဂျပန်နိုင်ငံရှိ မာရှယ်အတ်ပြိုင်ပွဲလောကတွင် အတော်လေးဝါရင့်ပြီး နာမည်ကြီးပုံပေါ်သည်။ ညာလက်သီးလည်း ပြင်းသည်။ သို့ဖြစ်၍ သူ၏တိုက်စစ်ကြောင့် တတိယအချီ ၁ မိနစ် ၄၇ စက္ကန့်တွင် ဟံသာဝတီသား အမှတ်စဉ်အရေခံလိုက်ရပြီး အချီပြည့်ရန် ၁ မိနစ် ၁၁ စက္ကန့်အလို၌ အနားတောင်းလိုက်ရသည်။ အမှတ်စဉ်နှစ်ကြိမ်ဖြစ်သွားသည့် ဟံသာဝတီသားက စတုတ္ထအချီတွင် ထပ်မံအမှတ်စဉ်အရေမခံရစေရန် ခံစစ်လုံအောင်ထိန်း၍ သရေပွဲရယူသွားသည်။

ဒုတိယပွဲတွင် ကီလို ၁၀၀ တန်း ပြိုင်ဘက်နှစ်ဦးဖြစ်ကြသည့် ဟာလီဂျက်ဆင်နှင့် ရာဘုတို့ တိုက်ခိုက်ပုံက ကြောက်ခမန်းလိလိဟုဆိုရမည်။ နှစ်ဦးစလုံးက မြန်မာ့ရိုးရာလက်ဝှေ့ဆိုသည်ကို ယခုပွဲမှ စတင်ထိတွေ့ကြသည်ဆိုသော်လည်း ကြိုတင်လေ့လာထားမှုအရ ခေါင်းတိုက်သတ်ကွက်ကို အပြိုင်အဆိုင်အသုံးပြုကြသည်။ ဒုတိယအချီပြည့်ရန် ၁ မိနစ် ၃၈ စက္ကန့်အလိုတွင် ရာဘု (ဂျပန်) အနားတောင်းလိုက်ရသော်လည်း တတိယအချီ ပြည့်ရန် ၂ မိနစ် ၇ စက္ကန့်အလိုတွင် ရာဘုက ဟာလီဂျက်ဆင် (ဩစတြေးလျ)ကို အလဲထိုးအနိုင်ယူလိုက်သည်။ မြန်မာနိုင်ငံမှ ပရိသတ်များပင် စိတ်ဝင်စားနေသည့် သားအသည်းတစ်ပွင့်(မတ္တရာ/မြန်မာ)နှင့် ပါဝိ(ထိုင်း)တို့ပွဲတွင် ဝါရင့်ကြီးပါဝိက ပြိုင်ပွဲမစတင်မီကပင် ပြိုင်ဘက်ကို အလဲထိုးအနိုင်ရရေးထက် သတ်လုံးသတ်ကွက်အလှအပများဖြင့် ပေါ့ပေါ့ပါးပါးသရေပွဲယူမည့် ဗျူဟာဆင်ခဲ့ပုံရသည်။ သားအသည်းတစ်ပွင့်က အလဲထိုးနိုင်ရေးဗျူဟာကို အလေးထားပုံရသည်။ လက်သီးပြင်းများကို အပိုင်ထိုးဖို့ကြိုးစားသည်။ သို့ရာတွင် ပါဝိက ပါးပါးနပ်နပ်ရှောင်တိမ်းခြင်း၊ ပူးကပ်ဖက်ထားခြင်းများ လုပ်နိုင်သည့်အတွက် သားအသည်းတစ်ပွင့် ထင်တိုင်းမပေါက်ဘဲ သရေပွဲဖြင့်သာ ကျေနပ်လိုက်ရသည်။

ဂျပန်တွင် ကျင်းပသောပွဲတိုင်း မလွတ်တမ်းပါဝင်ကာ ဂျပန်ပရိသတ်များပင် မှတ်မိနေပြီဖြစ်သည့် ဖျံသွေး(ရွှေမိုးထိ/မြန်မာ)က ယခုပွဲတွင်လည်း မှတ်တမ်းတင်ရမည့်အခြေအနေတစ်ရပ်ရရှိသွားပြန်သည်။ ပြိုင်ဘက်ဖြစ်သူ ဟာရေယူရာ(ဂျပန်)က ဖျံသွေး၏ တိကျပါဝါရှိသော ညာလက်သီးအကြောင်း ကြိုတင်သတင်းရရှိထားလောက်သော်လည်း သူ၏ညာဖြောင့်လမ်းကြောင်းကို ကပ်ရှောင်ကာ တစ်ပြိုင်နက်နီးပါးပြန်ထိုး၏။ ညာဖြောင့်ကို မရှောင်နိုင်သည့်အတွက် နောက်သို့ပက်လက်ပစ်ကျကာ အနားတောင်းလိုက်ရသည့်အနေအထားမှ ဆက်လက်ထိုးသတ်ခြင်းမပြုတော့ဘဲ အရှုံးပေးလိုက်ခြင်းဖြစ်သည်။ ပထမအချီ ၃၄ စက္ကန့်မျှသာရှိသေးရာ ပွဲသိမ်း အမြန်ဆုံးစံချိန်တင်လိုက်နိုင်ခြင်းဖြစ်ပေသည်။ ယင်းပွဲအပြီးတွင် **ကိုလကုအန်**ခန်းမ၌ကျင်းပသော ပွဲထုံးစံအတိုင်း ပရိသတ်များအတွက် ခေတ္တအားလပ်ချိန် ၁၀ မိနစ်ပေးသည်။ ပြန်လည်စတင်ချိန်တွင် ယှဉ်ပြိုင်ရသည့်တွဲဆိုင်းကလည်း ပထမအချီမှာပင် ပွဲသိမ်းသွားသည်။ ရန်နိုင်အောင် (တောင်ကလေး/မြန်မာ)က တိုခဲရှိ(ဂျပန်)ကို လက်သီးတွဲလုံးနောက်မှ ခေါင်းတိုက်ချက်ဖြင့် အလဲထိုးအနိုင်ယူသွားသောကြောင့်ဖြစ်သည်။ နောက်ဆုံးပွဲကြီးကိုတော့ ပရိသတ် ငါးချီပြည့်အောင် ကြည့်လိုက်ရသည်။ အသက် ထောက်နေပြီဖြစ်သော လေးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(တွံတေး/မြန်မာ)နှင့် ဟာဆူမိ(ဂျပန်)တို့ ယှဉ်ပြိုင်မှုက နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဆိုသည်မျိုးမဟုတ်သော်လည်း ပရိသတ်နှစ်သက်လက်ခံသည့် သရေပွဲတော့ဖြစ်ခဲ့သည်ဟု ဆိုရမည်။

ဒါရိုက်တာ ကြည်ဖြူသျှင်၏ ဇာတိမြေဇာတ်ကားတွင် ပါဝင်ရိုက်ကူးရာမှ မြန်မာနိုင်ငံတွင် အဝင်းဟု ပရိသတ်သိလာကြသော မြန်ပြည်ဖွား မိုရီဆာကီဝင်းလည်း ရိုးရာလက်ဝှေ့ပွဲကို လာရောက်ကြည့်ရှုအားပေးရင်း ဟံသာဝတီသားနှင့် မာကိုတိုတို့တွဲဆိုင်းကို တက်ရောက်ဆုချီးမြှင့်ပေးသည်။ မိုရီဆာကီဝင်းကဲ့သို့ ဂျပန်အနုပညာနယ်ပယ်တွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရှိထားသူ လူငယ်တစ်ဦးက မြန်မာ့ရိုးရာလက်ဝှေ့ကို တန်ဖိုးထားမြတ်နိုးပြီး ဂုဏ်ယူရမှန်းသိလာခြင်းက ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ပန်းပဲရွာတွင် အပ်ရောင်းသည့်နှယ် ဂျပန်မာရှယ်အတ်ပြိုင်ပွဲလောကသို့ အစွယ်ချွန်၍ နယ်ကျွံနိုင်ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ကတော့ လာမည့် နိုဝင်ဘာ ၁၅ ရက်တွင် Lethwei Grand- Pri-X Japan ဆိုသောခေါင်းစဉ်ဖြင့် ဆဋ္ဌမမြောက်ပွဲအဖြစ် ဆက်လက်ချီတက်ဦးမည်ဟု သိရသည်။

**စက်တင်ဘာ ၃၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီးမီးယားလိဂ် ပွဲစဉ် - ၇**

| | | | | |
|---|---|---|---|---|
| ဟက်ဒါဖီးလ် | ၀ | - | ၄ | စပါး |
| မန်ယူ | ၄ | - | ၀ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၁ | - | ၀ | ဆွမ်ဆီး |
| ဝက်စ်ဘရွန်း | ၂ | - | ၂ | ဝက်ဖို့ဒ် |
| ဘုန်းမောက် | ၀ | - | ၀ | လက်စတာ |
| စတုတ် | ၂ | - | ၁ | ဆောက်သမ်တန် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၇**

| | | | | |
|---|---|---|---|---|
| ရှော်ကေး | ၁ | - | ၁ | လေဗာကူဆင် |
| မိုချန်ဂလာဘတ် | ၂ | - | ၁ | ဟန်နိုဗာ |
| ဖရန့်ဖတ် | ၂ | - | ၁ | စတုဂတ် |
| အော့စ်ဘတ် | ၁ | - | ၂ | ဒေါ့မွန် |
| ဝုဖ်ဘတ် | ၁ | - | ၁ | မိန့်ဇ် |

(ခိုင်ဝင်း)

# တာဝန်ကိုကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့




**ခဲ မောင်သောင်းဝင်း(တမန်ဟောင်း)**

"ရဲသားကြီးကကိုလှရွှေ လူဆိုးဖမ်းဖို့တာဝန်ကျေ၊ ဒို့လုံမေမရင်မြယာဉ်ထိန်းရာတွင်ကျွမ်းကျင်လှ" ဆိုသော စာစုလေးကို မူလတန်းကတည်းကရွတ်ဆိုခဲ့ရသည်။ ယနေ့အချိန်အထိသတိရနေဆဲပင်ဖြစ်သည်။ ငယ်စဉ်က ကျေးလက်ဒေသတွင် ကြီးပြင်းခဲ့ရသောကြောင့် ရဲတပ်ဖွဲ့ဝင်များကိုတွေ့လျှင်ကြောက်ရွံ့စိတ်ဝင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ထိုစဉ်ကရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိကြသေးပါ။ မျက်မှောက်ကာလတွင်မူ ထိုသို့မဟုတ်တော့ပေ။

ရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် များစွာအရေးပါလာလျက်ရှိသည်။ ပြည်သူများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်လည်းဖြစ်လာသည်။ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အတွက် ဂုဏ်ပြုဆောင်းပါးတစ်ပုဒ်လောက် ရေးသားတင်ပြသွားလိုပါသည်။ ထိုသို့ရေးသားတင်ပြရာတွင် ပြည့်စုံမှုမရှိလျှင် စာရေးသူ၏လေ့လာအားထုတ်မှုအားနည်းသောကြောင့်သာဖြစ်ပါသည်။

## သမိုင်းကြောင်း

ရှေးခေတ်မြန်မာဘုရင်များလက်ထက်ကတည်းကပင် မြို့ဝန်နှင့်ရွာသူကြီးများလက်အောက်တွင် ဒေသရဲတပ်ဖွဲ့ကိုဖွဲ့စည်းထားခဲ့သည်။ ထိုစဉ်ကရဲတပ်ဖွဲ့ဝင်များကို စစ်ဘက်အရန်တပ်ဖွဲ့ဝင်များဟုလည်း ခေါ်ဆိုခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့စဉ် ကိုလိုနီတို့က ၁၈၈၅ ခုနှစ်တွင် ၎င်းတို့၏ ရဲတပ်ဖွဲ့စနစ်ကိုစတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဗမာ့ရဲတပ်ဖွဲ့ (Burma Police) ဟုခေါ်ဆိုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့ (People's Police Force)အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ (Myanmar Police Force) အဖြစ်သို့ ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်သည် (၅၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ပင်ဖြစ်သည်။

## ဦးတည်ချက်နှင့်လုပ်ငန်းတာဝန်များ

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ရပ်ရွာသာယာဝပြောရေးလုပ်ငန်းများအားထမ်းဆောင်သွားရန် ဦးတည်ချက်များချမှတ်ထားရှိသည်။ ထိုဦးတည်ချက်များနှင့်အညီ ရာဇဝတ်မှုများအား တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း၊ ငြိမ်ဝပ်ပိပြားမှုကိုထိန်းသိမ်းခြင်း၊ ပြည်သူ့လုံခြုံမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည် (၄) ရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကို ကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကို လိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။

## ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်မျိုးသားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ရောင်းချမှုတို့ကို ချေမှုန်းနိုင်ရေးအတွက် အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့သို့ဆောင်ရွက်ရာတွင် တာဝန်သိပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုသည် များစွာအထောက်အကူပြုလျက်ရှိသည်။ တာဝန်သိပြည်သူများ၏ သတင်းပေးမှုများကြောင့် လွန်ခဲ့သောနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့အပြင် အသိပညာဗဟုသုတနည်းပါးသည့် အချို့သော အမျိုးသမီးငယ်များကိုခြိမ်းခြောက်နေကြသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုများကိုလည်း ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထူးသဖြင့် လူကုန်ကူး ခံရတော့မည့် အမျိုးသမီးငယ်များအား အချိန်မီကယ်တင်ပြီး မိဘများလက်ဝယ်သို့ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးသူငယ်များအား ညှဉ်းပန်းနှိပ်စက်ခံရမှုမှ ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များအား မတော်မတရားပြုကျင့်မှုများကို တားဆီးကာကွယ် စောင့်ရှောက်ပေးလျက်ရှိပါသည်။ လက်ရှိအချိန်တွင် ခပ်စိပ်စိပ်တွေ့လာရသည့် သက်ငယ်မုဒိမ်းမှုများကိုလည်း ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကမ္ဘာကြီးသည် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ရာဇဝတ်မှုများ ထူပြောလာလျက်ရှိသည်။ ထိုရာဇဝတ်မှုများကို နိုင်ငံတကာရဲတပ်ဖွဲ့နှင့် ချိတ်ဆက် ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် တန်ဖိုးရှိသောလူ့အသက်များစွာ ဆုံးရှုံးရလျက်ရှိသည်။ တချို့သောသူများသည် အသက်မဆုံးရှုံးရသည့်တိုင်အောင် ကိုယ်လက်အင်္ဂါချို့ယွင်းသွားရသည်။ ယာဉ်ထိန်းတပ်ဖွဲ့များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်များကို နေ့မနား၊ ညမအားထမ်းဆောင်နေရသည်။ ကျောင်းသား ကျောင်းသူများ၊သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစွာ လမ်းဖြတ်ကူးနိုင်ရေးအတွက် ယဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်ရဲမေများက နေပူမရှောင်၊ မိုးရွာမရှောင် ယာဉ်ကြော ရှင်းပေးနေရသည်။

## စွန့်လွှတ်စွန့်စား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်သာ ထမ်းဆောင်ရသည်ဆိုသော်လည်း နယ်စပ်စခန်းများတွင် အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သည့် သာဓကများစွာရှိနေသည်။ ပူပူနွေးနွေးဖြစ်စဉ်ကိုတင်ပြရလျှင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဘူးသီးတောင်၊ မောင်တောဒေသရှိ ရဲစခန်း ၃၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ကြသည်။ ထိုဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်အချို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးဆပ်သွားခဲ့ရသည်။ လောက်ကိုင်မြို့၌ ဖော်ထုတ်ခဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးသည့် ဖြစ်စဉ်တွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အချို့ အသက်ပေးဆပ်ခဲ့ကြရသည်။

## အတိတ်ကာလနာမည်ဆိုးကိုချေဖျက်လျက်ရှိ

ယခင်ကရဲတပ်ဖွဲ့ဝင်များကို "ငိုစား၊ ရယ်စား" ဟုခေါ်ဆိုခဲ့ကြသည်။ ပျော်ပွဲရွှင်ပွဲနှင့် ဘုရားပွဲတော်များတွင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို ပြုစုခဲ့ရသည်။ ထို့အပြင် ဘုန်းကြီးပျံနှင့် အသုဘအခမ်းအနားများတွင်လည်း ရဲတပ်ဖွဲ့ဝင်များကိုပြုစုခဲ့ရသည်။ အမှုအခင်းဖြစ်မှသာ ရဲတပ်ဖွဲ့များ ရောက်လာတတ်ကြသည်။ တရားခံများ ထွက်ပြေးလွတ်မြောက်သွားမှသာလျှင် ရဲတပ်ဖွဲ့ဝင်များရောက်လာတတ်ကြသည်။ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများတွင်လည်း ရဲတပ်ဖွဲ့သည် တရားခံဖမ်းဆီးရာ၌ အမြဲတမ်းနောက်ကျနေတတ်ပါသည်။

သို့သော် ဒီမိုကရေစီအစိုးရလက်ထက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့် တစ်သားတည်းဖြစ်နေကြပြီဖြစ်သည်။ ကျေးရွာ၊ရပ်ကွက်အတွင်း နေ့၊ ညမပြတ်ကင်းလှည့်တာဝန်ထမ်းဆောင်နေကျပြီ ဖြစ်သည်။ "ကူညီပါရစေ" "May I Help You" ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူများကိုကူညီရန် အသင့်ဖြစ်နေသည်။ အထူးသဖြင့်ရဲတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှုသည်ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိလာခြင်းပင်ဖြစ်သည်။ အတိတ်ကာလက မည်သို့ပင်နာမည်ဆိုးဖြင့်ကျော်ကြားခဲ့စေကာမူ လက်ရှိ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူကိုအလုပ်အကျွေးပြုနေပြီဖြစ်သည်။

## ပကတိအရှိတရားကိုသာလက်ခံစေချင်

"သူခိုးတွင်ချိုမရှိ" ဆိုသည့်အတိုင်း ရာဇဝတ်ကျူးလွန်သူများတွင်လည်း ထူးခြားသောအမှတ်အသားများရှိမနေပါ။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်စုဖွဲ့၍ ဒုစရိုက်ကျူးလွန်သူများ၊ မူးယစ်ရမ်းကားသူများ၊ လူသတ်သမားများနှင့် သူခိုး၊ဓားပြအားလုံးကိုဖော်ထုတ်နိုင်မည်မဟုတ်ချေ။ ရဲတပ်ဖွဲ့ဝင်များသည် Super Man များမဟုတ်ချေ။ သာမန်လူသားများသာဖြစ်ကြသည်။ လေ့ကျင့် သင်တန်းပေးထားသည့် အတိုင်းအတာအတွင်းသာစွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့်ပြည်သူများအနေဖြင့် မှုခင်းအားလုံးအတွက် ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဆိုသော အမြင်မျိုးမရှိသင့်တော့ပေ။ ပကတိအရှိတရားကိုသာ လက်ခံစေချင်ပါသည်။

## လေ့ကျင့်သင်တန်းပေးလျက်ရှိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ရာတွင် လူ၊ လက်နက်တို့အပြင် အထောက်အကူပြုပစ္စည်းများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ပုံမှန်နှင့် အဆင့်မြင့်လေ့ကျင့်သင်တန်းများအပြင် UNDP၊ UNICEF၊ UNODC၊ ICRC၊ OHCHER၊ UN တို့၏ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ (Crime Fighter) များအနေဖြင့်သာမက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူ (Human Rights Protector)များ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူ (Peace Keeper) များလည်း ဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်ကို ဒီမိုကရေစီ ရဲလုပ်ငန်းစနစ်အပါအဝင် ကျင့်ဝတ်များနှင့် စွမ်းရည်များကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဍာန်ရောအနှစ်သာရပါပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုယ်ပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ်ထမ်းဆောင်လျက်ရှိကြသည်။

၂၁ ရာစုကာလတွင် ခြိမ်းခြောက်လာသည့် လူမှောင်ခိုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများကိုလည်း တားဆီးကာကွယ်ဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် တိုင်းပြည်တာဝန်ကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်းဖြင့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

> **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ (Crime Fighter) များအနေဖြင့်သာမက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူ (Human Rights Protector)များ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူ (Peace Keeper) များလည်း ဖြစ်လာ . . .**


LEGO
OK








2017



# စိန်ခေါ်သံပေး နိုင်ငံရေး မဝေးတော့ပြီမို့

ukinfo



ဓာတ်ပုံ- www.sbs.com.au




ယခုရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံရေးလောကအတွင်း သတင်းကြီးသွားရသည့် အကြောင်းခြင်းရာတစ်ရပ်မှာ တိုကျိုမြို့တော် အုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေးက ပါတီသစ်ထူထောင်လိုက်ခြင်းဖြစ်လေသည်။

'မျှော်လင့်ချက် ပါတီ' ဟူ၍ အမည်ပေးထားသော ပါတီသစ်က ဂျပန်နိုင်ငံရေးလောကအတွင်း အပြောင်းအလဲများ မည်သို့ ဖြစ်ပေါ်စေမည်ကို ပြည်သူအများက စိတ်ဝင်တစားလေ့လာစောင့်ကြည့်နေကြပေလိမ့်မည်။

**ပါလီမန်ဖျက်သိမ်း**

ဂျပန်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပရန် တစ်နှစ်လိုသေးသော်လည်း ရွေးကောက်ပွဲကို စော၍ကျင်းပမည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထုတ်ပြန်ကြေညာခဲ့ပြီး လက်ရှိပါလီမန်ကို စက်တင်ဘာ ၂၈ ရက်တွင် ဖျက်သိမ်းလိုက်ရာ ရွေးကောက်ပွဲသို့ ဦးတည်နေသောကာလသို့ ဝင်ရောက်လာချိန်ဖြစ်သည်။

ကျင်းပလတ္တံ့သော ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် အာဘေး၏ အာဏာရ ဝါရင့်သမ္မာရင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ကိုအိကေး၏ ပါတီသစ်ကို ပြိုင်ဘက်သစ်အဖြစ် ယှဉ်ပြိုင်ရပေလိမ့်မည်။

အားကောင်းမောင်းသန် အမျိုးသမီး နိုင်ငံရေးသမား ရှားပါးလှသည့် ဂျပန်နိုင်ငံရေးလောကအတွင်း ကိုအိကေး အနေဖြင့် မားမားမတ်မတ်၊ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ပါမည်လောဟူ၍ အမျိုးသားထုက တွေးဆကောင်း တွေးဆကြဖွယ်ပင်။

မည်သို့ပင်ဆိုစေ အမျိုးသမီးတစ်ဦး ဦးဆောင်သည့် နိုင်ငံရေးပါတီတစ်ခု ပေါ်ထွန်းလာခြင်းက ဂျပန်နိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံကို ပြန်လည်ပုံဖော်ထုဆစ်ရန် တာစူဘိသကဲ့သို့ ရှိနေလေ၏။

ဂျပန်နိုင်ငံရေးအတွင်း ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ချေဖျက်ပစ်မည့် နိုင်ငံရေးပါတီသစ်၏ အသွင်ကို 'မျှော်လင့်ချက်ပါတီ' က လှစ်ဟနေချိန်လည်းဖြစ်၏။

ပါလီမန်ဖျက်သိမ်းကာ ရွေးကောက်ပွဲကို စော၍ ကျင်းပသွားရန် မိမိရည်မှန်းထားသည်ဟု ဝန်ကြီးချုပ်အာဘေးက စက်တင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခြင်း မရှိမီ နာရီပိုင်းအလိုမှာပင် တိုကျိုအုပ်ချုပ်ရေးမှူး ကိုအိကေးက အများပြည်သူ၏ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်သော ဆောင်ရွက်ချက်တစ်ရပ်အဖြစ် တိုကျိုတိရစ္ဆာန်ဥယျာဉ်တွင် သားပေါက်ခဲ့သည့် ပန်ဒါဝက်ဝံလေးကို အမည်ပေးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံ၌ ရွေးကောက်ပွဲကို တစ်နှစ်စော၍ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အောက်လွှတ်တော်ကို စက်တင်ဘာ ၂၈ ရက်တွင် ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။

ဂျပန်နိုင်ငံ၌ ရေပန်းစားလာသော နိုင်ငံရေးပါတီသစ်၏ စိန်ခေါ်မှုအား ရင်ဆိုင်နိုင်ရေးအတွက် ဝန်ကြီးချုပ်အာဘေးက နိုင်ငံရေးအာဏာကို ဆက်လက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသည့် လက္ခဏာများ တွေ့မြင်လာရချိန်ဖြစ်သည်။

ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲကို တစ်နှစ်စော၍ ခေါ်ယူခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်အရ ဝန်ကြီးချုပ်အနေဖြင့် အောက်လွှတ်တော်ကို ဖျက်သိမ်းကာ ရွေးကောက်ပွဲကို စော၍ခေါ်ယူခွင့်ရှိသည်။

တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေးသည် ရွေးကောက်ပွဲခေါ်ယူရန်ရှိနေစဉ်မှာပင် မျှော်လင့်ချက်ပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်ကို ထူထောင်ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

**ကြွေးကြော်**

အမျိုးသမီးတစ်ဦး ဦးဆောင်သည့် ယင်းပါတီသစ်မှာ ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ပါတီဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်သွားမည်ဟု ကြွေးကြော်ထားသည်။

ထိုစဉ်အတွင်း အကြီးဆုံးအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက ယင်း၏ ကိုယ်စားလှယ်လောင်းများ အနေဖြင့် ကိုအိကေး၏ မျှော်လင့်ချက်ပါတီအမည်ဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် လမ်းဖွင့်ပေးမည်ဟု ထုတ်ဖော်ပြောကြားသည်။

ဝန်ကြီးချုပ်အာဘေးမှာ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ၎င်း၏ ကိုင်တွယ်ဆောင်ရွက်ပုံကို ပြည်သူများ ထောက်ခံကြရာမှ မဲဆန္ဒရှင်ပြည်သူများ၏ အားပေးမှု ပြန်လည်ရရှိလာချိန်ဖြစ်ပြီး လာမည့်ရွေးကောက်ပွဲ၌ ၎င်း၏ လစ်ဘရယ်ဒီမိုကရစ်တစ်ပါတီ (အယ်လ်ဒီပီ) ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ပါလီမန်တွင် အမတ်အများစုအနေအထားရရှိထားမှုကို ဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသည်။

**အရှေ့အာရှ တင်းမာမှု**

မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ပြီး ယင်းနိုင်ငံ၏ အဆိုအရ ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးကို စမ်းသပ်ခဲ့ပြီးနောက် အရှေ့အာရှတွင် တင်းမာမှုဖြစ်ပေါ်နေချိန်တွင် ရွေးကောက်ပွဲကို ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် အာဘေးသည် နိုင်ငံရေးအရှုပ်တော်ပုံများအရ ဧပြီလနှင့် ဇူလိုင်လအကြား ကာလအတွင်း ပြည်သူတို့၏ ထောက်ခံမှု ကျဆင်းခဲ့ပြီး ယခုအခါ မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုဖိအားပေးရေးဘက်မှ ရပ်တည်လာရာ ပြည်သူတို့၏ ထောက်ခံမှုပြန်လည်ရရှိလာချိန်တွင် ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက ပြောကြားကြသည်။

ပြည်သူ့ထောက်ခံမှု ပြန်လည်မြင့်တက်လာခြင်းသည် ရွေးကောက်ပွဲကို ခေါ်ယူနိုင်ရေးအတွက် ဝန်ကြီးချုပ်အာဘေး ခြေလှမ်းပြင်ရန် အကြောင်းဖြစ်သည်ဟု နိုင်ငံရေးဆန်းစစ်သူများက ရှုမြင်ကြသည်။

ပုံမှန်အားဖြင့်မူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထက် နောက်မကျဘဲ အောက်လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပရမည်ဖြစ်ပြီး လက်ရှိအစိုးရအဖွဲ့က မြောက်ကိုရီးယား အခြေအနေအကြောင်းပြု၍ နိုင်ငံရေးအရ အားသာချက်ရယူရန် ကြိုးပမ်းနေသည်ဟု အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ စတမ်းဖို့ဒ်တက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဖီးလစ်လစ်ပစီက သုံးသပ်ပြောကြားသည်။

အကယ်၍ လာမည့်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်အာဘေး အနိုင်ရရှိမည်ဆိုပါက သူ့အနေဖြင့် ၂၀၂၁ ခုနှစ်အထိ ဆက်လက်တာဝန်ယူနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဝန်ကြီးချုပ်အာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှာ အသစ်ထူထောင်လိုက်သော မျှော်လင့်ချက်ပါတီ၏ ကြီးမားသော စိန်ခေါ်မှုကို မမျှော်လင့်ဘဲ ရင်ဆိုင်လာရသည်။

ဝန်ကြီးချုပ်အာဘေးမှာ ဝါရင့်နိုင်ငံရေးသမားတစ်ဦးအသွင်ဖြင့် စိန်ခေါ်မှုမှန်သမျှကို ကျော်လွှားလွန်မြောက်နိုင်အောင် ကြိုးပမ်းပေမည်။

**ခိုင်မာတဲ့ ဦးဆောင်မှု**

"မြောက်ကိုရီးယားရဲ့ ခြိမ်းခြောက်မှုအကျပ်အတည်းနဲ့ တွေ့ကြုံနေရချိန်မှာ တိုင်းပြည်ရဲ့ လူဦးရေတိုးမှုကျဆင်းနေပြီး သက်ကြီးရွယ်အိုဦးရေ အလွန်များပြားနေပါတယ်။ ဒီအခြေအနေကို မိမိအနေနဲ့ ရင်ဆိုင်ဖြေရှင်းသွားလိုပြီး ခိုင်မာတဲ့ ဦးဆောင်မှုမျိုးပေးလိုတယ်" ဟု ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

တစ်ဖက်တွင် အတိုက်အခံ ဒီမိုကရက်တစ်ပါတီအတွင်း အုပ်စုများ တကွဲတပြားဖြစ်နေချိန်တွင် နိုင်ငံရေး အသာစီးရရှိနိုင်မည်ဟု ဝန်ကြီးချုပ်အာဘေးက မျှော်လင့်ထားသည်။

စီးပွားရေးတွင် ဝန်ကြီးချုပ်အာဘေးနှင့် နီးစပ်သူများ အခွင့်အရေးရနေသည် ဆိုသော စွပ်စွဲသံများမှာ မြောက်ကိုရီးယားအရေး လွှမ်းမိုးလာချိန်တွင် မေးမှိန်သွားခဲ့ပြီး ပညာရေးနှင့် လူမှုဖူလုံရေး မြှင့်တင်နိုင်ရန် ယန်းငွေ နှစ်ထရီလီယံ (ဒေါ်လာ ၁၈ ဘီလီယံ) သုံးစွဲမည့် အစီအစဉ်သစ်များ ရေးဆွဲထားပြီဟုဆိုသည်။

ကလေးငယ်များ ပြုစုစောင့်ရှောက်ရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ယင်းအစီအစဉ်ကို ယခုနှစ်ကုန်ထက် နောက်မကျဘဲ စတင်အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးအဖွဲ့ကို အာဘေးက ညွှန်ကြားထားသည်။

စီးပွားရေးကို နှိုးဆွပေးမည့် ယင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်မှအစပြု၍ သုံးနှစ်တိုင်တိုင် အကောင်အထည်ဖော်မည်ဟု ဝန်ကြီးချုပ်အာဘေးက စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသော အစိုးရအဖွဲ့၏ ထိပ်တန်းစီးပွားရေးကောင်စီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပညာရေးဆိုင်ရာ အသုံးစရိတ်များ ပိုမိုသုံးစွဲရေး အပါအဝင် စီးပွားရေးကို နှိုးဆွပေးမည့် စီမံချက်များစွာကို အကောင်အထည်ဖော်သွားမည်ဟု ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

ကိုအိကေးမှာ မြို့တော်တိုကျို၏ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်သည်။ ကိုအိကေးသည် ၁၉၉၃ မှ ၂၀၁၆ ခုနှစ်အထိ ဂျပန်အောက်လွှတ်တော်တွင် အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ကိုအိကေးသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဝန်ကြီးအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သေးသည်။ သို့ရာတွင် ယင်းရာထူး၌ ၅၄ ရက်မျှသာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လကုန်တွင် မြို့တော် တိုကျိုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရသဖြင့် မြို့တော်၏ ပထမဆုံးသော အမျိုးသမီး အုပ်ချုပ်ရေးမှူးဖြစ်လာသည်။

စက်တင်ဘာ ၂၈ ရက်တွင် ဝန်ကြီးချုပ်အာဘေးက ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ရာ အမျိုးသားရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးရာသီ စတင်နိုင်တော့မည်။

လူထုအတွင်း ရေပန်းစားသော တိုကျိုအုပ်ချုပ်ရေးမှူးဖြစ်သည့်အားလျော်စွာ ကိုအိကေး၏ ပါတီသစ်က ဝန်ကြီးချုပ်အာဘေး၏ ပါတီကို ပေါ်ပေါ်ထင်ထင် စိန်ခေါ်လာပေလိမ့်မည်။ အောက်လွှတ်တော်ကို တရားဝင် ဖျက်သိမ်းကြောင်းဖော်ပြသည့် သဝဏ်လွှာကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားလိုက်ပြီးနောက် အောက်လွှတ်တော်အမတ်များက လက်သီးလက်မောင်းများတန်း၍ 'ဘန်ဇိုင်း' ဟူ၍ သုံးကြိမ်သုံးခါ ဟစ်ကြွေးခဲ့ကြသည်။ ဘန်ဇိုင်းဟူသော ဝေါဟာရမှာ အောင်ပြီဟူသော အဓိပ္ပာယ်ကိုဆောင်သည်။


**ပါတီသစ်၏ စိန်ခေါ်သံ**

ကမ္ဘာပေါ်၌ တတိယ အင်အားအကြီးဆုံး စီးပွားရေးတည်ရာ ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်တွင် ပြည်သူများ မဲရုံများသို့ သွားကြပေလိမ့်မည်။ ကိုအိကေး၏ ထွန်းသစ်စ ပါတီဘက်မှ ဝါဒသဘောတရားရေးရာအရ သမိုင်းကြောင်းရှိသူ အမျိုးမျိုးဖြစ်သော အမတ်ဟောင်းများက ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြင့် ဝန်ကြီးချုပ်အာဘေးကို ရင်ဆိုင်ကြမည့်အသွင် ပြသလျက်ရှိရာ "စိန်ခေါ်သံပေး နိုင်ငံရေး မဝေးတော့ပြီမို့" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*Ref : Japan's Abe kicks off difficult election battle (AFP)*




ဓာတ်ပုံ- အေအက်ဖ်ပီ



## ကျိုက္ခမီမြို့ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏
## ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လဆန်း၁၄ရက်မှ လပြည့်ကျော်၅ရက်) (၄-၁၀-၂၀၁၇) ရက်မှ (၁၀-၁၀-၂၀၁၇)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းအိုးမျှောပူဇော်ပွဲ၊ ဆီမီးကိုးထောင်ထွန်းညှိပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားနှင့် ရွှေသက်န်းအနားကွပ်တော်မြတ် ကပ်လှူပူဇော်ပွဲများကို ကျင်းပသွားပါမည်။ ပွဲတော်ရက်အတွင်း ပျော်ပွဲရွှင်ပွဲများအဖြစ် အနုပညာဦးစီး၌ာန ယဉ်ကျေးမှုကဇာတ်ပဒေသာကပွဲ၊ ရန်ကုန်ပိုင်ပိုင်ဖြိုးဖြိုးဇာတ်ပွဲ၊ မွန်ပြည်နယ်ဇာတ်ပွဲ(၃)ပွဲတို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး(ထိုင်း-မြန်မာ)အထူးလက်ဝှေ့စိန်ခေါ်ပွဲနှင့် အခြားလက်ဝှေ့စိန်ခေါ်ပွဲများဖြင့် ကျင်းပသွားပါမည်။ ဘောလုံးပြိုင်ပွဲကို အလွတ်တန်း(ကလပ်အဆင့်)အသင်းများဖြင့်ယှဉ်ပြိုင်ကစားသွားပါမည်။ ဘုရားဖူးကြွရောက်လာသော ရပ်ဝေး၊ ရပ်နီးမှ ရဟန်းရှင်လူပြည်သူများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီ**




Special Home Teaching
MBA & BBA (Guide)
LCCI (Level - I & II)
Advance Excel For Accounting
MYOB (Level - I, II & III)
Computer Basic
09799642842
09254953982
Yangon
Part Time Service
Internal Audit
Accounting Service
Taxation Service

**ပျောက်ဆုံး**
ကျွန်တော်မင်းသူကျော်၏ နိုင်ငံကူးလက်မှတ်-MA-487749 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
PH:09974183808

**ကားမျိုးစုံ**
Ph:09795549249,095418126
09-795546884

09 4200 35882
09 4200 35884

**ပြင်ဆင်ဖတ်ရှုပါရန်**

# GOSHU A1 ECO BUSINESS CO., LTD.
Goshu–A1
## Water Analysis Service In Yangon Industrial Zone

**LABORATORY ANALYSIS WORKS**
- Water and Wastewater Analysis
- Substance analysis
- Environmental measurement and analysis
- Soil Analysis

**WATER AND WASTEWATER TREATMENT**
- Water Treatment Plant
- Wastewater Treatment Plant
- Ultrapure Water
- Sludge Treatment
- Wastewater Recycle System




**CHEMICAL SUPPLY**
- Raw Water and Wastewater Treatment Chemicals
- Polymer Coagulant, Flocculant & Dewatering Chemicals
- Reverse Osmosis Chemicals
- Cleaning Chemicals
- Ion Exchange Resin
- Laboratory Reagent

**MAINTENANCE WORKS**
- Periodical General inspection
- Cleaning for membranes, Filtering media, etc.
- Replacement Consumption Parts.
- Consultancy for operation, etc.
- Plant Operation Management

www.goshukohsan.com , www.a1companies.biz

No.19, R-2 Street, Yangon Industrial Zone, Mingaladon Township, Yangon, Myanmar.
Tel. +95 9 457794058 , +95 9 253685274 , +95 9 424826312
E-mail:si.ta.ga1@goshukohsan.com, nakahashi@goshukohsan.com, min.t.ga1@goshukohsan.com


သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network
[Myanmar]
သီတင်းကျွတ်အထူးအခါအခွင့်
PREMIER
ORIENT
Professional
လီတာ
၂၀
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ကျပ်
ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
လီတာ
၅၀
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ကျပ်
ရယူပါ...
ကရဝိက်
၁
ဂါလံ
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၂၀၀၀ ကျပ်
ရယူပါ...
Promotion ကာလ ▶ ၁-၁၀-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇

Roche

# Congratulations

## Pun Hlaing Siloam Hospitals Group

*for being the first healthcare organisation in Myanmar*

*to achieve*

## Joint Commission International Accreditation (JCIA)

*on 1st July 2017*

**Roche Diagnostics Division**

www.roche.com

ACE®
KOREA HI-TECH
PE WATER TANK



သန့်ရှင်းစေတော်မီ
ACE ရေတိုင်ကီ

* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
* နှစ်(၃၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီ   anti-bacteria BACTECIDE® ပြုလုပ်ပြီး

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01-3684743, 09-450048469, 09-443094221
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

BRAINWORKS - 21st Century Systems, Curriculum and Pedagogy that Empower 21st Century Students



Pre-School ✓
Primary ✓
WISE Classes ✓ (Sat-Sun)

"Fit Brains Gain More"
BRAINWORKS K-12 INTEGRATED
TOTAL LEARNING ACADEMY

Tamwe 01 401592 - 4 | 41st Street 107-115 41st St. 01 376010, 376022 | Kyi Myin Daing 17 U Lu Ni St. 01 2300 715 - 6 | Bayint Naung 09 731 43280 | Aung Zeya 09 262934441-2 | Thingangyun 01 8551380 - 3 | Taunggyi 081 206841-4 | Kamayut 09 31714586 | North Dagon 09796206884

www.brainworks-total.com

ထက်သိအောင်မြင်သူတို့စုဝေးရာ...

မဟာ

အဝေးသင်တက္ကသိုလ်သင်တန်း

(၁.၁၀.၂၀၁၇ မှ ၁၃.၁၀.၂၀၁၇ နေ့အထိ)

အမှတ် - ၁၁(A)၊ မြေညီထပ်၊ လှည်းတန်း (၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၀၄၈၆၁၊ ၀၁-၅၀၄၃၆၀၊ ၀၁-၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၁၃၅။

r|, pfu|pfye;wfbopfpdwfbopfvbopfb0opf

အဝယ်မများရအောင် PRECIOUS တွင်စိတ်ကြိုက်လေ့လာကြည့်ပြီးမှ စိတ်ချစွာအားပေးပါ။

PRECIOUS
Gems & Jewellery



* Customized Design ဖြစ်ကြောင်းအာမခံပါသည်။
* 18 K ဖြင့်ချတ်ထားအသုံးပြုထားကြောင်းအာမခံပါသည်။

HRD, GIA Certified

No . (29), New University Avenue Road, Bahan Township, Yangon. Tel: 01546645, 0973013060
E-Mail: preciousgems.myanmar@gmail.com
Facebook Page: Precious Gems and Jewellery



အထက(၂)ကျိုက်မှ သူငယ်ချင်းများအားလုံး . . .

(3-10-2017 Last Date) . . .

■ နေရာ - Thai Plus Restaurant
■ နေ့ရက် - ၇ - ၁၀ - ၂၀၁၇

- 09 5196740၊ - 09 967455024
- 09 799757423၊ - 09 953166850
- 09 965180836၊ USA - 1 4154203410


## ပဲခူးမြို့ အမှတ်(၂)အထက
## (၃၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပမည်

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဲခူးမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာဖြင့် (၅-၁၁-၂၀၁၇)ရက်၊ ၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက် (တနင်္ဂနွေနေ့) နံနက်(၉)နာရီတွင် အထက(၂)ရွှေရတုခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ ကျောင်းသား/သူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား/သူများမှ မပျက်မကွက်(မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မှတ်ချက်-ကန်တော့ခံဆရာကြီး/ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန် အသိပေးအပ်ပါသည်။

၁။ ဦးမြိုင်(ရန်ကုန်) ၀၉-၅၂၈၄၉၄၉၊ ၀၁-၅၃၈၃၀၁
၂။ ဆရာဦးမြင့်သန်း(ရန်ကုန်) ၀၉-၇၉၀၅၆၀၆၃၄၊ ၀၁-၅၀၃၀၆၉
၃ ကျောင်းအုပ်ဆရာမကြီး-၀၅၂-၂၂၂၂၁၂၀၉
၄။ ဒေါ်ခင်သန်း ၀၉-၂၅၀၂၉၉၄၁၅၊ ၀၅၂-၂၂၂၂၃၃၅၀
၅။ ဒေါ်စန်းတင်၀၉-၃၁၂၀၅၈၈၉၊ ၀၅၂-၂၂၂၂၀၅၅
၆။ ဦးကြင်လှိုင်၀၉-၅၃၀၀၃၃၀
၇။ ဦးထွန်းမင်း ၀၉-၄၃၀၀၇၅၃၄၊ ၀၉-၉၇၉၈၉၀၉၈၆
၈။ ဦးမျိုးမြင့်-၀၉-၅၃၀၁၉၁၇
၉။ ဦးစိုးဝင်း၀၉-၇၉၇၈၀၈၅၂၊ ၀၉-၄၃၀၀၇၂၇၉
၁၀။ ဦးဝင်းမြင့် ၀၉-၄၂၈၁၁၅၄၇၇
၁၁။ ဒေါ်ရီရီဝင်း ၀၉-၇၆၆၃၄၆၈၇၇၊ ၀၉-၄၃၀၀၇၂၇၉
၁၂။ ဦးဆန်းနိုင်၀၉-၅၃၀၀၅၃၀

ကျင်းပရေးအဖွဲ့
အထက(၂)ပဲခူး




BPI ဆေးဝါးစက်ရုံ (အင်းစိန်)

BPI ဆေးဝါးစက်ရုံ (အင်းစိန်) ဆေးဝါးစက်ရုံလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၆၄၀၂၇၃



ထင်နှင့် ပျောက်ဆုံး

ဦးမိုးလှနိုင်ကာ

ရှယ် - ရောင်းမည်
STAR CITY (1-BR)
( VIEW လှလှ )
Sqft-1100/ (ဖြူညီ)
09-540-2880

သင့် သွေး ဖြင့် အ သက် ကယ် ပါ

ကားဆိုင်
Ph : 09-5010196

ရောင်းမည်/ငှားမည်
55ft × 75ft , 40ft × 75ft
20ft × 75ft , 14ft × 75ft
50ft × 80ft 14MB
ဖုန်း - 095010196, 019691492



Home
Since 1996



ပါကေးအစားထိုး ကြမ်းခင်း
သီတင်းကျွတ် အထူး ကျင်းပလက်ဆောင်
Floor ၂ ကျင်း ဝယ်လျှင် → Floor ၁ ကျင်း လက်ဆောင်
*Terms & Conditions Applied

အမှတ် F(2~8)
အမှတ် (E-11A)
☎ 09-79 700 70 70 ☎ 09-79 700 70 80



''ထန်းလွှတ်ချိန်ပြီ''

''ချွန်နိုင်ငံသို့၏ ထိုက်ချပ်ထားရာ၊ ထိုအထဲသို့ ထိတွေ့အာမခံပါသည်။''
zaluckpwintrealestate2013@gmail.com



Victoria Hospital

HVC
Heart & Vascular Centre



ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အတွင်း
မနက် (၁၀:၀၀) နာရီမှ နေ့လည် (၁၂:၀၀) နာရီ နှင့်
ညနေ (၄:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအထိ
ပြင်ပလူနာများကြည့်ရှုပေးသွားမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

လူနာစာရင်းပေးသွင်းလိုပါက

Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

## ကြော်ငြာ


"မွေးနေ့ဆုတောင်း"

ဒေါက်တာထွန်းဇော်(ညွှန်ကြားရေးမှူး FDA)နှင့် ဒေါ်တင်စပယ် တို့၏ သားများ ဖြစ်ကြသော မောင်လင်းထက်ဟိန်း နှင့် မောင်အောင်ကျော်ဟိန်း တို့၏ အောက်တိုဘာလအတွင်း ကျရောက်သော မွေးနေ့များတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

သူငယ်ချင်းများ

ရွှေလမ်းညွှန် Oct 4, 27
57000
37000 (12ဦး 1ဦးfree)
09-420087371, 09-259302029

မြင့်မိုရ် CAR RENTAL
ALPHARD,HIACE
09-5191361,09-765191361

## မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

သိမ်ကျောင်းရေပန်း ဘုရားဒါယိကာမ ဒေါ်နွယ်နွယ်ဝင်း
(Wealth Gate Co.,Ltd Managing Director )
၏(၁-၁၀-၂၀၁၇)နေ့တွင်ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မိဘ၊မောင်နှမများ ချစ်သော မိသားစု နှင့် အတူ အမျိုးဘာသာ၊ သာသနာ အကျိုး ထမ်းဆောင်နိုင်ပြီး ဘဝ နှင့် ဆနွတစ်ထပ်တည်းကျ၍ ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်မှု မှတ်တိုင်များစွာ စိုက်ထူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
Wealth Gate Co.,Ltd (ဝန်ထမ်းမိသားစု)



ဒါရိုက်တာ ညီမင်းလွင်၏ ပထမဆုံးရုပ်သံဇာတ်လမ်းတွဲ
# ဇီးကွက်သတ္တာ
ONLY ON MWD DOCUMENTARY
ဇာတ်ညွှန်း / ဥက္ကာ၊ ဝင်းမြင့်ဦး၊ ဆူးခက်မင်း၊ သားထိုက်၊ ထက်ဝေယံနိုင်၊ ကြယ်ပေါက် Victor
ဇာတ်လမ်းနှင့် ဒါရိုက်တာ ညီမင်းလွင် သရုပ်ဆောင် / ညီမင်းလွင်၊ နှင်းယမုံဦး၊ လုလု
MWD DOCUMENTARY မှ ၂-၁၀-၂၀၁၇ ကစပြီး အပတ်စဉ် တနင်္လာနေ့ ည ၈:၀၅ နာရီတွင် စတင်ပြသမည့် ဇီးကွက်သတ္တာ ဇာတ်လမ်းတွဲအား စောင့်မျှော်ကြည့်ရှုရင်း Smart Phone ဆုလက်ဆောင် ရယူလိုက်ကြရအောင်။
- အပတ်စဉ် တနင်္လာနေ့တွင် ပြသမည့် ဇာတ်လမ်းတွဲအား ကြည့်ရှု၍ လူသတ်တရားခံအား ရှာဖွေထားပါ။
- ဖော်ပြပေးထားသော တရားခံများထဲမှ တရားခံအစစ်ကို ရွေးချယ်၍ ဒုတိယပတ် (ဒုတိယပတ်) မတိုင်မီ ဖြေဆိုရပါမယ်။
- အဖြေမှန်ပါသော ဇာတ်သိမ်းပိုင်းအား ဒုတိယပတ်တွင် စောင့်မျှော်ကြည့်ရှု၍ Smart Phone ကံထူးရှင်အား တတိယပတ်တွင် ကြေငြာပေးပါမယ်။

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296


ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773




INTERIOR DESIGN & DECORATION
No. 15, Kabaraye Pagoda Road, Bahan Tsp, Yangon.
KEK
We Specialize in..........
- Iron Window....... - Iron Door......
- Iron Gate Door....... - Iron Slide Door.....
- Iron Verandah....... - Iron Handrail.......
- Iron Sunshade....... - Iron Stair......
- Iron Accordion Door......
- Wrought Iron Fencing Railing and
For Happy October
Iron Window 1-Sqf 3500/ks
09-777 251 654 , 09-777 251 655
Hot Line
09-777 251 667 , 01-860 30 89

M.E.E.G
Masterpiece Engineering & Education Group
Construction Design Training & Servicce Center
Design Engineer ... Design Concept & Design Drawing ... Project ...
Construction Design (HLC) Course
Module1.AutoCAD Intermediate (2D/Isoplane)
Module2.Architectural Design Drawing
Module3.Structural Design Drawing
Module4.M&E Design Drawing
Module5.AutoCAD Advenced (3D Modeling)
Module6.RevitBIM (Modeling & Rendering)
#104, Moe Sandar Condo, Moe Sandar Street, Kamayut Township, Yangon.
PH: 01512476, 09965140118, 09765140118, 095140118

GDC Modern Co.,Ltd.
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်စက်ကိရိယာကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။














ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ရွှေဂုံတိုင်ဘတဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

◆ ... GDC
- အကောင်းဆုံးအရည်အသွေး ၊ လေလွင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။




ပတ္တမြား FM ကို (၈) နှစ်တိုင်တိုင်

စဉ်ဆက်မပြတ် နှစ်ခြိုက်စွာအားပေးကြသော အနယ်နယ်အရပ်ရပ်မှ ပရိသတ်များ

ကြော်ငြာထည့်သွင်းကြပါသော စီးပွားရေးလုပ်ငန်းရှင်များ၊ အသံပညာရှင်၊ အတတ်ပညာရှင်များ

အနုပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ အောင်မြင်တိုးတက်မှုများကို

နောင်နှစ်ပေါင်းများစွာတိုင် အထူးတလှ လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ္တမြား FM မိသားစု

## ကြော်ငြာ


**FORWARD** Travel & Tour Co., Ltd

ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။

- ကျိုက်ထီးရိုး ဆောင်းနိုင်ကြီးရေတံခွန် (နေ့ချင်းပြန်-ဆိုက်ကားဖြင့်)
- ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ ကလော၊ ဆက်မြို့ (၃)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၄)ရက်
- တောင်ကြီး၊ အင်းလေး၊ ရွှာင် (၄)ရက်
- မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်

Oct 3,4 ထွက်မည်

ကားမျိုးစုံငှားရမ်းခြင်းများ စီစဉ်ပေးသည်။

09259259180, 09259259181, 09259259182

မီး ဘေး ရှောင် မ လောင် ခင် တား

**Myanmar Culture Land** Travels & Tours

Oct 15 မတိုင်မီ ကြိုတင်စာရင်းပေးသွင်းသူများကို 5% Discount

မင်းဗိဘာ၊ မင်းဘာဝ၊ မင်းနှားလည်ပါ၊ ချစ်တသည်

ဆရာဦးမင်းဇော်(သချ်ာ) B.E(Civil)

၁၀ တန်း ဘာသာစုံဝိုင်း

၈ တန်း သချ်ာသီးသန့်

၅ လပြတ်

Oct(10) ရက်စမည်။ ကျောင်းအပ်လက်ခံပြီ။

အမှတ်(၆)၊ ရေကျော်လမ်း၊ ဗွန်တောင်မြို့နယ်၊ ဖုန်း 09-421066545

မွေးနေ့ဆုမွန်လွှာ (၁-၁၀-၂၀၁၇)

အောက်တိုဘာလ (၁)ရက်နေ့တွင် ကျရောက်သည့်

Star Space Media & Advertising Co., Ltd မှ

Chief Executive Officer အစ်မ ဝေရွှေစင်ဝါ ၏

မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်အတူ

နေ့ရက်တိုင်းကို စိတ်ကြည်လင်ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ

အဝေးလိုအပ်ချက်များအားလုံး တောင့်တတိုင်း ပြည့်ဝအောင်မြင်ပါစေလို့

ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်ခင်လေးစားစွာဖြင့် ဝန်ထမ်းများ (Star Space family)

SAMSUNG DAY October 2017

အောက်တိုဘာလအတွက် အထူးလက်ဆောင်

1.10.2017~5.10.2017

Samsung Smartphones နှင့် Tablets တွေ ဝယ်ယူပြီး လက်ဆောင်များ ရယူလိုက်ပါ...

ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်

ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်

ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်









ဥာဏ်သန့်စွမ်းစိတ်ရှင်လန်းဖို့

'အော်ရာမင်-ဂျီ' ကို သောက်ကြပါစို့...






အမြင့်မားဆုံးစွမ်းအားကို

အကောင်းဆုံးပြသနိုင်ဖို့ အလိုအပ်ဆုံးအားဆေး

Oramin-G

Manufactured by: Pacific Pharmaceuticals USA, Inc.


www.seingayhar.com | Visit www.facebook.com/seingayhar for more updates.
Sein Gay Har
THADINGYUT SPECIALS
ထီတင်းကျွတ်ချိန်မှာ ကြည်နူးချမ်းမြေ့ကြပါစေ...
Sky MART SUPERMARKET
Bi Weekly Specials BIG DEAL!
16 Sept - 13 Oct 2017
Hot Line : 09-440-975-474
SUPER HOT!
Food & Nutrition
Sunday Cereal Drink 25g x 30 Sachets
Buy 1 Get 1 Mug
Julie's Melodies Assorted Biscuits 650g
4,350 ks
3,800 ks
Jacob's Original Cream Cracker 750g
8,600 ks
7,900 ks
Shoon Fatt Popcorn Crackers 900g
6,100 ks
5,600 ks
RS Refined Sunflower Oil 5L
13,000 ks
9,800 ks
Travel Accessories
Nanxing Luggage 2173 24"
23,000 ks
21,500 ks
6,500 ks
5,000 ks
12,000 ks
9,500 ks
Horlicks Jar 400g
4,800 ks
4,300 ks
A Yo Bird's Nest 260ml
2,750 ks
2,150 ks
Hiro Orange Juice 300ml
400 ks
350 ks
CJ Soybean Oil 0.9L
2,000 ks
1,800 ks
Ma Ma Chicken Sichek Flavours 55g Coconut Milk Flavours 55g
150 ks
130 ks
200 ks
175 ks
Children's Wear
Children Sweater
5,000 ks
4,000 ks
Children Girl Gown
4,500 ks
3,300 ks
Children Boy One Set
6,300 ks
5,500 ks
Smayang Hot Chicken Flavour Ramen 140g
1,500 ks
1,300 ks
Khao Shong Instant Coffee Mixture 200g
5,500 ks
5,000 ks
Hosen Half Peaches 2927g
11,000 ks
8,000 ks
Old Town 3 in 1 White Coffee 520g
7,000 ks
6,500 ks
Queen Concentrated (Kiwi, Lime, Grape, Raspberry, Pineapple, Orange, Strawberry 730ml)
3,200 ks
2,600 ks
Men's Wear
Foot Wear
17,000 ks
14,000 ks
Men's Short Pants
9,500 ks
7,500 ks
Men's Jean Long Pants
10,500 ks
8,200 ks
GP
BUY 1 GET 10% OFF
BUY 2 GET 25% OFF
FUJI
Fuji Air Cooler AC-4
66,340 ks
62,000 ks
Fuji LED DN-4 24"
TOSHIBA
Toshiba Fully Auto Washing Machine AW.E900L
150,000 ks
138,000 ks
316,700 ks
296,000 ks
SHARP
Sharp Refrigerator One Door SJ-G 15S-HS
221,500 ks
207,000 ks
Men's T-Shirt
9,000 ks
8,000 ks
Men's Alter Shirt
9,500 ks
8,500 ks
Electronics & Digital
Nakita Jar Pot NK 635PT 3.5L 750W
27,500 ks
24,750 ks
Kangaroo Infra-Induction Cooker 200W BBQ
Buy 1 Get 1 Fry Pan
62,000 ks
54,000 ks
Samsung Refrigerator RR 19H 1046SA
266,000 ks
248,000 ks
Korea Queen Mineral Water Purifier 32L
40,000 ks
37,000 ks
မြကြာမြူပုဆိုးတစ်ထူး
10% Off
ရွှေပြည်ဝန်ပုဆိုး၊ မဟာနွယ်ပုဆိုး
10% Off
BUY 50,000 Ks GET 3,500 Ks Coupon
BUY 100,000 Ks GET 10,000 Ks Coupon
Home Goods
Iron Double Bed 1250
124,000 ks
105,000 ks
Iron Cupboard FYD.W-011
143,000 ks
124,000 ks
Rocky Chair 801,802,803
28,500 ks
24,500 ks
Women's Wear
Hand Bag
9,000 ks
7,000 ks
Glasslock
Buy 2 Get 1
BE HAPPY
Women's Blouse
4,000 ks
3,000 ks
အမျိုးသမီးဝတ် ဝမ်းဆက်
12,000 ks
8,500 ks
အမျိုးသမီးဝတ် ဝမ်းဆက်
23,000 ks
17,000 ks


mazda
သီတင်းကျွတ်ပွဲတော် အခါသမယတွင် MAZDA CX-5 ရဲ့ SKYACTIV TECHNOLOGY ကို
လေ့လာခံစားရင်း သွားလိုရာခရီးသစ်တွေဆီ အရောက်သွားလိုက်ပါ။
US$ 54,999 (YGN LICENSE)
CX-5
FREE SOLAR FILM INSTALLATION (JAPAN TECHNOLOGY)
TOP UP US$ 999 FOR YGN LICENSE
( VALIDITY TILL - 08.10.2017 )
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY

လေဆိုးတွေကိုပျက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်
မိန်ဘယက် လေကျဲဆေး နှင့် ဆက်

ဈေးနှုန်းချိုသာ ပင်နာပျောက်ဆေး
မိန်ဘယက် ငန်းနီကျော်

WM Water Company Limited

"သင်နှင့် သင့်ပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သည်"
WM Water Company Limited
"Kubota Johkasou ရေဆိုးသန့်စင်စက်"

Kubota JOHKASOU
Waste water Treatment System
(Japanese Technology)

" မြန်မာနိုင်ငံတွင် ဈေးကွက်ရှယ်ယာ အများဆုံးနေရာယူထားသော "
မိလ္လာကန်အစားထိုး Kubota Johkasou ရေဆိုးသန့်စင်စက်ကို သုံးကြပါစို့။

Ecologically Clean
ORGANO
Water Treament System

Bio Chemical Oxygen Demand (BOD) ကို ၉၀% အထိလျော့ချပေးနိုင်သည့် တစ်ခုတည်းသော ရေဆိုးသန့်စင်စက်အား
အစဉ်တစိုက် ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအားလုံးကို
ဝါကျွတ် အခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။




Hotline: 09-260044066, 09-252347774
Email-ayeam@waminn.com,wmwatersales@waminn.com
No.116, Thamine Station Road,Quarter 2,Mayangone Tsp,Yangon,Myanmar

KEMBANGAN UHC HOSPITAL
- သားဖွားမီးယပ်ဆိုင်ရာ ကုသမှုများ
- ကင်ဆာရောဂါများ
- ကျန်းမာရေးစစ်ဆေးခြင်း
ကျန်းမာရေးဆေးစစ်မှု 20% off (1-10-2017) မှ (8-10-2017) အထိ
Kembangan Group Of Medical Centres facebook
Kembangan Group of Medical Centres 09 772 458 611 , 09 448 026 197
Kembangan-thuwunna 09 778 527 793 , 09 778 527 794
Kembangan Mandalay 09 962 565 562 , 09 962 565 561

H&K MEDIA SOLUTIONS
Construction Drawing များ၊ မြေပုံများ A0 ဆိုဒ်ထိ ပုံထုတ်၊ မိတ္တူ၊ စကင်ဖတ် အရောက်ပို့ဝန်ဆောင်မှု
H & K Media Solutions
Digital Print Shop
(၄) နှစ်မြောက် အထူးအစီအစဉ်
Discount 20% Off
(အောက်တိုဘာလ (၁) လတ္တည်း)

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများ ပူးပေါင်းကုသမှု
"နိုင်ငံခြားသို့ သွားရောက်ကုသရန် မလိုတော့ပါ"
facebook Pun Hlaing Siloam Hospitals
အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါများ ရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင် ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀
www.punhlaingsiloamhospitals.com

## ဦးစိန်ထွန်း (၇၅)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ/အင်ဂျင်နီယာ(ငြိမ်း)**

မန္တလေးမြို့နေ (ဦးကောင်းကြည်-ဒေါ်ကြင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတိတ်ဝှက်-ဒေါ်စိန်လှိုင်)တို့၏သားသမက်၊ ဦးချစ်မြင့်-(ဒေါက်တာမြင့်မြင့်ဦး)တို့၏မောင်၊ ဦးသိန်းစိုး-(ဒေါ်နော်ရီဇာလင်း)၊ (ဦးမြင့်စိုး)၊ (ဦးအောင်လွင်)-ဒေါ်တင်တင်မြင့်၊ ဦးတင်စိုး-ဒေါ်ရွှေရီ၊ ဒေါ်ခင်ခင်မြင့်၊ ဦးမြင့်လွင်-ဒေါ်ရီရီမြင့်၊ ဦးယုကြိုင်-ဒေါ်မိမိလှိုင်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၄၁)နေ ဒေါ်နယ်လီ၏ခင်ပွန်း၊ ဒေါက်တာစိန်လွင်-ဒေါက်တာစုစန္ဒာမင်း၊ ဦးကျော်သက်၊ ဒေါက်တာသန္တာ၊ ဦးညီညီဇော်-ဒေါ်စိုးစိုးသွင်တို့၏ဖခင်၊ မစန္ဒာလွင်၊ မောင်ထူးခန့်လွင်တို့၏အဘိုး၊ တူ/တူမ ၁၆ယောက်တို့၏ဘဘကြီး ဦးစိန်ထွန်းသည် ၃၀-၉-၂၀၁၇ရက် မွန်းလွဲ ၁း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၇(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မိမိခိုင် (၆၅)နှစ်

Canada နိုင်ငံ၊ Toronto မြို့နေ ဦးမင်းသန့်၏ဇနီး၊ ဒေါက်တာအောင်ထွန်း-ဒေါက်တာ သက်သက်ဇင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်)တို့၏ချစ်လှစွာသောညီမ ဒေါ်မိမိခိုင် အသက်(၆၅)နှစ်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ရီ(အမြဲတမ်းအတွင်းဝန်)-ဒေါ်ဥမ္မာကို**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## (၁) လပြည့်အလွမ်း
### ဦးသာဒွန်း
### အသက် (၁၀၀)
**စာရေးဆရာကြီး ဖိုးသာဒွန်း (မုံရွာ)**
**အုပ်ချုပ်ရေးအရာရှိ၊ သ. တ. က-၂**

ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁-၁၀-၂၀၁၇ ရက်တွင် တစ်လပြည့်မြောက်သော်လည်း တစ်နေ့တစ်ရက်မှ မေ့ပျောက်၍ မရပါ။ ကျေးဇူးရှင်ဖခင်ကြီး မြင့်မြတ်သောဘုံတွင် စံမြန်းနိုင်ပါစေ။ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ ဖခင်ကြီး သာခုခေါ်ပါ။ အမျှ. . . အမျှ. . . အမျှ။

**ကျန်ရစ်သူ သားသမီးများနှင့်**
**မြေး မြစ်တစ်စု**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးအောင် (၇၄)နှစ်
**ငွေစာရင်းအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၄)၊ ငါးလွှာ(A)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်းနေ ဒေါ်စိုးစိုးလှ၏ခင်ပွန်း၊ ကိုကျော်လင်းဟန်၏ဖခင် ဦးအောင်သည် ၂၇-၉-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**အစ်မ (ဦးသိန်း)-ဒေါ်ကြည်ကြည်စိန် (သမဦးစီး-ငြိမ်း)**
**တူမများ - မဝါဝါမြင့်နှင့် မနီနီမြင့်(မလှိုင်မြို့)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးနေဝင်း (၆၁)နှစ်
**(မြို့နယ်တရားသူကြီး-ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**(တရားရေးဝန်ထမ်းအပတ်စဉ်-၆)**

ဒလမြို့နယ်၊ အမှတ်(၃၃)၊ ဓမ္မသုခလမ်း၊ (ဒလ-တွံတေးကားလမ်းမ)၊ ကျောင်းစုရပ်ကွက်နေ ဒေါ်ဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဟိန်းအောင်ဇော်-ဒေါ်ခင်ဦးမွန်တို့၏ ကျေးဇူးရှင်ဖခင်၊ [ဦးဘသန်း(ကျန်းမာရေးမှူး)-ဒေါ်ခင်မေကြည်]တို့၏သား၊ (ဦးသန်းလွင်-ဒေါ်ခင်တင့်)၊ ဗိုလ်ကြီးဇော်ဝင်း-ဒေါ်အေးအေးချို၊ ဦးကြည်သန်းတို့၏ညီ၊ ဦးဂေါ်ရာ-ဒေါ်မာလာ၊ ဒေါ်ရွှေမိ၊ ဒေါ်ရွှေအိ၊ ဒေါ်ဥမ္မာ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မောင်အောင်ထူးခန့်၏ ချစ်လှစွာသောအဘိုး ဦးနေဝင်းသည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ဒလခနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးအေးကျော် (၄၇)နှစ်
**B.A (History) Q**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၈၈)၊ လေးလွှာ (A)၊ မြန်မာ့ဂုဏ်ရည်လမ်းနေ (ဦးဂျေပီရောင်း)-ဒေါ်မာရီတို့၏ သားလတ်၊ မဒေါ်လီ၊ ကိုဘာဘူ(စင်ကာပူ)တို့၏ ညီ/မောင်၊ ကိုညီညီ (စင်ကာပူ)၊ မဇင်မာတို့၏အစ်ကိုသည် ၃၀-၉-၂၀၁၇ ရက် နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်(မန္တလေး)
### အသက် (၈၄)နှစ်

မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံကျောင်း(G.T.I) လျှပ်စစ်ဌာန ကထိကဟောင်း (၁၉၅၈-၆၉) ဦးထွန်းတင်၏ ချစ်လှစွာသောဇနီး၊ ချိုချိုတင် (PATRICIA @ Petty)၊ မိုမိုတင် (KATHY)၊ ညီညီတင်(RICHARD)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်တင်သည် ၂၄-၉-၂၀၁၇ ရက် ညနေ ၅ နာရီတွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အယ်အေမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ ရက် နံနက် ၉ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအသင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အောင်ဆန်းသူရိယလှသောင်း**
**ကျောင်းသားဟောင်း**
### ဦးခင်မောင်ဝင်း (၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၇၀၄)နေ (ဦးလှရွှေ-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းဌေး၏ ခင်ပွန်း၊ (ဗိုလ်ကြီးအုန်းလွင်)၊ (ဦးစိုးမြင့်)၊ ဒေါ်မိမိလေး၊ ဒေါ်သင်းသင်းရွှေ၊ ဦးမျိုးမြင့်လေးတို့၏အစ်ကိုကြီး၊ မခင်သက်သက်ဦး၊ ကိုကျော်ဇင်လတ်၊ မတန်ခူးထွန်း၊ ကိုဝေဖြိုးမောင်၊ မမိမိအေး၊ မမေစန္ဒာဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးခင်မောင်ဝင်းသည် ၃၀-၉-၂၀၁၇ (စနေနေ့) နံနက် ၅း၁၀ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်စိန်(ခ)ဦးချောင်အီဟင်း (၁၀၂)နှစ်
**ဦးကျော်စိန် မိုးရေကာဖျင်ဆိုင်နှင့် တိမ်လွှာအထွေထွေရောင်းဝယ်ရေး**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၂)၊ ပထမထပ်၊ (၂၄)လမ်း၊ အောက်လမ်းနေ (ဒေါ်အေး)၏ခင်ပွန်း၊ ဒေါ်သန်းသန်းမြင့်-ဦးစောအောင်၊ ဒေါ်မြင့်မြင့်အေး-ဦးတင်စိန်၊ [ဒေါ်နုနုယဉ်(ခ)ချူး]၊ ဦးသိန်းထွန်းဝင်း-ဒေါ်တင်တင်လှ၊ USA နေ Dr. ဒေါ်သန်းသန်းဝင်း-ဦးထွန်းကျော်၊ ဒေါ်သန်းသန်းအေး-ဦးအောင်မြင့်၊ USA နေ Dr. ဦးဇော်ထွန်းဝင်း-ဒေါ်စန်းကြည်၊ ဦးအောင်ထွန်းဝင်းတို့၏ မွေးသဖခင်၊ မြေး ၃၅ ယောက်တို့၏အဘိုး၊ မြစ် ၁၇ ယောက်တို့၏ဘိုးဘိုး ဦးကျော်စိန်သည် ၂၉-၉-၂၀၁၇(သောကြာနေ့) ည ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးလှသွင်(ခနေဖြူ) (၈၇)နှစ်
**လှ-ဓာတ်ပုံတိုက်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၇၆)၊ သုံးလွှာနေ (ဦးဖိုးဆိုင်-ဒေါ်လှရင်)တို့၏သား၊ (ဦးဖိုးထွား-ဒေါ်ခိုင်သာ)တို့၏သားသမက်၊ မုဒုံမြို့နေ (ဦးလှရီ)-ဒေါ်အေးရီ၊ (ဦးဘိုဟိန်း-ဒေါ်ညွန့်ညွန့်)၊ (ဦးသောင်းညွန့်-ဒေါ်တင်ရီ)တို့၏မောင်၊ လှိုင်သာယာမြို့နယ်နေ (ဦးစန်းမောင်)-ဒေါ်တင်အေးတို့၏အစ်ကို၊ ဒေါ်မြမြသွင်၊ (ဦးညွန့်လှိုင်)-ဒေါ်သီတာသွင်၊ ဦးဇော်ဝင်းအောင်-ဒေါ်နီလာသွင်(USA)၊ ဦးကျော်ဝေ-ဒေါ်အေးအေးသွင်(Macau)တို့၏ဖခင်၊ မောင်သီဟလှိုင်၊ မောင်အောင်သူရလှိုင်-မရွှေဇင်ဇင်အောင်၊ မောင်သက်မင်းထွန်း-မမေဇင်အောင်၊ မအိမ့်ဖူးပွင့်အောင်၊ မသုသုစန္ဒီအောင်၊ မောင်ကောင်းမြတ်ဟိန်းတို့၏အဘိုး၊ မောင်ဖရက်ဒီဘုန်းမြတ်၏ဘိုးဘိုးကြီး၊ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၉-၂၀၁၇ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခေတ္တရာအသင်း**
### ဒေါ်ခင်စိန် (၈၇)နှစ်
**ရာသက်ပန်အသင်းဝင် (၄၅၄)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၄၁)နေ ဦးဘရီ-ဒေါ်မြရီတို့၏သမီး ဒေါ်ခင်စိန်သည် ၂၉-၉-၂၀၁၇(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့
ခေတ္တရာအသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးမောင်မောင်ထွေး (၇၇)နှစ်
**ယာဉ်/စက်(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၁၀၄)၊ လေးလွှာ၊ ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်မြို့၊ အမှတ်(၃၃/၃၅)၊ ဘိုကလေးဈေးလမ်း၊ အောက်လမ်းနေ (ဦးကျန်အောင်-ဒေါ်လှခင်)တို့၏သား၊ (ဦးကျင်ရှိန်-ဒေါ်လှညွန့်)တို့၏သားသမက်၊ (ဦးကျော်ဝင်း-ဒေါ်သန်းမြင့်)၊ ဦးမောင်အေး-ဒေါ်မြဝင်း၊ (ဦးထွန်းကြည်)-ဒေါ်ခင်မြင့်တို့၏မောင်၊ ဦးတင်ကြည်-ဒေါ်ကြူကြူဝင်းတို့၏အစ်ကို၊ ဒေါ်ဌေးဌေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ကျော်-ဒေါ်ခင်ခင်စိုး၊ ဦးစောမြလှိုင်-ဒေါ်အေးသီတာတို့၏ချစ်လှစွာသောဖခင်၊ မောင်ဘုန်းသီဟနိုင် (တတိယနှစ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊ မလင်းလက်သန့်ဖြူ (အဋ္ဌမတန်း-က၊ အထက-၄၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောအဘိုးသည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၇(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
### ဒေါ်ရီရီမြင့် (ခ)ဒေါ်ရှိစီဖေရင်(မိတ္ထီလာ) (၇၄)နှစ်

မိတ္ထီလာမြို့နေ (ဦးဖေရင်-ဒေါ်မေကြိုင်)တို့၏ သမီးကြီး၊ (ဦးညိုလှ-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၆)လမ်းသွယ်၊ သုခလမ်း၊ အမှတ်(၄၂)နေ [ဦးဖေသိန်း(အားကစားကလောင်ရှင်)]၏ချစ်လှစွာသောဇနီး၊ ဦးဆန်းဝင်းညို-ဒေါ်စုစုလှိုင်၊ ဦးမျိုးအေးသိန်း(ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချောချောစု၊ Capt-ဇော်မြင့်နိုင်(ES Shipping Co., Ltd, Singapore)-ဒေါ်ခင်မိုးသူ၊ ဦးဝေဇင်ဦး(C/O,St. JOHNS Shipmanagement Ltd)-ဒေါ်သဥ္ဇာဦးတို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်ကျော်၊ မောင်စိုင်းလင်းသန့်မောင်၊ မသုမွန်ဟန်၊ မဖြူစင်ဝင်းသန့်၊ မစောခမ်းဟွမ်၊ မစုမြတ်ဝင်းထက်တို့၏အဘွားသည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြော်ငြာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဝေလင်း(ငြိမ်း) (၅၆)နှစ်
**DSA 25/26၊ ကြည်း-၁၈၈၇၄**
**ကျောင်းအုပ်ကြီး၊ အထက-ရွှေနတ်တောင်၊ မော်လမြိုင် (ငြိမ်း)**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့နေ (ဗိုလ်ကြီးတင်ဆောင်-ဒေါ်အမာနီ)တို့၏သား၊ မြစ်ကြီးနားမြို့နေ (ဗိုလ်ကြီးခန့်ဂျေဖော်ကြိုင်)-ဒေါ်သန်းရင်တို့၏သားသမက်၊ ဦးခင်မောင်ဆွေ(ထောင်ပိုင်ကြီး-ငြိမ်း)-ဒေါ်ခင်မကြီး(ဆရာမ-ငြိမ်း)၊ (ဦးစိန်လှဝင်း)-ဒေါ်ခင်မလေး(IKBZ)၊ ဒေါ်ခင်မအေး(FNI)၊ ဦးကျော့ရှင်း(ခေတ္တ-ဂျပန်)၊ ဦးအောင်စိုး(မြို့တော်စည်ပင်-ငြိမ်း)တို့၏ညီ/မောင်၊ ဦးဉာဏ်ဝင်း(TKK)-ဒေါ်ခင်လှရီ(မြန်မာ့အာမခံ)၊ ဦးအောင်ထွေး(PTE)-ဒေါ်တင်မိုးသူဇာတို့၏ အစ်ကို၊ တူခြောက်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုး၊ မောင်ဟိန်းပြည့်(ရွှေသရဖူ)၊ မဆုနန္ဒာနှင်း(သတ္တမတန်း-B၊ အထက-၂၊ တောင်ဥက္ကလာ)တို့၏ဖခင်၊ ဒေါ်ခင်နှင်းဆီ(ခ)ဒေါ်ထုလွမ်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၈း၄၅ နာရီတွင် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် (၉၆၈-ခ)၊ ကျော်သူ (၁၉)လမ်းအထက်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမောင်နှမတစ်စု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြကြည် အသက်(၉၀)
**ပဲခူးအမျိုးသားတန်းမြင့်ကျောင်းသူဟောင်း**
**အထက(၃)၊ ပဲခူး**

ပဲခူးမြို့၊ ဇိုင်း/မြောက် (၅)လမ်း၊ အမှတ်(၁၂၅)နေ (ဦးကျန်-ဒေါ်စိန်ဂုံး)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ရွှေကျင်)တို့၏သမီးချွေးမ၊သက္ကလမြို့နေ (ဦးဝင်းတင့်)-ဒေါ်ခင်စန်းဌေး၊ ပဲခူးမြို့နေ ဦးအောင်သူ-ဒေါ်မြင့်မြင့်ရီ (မြို့နယ်စာရင်းစစ်)၊ ရန်ကုန်မြို့နေ ဦးအေးလွင် (စက်မှု-၂၊ MICS)-ဒေါ်သန္တာလွင် (စက်မှု-၂၊ MICS)၊ ဒေါ်အေးအေး(ခ)မေသင်းကြူတို့၏မွေးသမိခင်၊ ကိုကျော်ထင်အောင်-မစိမ်းလဲ့ညို၊ ကိုကျော်သူရ-မခင်စုစုနိုင်၊ မယဉ်မင်းသူလွင်၊ ကိုလှိုင်မင်းထွန်း(ခေတ္တ-စင်ကာပူ)-မယဉ်မင်းဖြူလွင်(ခေတ္တ-စင်ကာပူ)၊ ကိုရဲလင်းထွန်း-မသူဇာဝင်း(နည်းပြ-ရန်ကုန်ပညာရေး တက္ကသိုလ်)တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး၊ (ဦးချစ်စိန်)၏ဇနီး ဒေါ်မြကြည်သည် ၂၇-၉-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်သင်္ဂဟတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူသားသမီးများနှင့်မြေးများ

### ဒေါ်သန္တာထွန်း(ရန်ကုန်မြို့)
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အမှတ်(၁၂၇)၊ (ခ/၁၁)လမ်းနေ ဦးဗိုလ်စိန်၏ဇနီး၊ ဦးသင်းမောင်အေး-ဒေါ်ဆွေဇင်ငြိမ်း၊ ကိုဇင်မျိုးဦး၊ ကိုကျော်ဇင်ထက်တို့၏ ချစ်လှစွာသောမိခင်သည် ၂၉-၉-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဌေးလွင်(ခနေဖြူမြို့)
### အသက် (၆၁)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ခနေဖြူမြို့နေ (ဦးအုန်းစိန်-ဒေါ်စောချစ်)တို့၏မြေးဦး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၁/၂၃)၊ (7/B)၊ ဗိုလ်တထောင်လမ်းသွယ် (၃)လမ်းနေ (ဦးဌေးကြွယ်)-ဒေါ်လှနွဲ့တို့၏သားကြီး၊ ဦးအောင်အောင်-ဒေါ်သူဇာလွင်၊ ဦးအောင်ဝင်းဦး-ဒေါ်ဌေးဌေးမြင့်(ဆာကူရာဆေးရုံ)တို့၏ အစ်ကိုကြီး၊ ဝိုင်းယုယဦး၏ချစ်လှစွာသောဘဘကြီး၊ ဒေါ်စုစုကြည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပိုင်စိုး၊ မမိုးဖြူခင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃၀-၉-၂၀၁၇ (စနေနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးနေဝင်း (၆၁)နှစ်
**(မြို့နယ်တရားသူကြီး-ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**(တရားရေးဝန်ထမ်းအပတ်စဉ်-၆)**

ဒလမြို့နယ်၊ အမှတ်(၃၃)၊ ဓမ္မသုခလမ်း၊ (ဒလ-တွံတေးကားလမ်းမ)၊ ကျောင်းစုရပ်ကွက်နေ ဒေါ်ဝင်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟိန်းအောင်ဇော်-ဒေါ်ခင်ဦးမွန်တို့၏ကျေးဇူးရှင်ဖခင်၊ မောင်အောင်ထူးခန့်၏ချစ်လှစွာသောအဘိုး ဦးနေဝင်းသည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ဒလခနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ ဓမ္မသာရ မဟာထေရ်
## သိက္ခာတော် (၆၆)ဝါ၊ သက်တော် (၈၆)နှစ်
**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ အာဒိကမ္မိက အာရာမိဿရ**
**ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ**

ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးရုပ်ပွားတော်၊ သာခုကန်စေတီတော်၊ ရွှေပြည်သာမြို့ဦးစေတီတော်ဂေါပကအဖွဲ့များ၏ သြဝါဒါစရိယ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့-အဖွဲ့ဝင် ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့-ဥက္ကဋ္ဌ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သမ္မတ၏စွမ်းဆောင်ရည်ဆုရ သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါရှိ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်သည် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်) ၃၀-၉-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပမည့်ရက်ကိုထပ်မံကြေညာပါမည်။

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးတင်အောင်(ဗိုလ်ကြီး-ငြိမ်း) (၈၃)နှစ်
**ကြည်း-၇၁၁၀ (စည်သူ ၁၄- အပတ်စဉ်)**

ကျုံမငေးမြို့နေ (ဦးမောင်သန်း-ဒေါ်သိန်းညွန့်)တို့၏ သားထွေး၊ ပြင်ဦးလွင်မြို့နေ (ဦးဘအုန်း-ဒေါ်သင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ စက်မှု(၁)လမ်း၊ တိုက်(၃၅၂)၊ အခန်း(၂၁)နေ ဒေါ်ကြည်ကြည်နှင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး(FAME Pharmaceuticals)၊ ဦးခင်မောင်လတ်(ရဲမှူး-ငြိမ်း)-ဒေါ်မေစန်းလင်း၊ ဦးသာဒင်-ဒေါ်ဝါဝါအောင်၊ ဦးအောင်နိုင်-ဒေါ်ခိုင်ခိုင်အောင်၊ ဦးဘိုသောင်း-ဒေါ်နီနီအောင်၊ ဒေါ်စုစုအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၃၀-၉-၂၀၁၇ (စနေနေ့) နံနက် ၁း၄၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၇(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကင်းမြို့နယ် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတိုးလှိုင်(တောင်စွန်း) (၇၇)နှစ်
**ဒုအရာခံဗိုလ်(အငြိမ်းစား)၊ တပ်မတော်(ရေ)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၈၄)နေ (ဦးဖေစိန်-ဒေါ်သိန်းမေ)တို့၏သား၊ (ဦးအောင်မြင့်-ဒေါ်လှအေး)တို့၏သားသမက်၊ ဦးပွေး၊ ဒေါ်သန်းရင်၊ (ဦးတင်အေး)-ဒေါ်တိုးရင်တို့၏ညီ/မောင်၊ ဦးကျော်ခင်-ဒေါ်တင်ဝင်း၊ ဦးစန်းအောင်-ဒေါ်ခင်စန်း၊ (ဦးတင်ဆန်း)-ဒေါ်သန်းမြင့်တို့၏အစ်ကို၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မဥမ္မာလှိုင်၊ မောင်အောင်မျိုးလှိုင်၊ မအိအိလှိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) ည ၇း၁၀ နာရီတွင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
### ဒေါ်ဘေဘီဖနန်းဒက်စ်(ခ)Chloe Dawn (၇၄)နှစ်

အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့နေ(ဦးစီပီဖနန်းဒက်စ်-ဒေါ်မေရီလက်ရှလီး)တို့၏ သမီး၊ (ဦးရဲထွန်းကျော်)၏ ချစ်လှစွာသောဇနီး၊ (ဦးသီဟကျော်)၊ ဦးမျိုးမြင့်ကျော်-ဒေါ်မူမူစန်း၊ ဒေါ်သန္တာကျော်-ဦးရဲမြင့်အောင်၊ ဒေါ်မျိုးသီတာကျော်-ဦးမိုက်ကယ်မာရှယ်၊ ဦးနန္ဒကျော်-ဒေါ်စံပယ်၊ ဦးသူရိန်ကျော်-ဒေါ်ထရေဇီနာတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မောင်လုခ်မာရှယ်၊ မအိသီရိကျော်၊ မမူပိုင်မျိုးမြင့်ကျော်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ဘေဘီဖနန်းဒက်စ်(ခ)Chloe Dawnသည် ၁၈-၉-၂၀၁၇ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးစီးသွားပြီဖြစ်ပါသည်။ ကျန်ရစ်သောအရိုးပြာအား ၈-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၃၁)၊ ကျိုက္ကဆံလမ်းရှိ စိန့်ဖရန်းစစ်အစီစီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအား ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်လှ (၆၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးပိန်-ဒေါ်အေးသင်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းဝန်ထမ်းအိမ်ရာ၊ တိုက်(၂၅)၊ အခန်း(၂)နေ (ဒေါ်တင်လှိုင်)၏ခင်ပွန်း၊ (ကိုမင်းမင်း)၊ ကိုဇော်ဇော်အောင် (MV OPS HAMBURG THIRD OFFICER UNITEAM SHIPPING MARINE)၊ ဗိုလ်ကြီးဟိန်းကျော်မြတ်[B.N.Sc၊ အမှတ်(၁) တပ်မတော်ဆေးရုံ၊ ခုတင်(၃၀၀) မြစ်ကြီးနား]-မချစ်စုလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၉-၉-၂၀၁၇ (သောကြာနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံမှတစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှမြင့်ထွန်း(ခ)ထွန်းထွန်း (၅၃)နှစ်
**အထက(၁) ဒဂုံ (၈၀-၈၁)**

ရန်ကုန်မြို့၊ အမှတ်(၇၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ် (ဒေါ်အေးမှင်တစ်ခွန်းတိုက်)နေ ဦးမြင့်သိန်း-(ဒေါ်ခင်ကြည်ဝင်း)တို့၏သားလတ်၊ [ဦးမိုးမြင့်(ဒု-ညွှန်ကြားရေးမှူး၊ ဗဟိုသုတေသန)]-ဒေါ်ခင်ချိုချိုတို့၏သားသမက်၊ ဒေါ်မို့မို့မိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်လွင်၏ညီ၊ ဒေါ်ဆွေဆွေမြင့်-ဗိုလ်မှူးကြီးစိုးအောင်တို့၏အစ်ကို၊ မယမင်းဦး(MRTV-4)၊ မောင်သီဟထွန်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင် ဦးလှမြင့်ထွန်းသည် ၃၀-၉-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၇ ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု




## အာရှနိုင်ငံများသို့ သမ္မတ ထရန့် အလည်အပတ်လာမည်

စာမျက်နှာ » ၄

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စစ်တွေမြို့ ယာယီကယ်ဆယ်ရေး စခန်းများသို့ ဆန်အိတ်များ ထောက်ပံ့

စာမျက်နှာ » ၉




# မန္တလေး ကျောက်တော်ကြီးဘုရားစောင်းတန်းတော်ကြီးများ ဖွင့်လှစ်



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ စောင်းတန်းတော်ကြီး လေးသွယ်ကို ယနေ့နံနက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဘုရား၏အရှေ့ဘက်မုခ်တွင် ပုရတ္ထိရတနာစောင်းတန်း၊ တောင်ဘက်မုခ်တွင် ဒက္ခိဏရတနာစောင်းတန်း၊ အနောက်ဘက်မုခ်တွင် ပစ္ဆိမရတနာစောင်းတန်း၊ မြောက်ဘက်မုခ်တွင် ဥတ္တရရတနာစောင်းတန်းတို့ဖြစ်ကြပြီး

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



## Miss Universe Myanmar သရဖူကို ပဲခူးမှ အလှမယ် နှင်းသွေးယုအောင်၊ Miss Grand Myanmar သရဖူကို နေပြည်တော်မှ အလှမယ် ဆုမြတ်ဖူးတို့ ဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၃၀**

မယ်စကြဝဠာ မြန်မာအဖွဲ့အစည်းမှ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်အလှမယ် ၃၀ အနက်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ရွေးချယ်ပေးမည့် နောက်ဆုံးပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညပိုင်းက ဂန္ဓာမာဟိုးစေး၌ ကျင်းပခဲ့ရာ Miss Universe Myanmar 2018 သရဖူကို ပဲခူးတိုင်းဒေသကြီးမှ အလှမယ် နှင်းသွေးယုအောင်နှင့် Miss Grand Myanmar 2018 သရဖူကို 1st Runner Up သရဖူဆုရှင် နေပြည်တော်မှ အလှမယ် ဆုမြတ်ဖူးတို့က ရရှိခဲ့သည်။

"ဒီနေ့ညဟာ ကျွန်မအတွက်တော့ အမှတ်ရစရာအကောင်းဆုံးအတွေ့အကြုံနဲ့ တစ်သက်လုံးတန်ဖိုးထားမှတ်မိနေမယ့်အချိန်လေး ဖြစ်သွားမှာပါ။ ကျွန်မ အလွန်ပျော်နေပါတယ်။ ဆက်လက်ပြီးလည်း အကောင်းဆုံး ကြိုးစားသွားမှာပါ"ဟု Miss Universe Myanmar 2018 သရဖူရရှိသည့် အလှမယ် နှင်းသွေးယုအောင်က ပြောသည်။

၎င်းတို့နှစ်ဦးနှင့်အတူ 2nd Runner Up သရဖူကို တာချီလိတ်မှ အလှမယ် နန်းမွေဖောင်းလုံက လည်းကောင်း၊ 3rd Runner Up သရဖူကို Miss Photogenic ဆုရ ဘားအံမှ အလှမယ် မြင့်မိုရ်မေက လည်းကောင်း၊ Miss Congeniality ဆုကို တောင်ကြီးမှ အလှမယ် ရွှန်းလဲ့ရည်က လည်းကောင်း အသီးသီးရရှိခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရတနာပုံကို ရန်ကုန်အသင်း အိမ်ကွင်း၌ အနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၁၇ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီး၊ ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့(ဒုတိယနေ့)အဖြစ် ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ယနေ့ ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းအိမ်ကွင်း၌ အနိုင်ရခဲ့သည်။

| | | |
|---|---|---|
| ရန်ကုန် | - | တစ်ဂိုး |
| ရတနာပုံ | - | ဂိုးမရှိ |

ရတနာပုံအသင်းသည် အဝေးကွင်း၌ ရန်ကုန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက်တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားခဲ့သည်။

နှစ်သင်းစလုံးတွင် အမာခံကစားသမားတချို့ ဒဏ်ရာနှင့် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်ခြင်းမရှိသော်လည်း နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံနီးပါး ပါဝင်ခဲ့သည်။ အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်။ ရန်ကုန်အသင်းမှ ဆီဇာ၊ ကျော်ကိုကို၊ ရတနာပုံအသင်းမှ ပက်ထရစ်၊ စည်သူအောင်နှင့် အောင်သူတို့ အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းက ခြေပိုသာခဲ့သော်လည်း မိနစ် ၆၀ နောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကို ထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းအစတွင် ကြည်လင်းဝင်ရောက်လာသောကြောင့် ရန်ကုန်အသင်း တောင်ပံတိုက်စစ်ပိုကောင်းလာခဲ့ပြီး ရတနာပုံဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တိုက်စစ်မှူးအောင်သူ၏ အပိုင်ကန်သွင်းမှုကို ရန်ကုန်ဂိုးသမား ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သည်။ ၆၉ မိနစ်တွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆီဇာက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရတနာပုံတိုက်စစ်ပြန်မြှင့်လာသော်လည်း ရန်ကုန်ခံစစ်ပိုင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ တတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ရှမ်းယူနိုက်တက်၊ အောက်တိုဘာ ၁၉ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(ရွှိုင်းထက်ဇော်)



ဝတ္ထုတို

■ ပွင့်ပန်းဝေလှိုင်



# လောင်းရိပ်မိသောပန်း

(၁)

'တီ တီ တီ'

အိမ်ရှေ့မှ ဟွန်းတီးသံကြားမိသောကြောင့် အပြင်သို့ထွက်ကြည့်မိသည်။ ဆိုင်ကယ်အနက်ရောင်နှင့် လူတစ်ဦး။ဇဝေဇဝါအတွေးများဖြင့် အနားသို့ရောက်အသွား . . .

'တီလေး သားကိုမှတ်မိလား'

'ဟယ် သားငယ် ထွားကျိုင်းလာလိုက်တာ မနည်းကြည့်ယူရတယ်၊ လာအထဲကို'

သားငယ်သည် လက်ဆောင်ဖြစ်ဟန်တူသော မုန့်ခြင်းကြီးကိုဆွဲကိုင်လျက် အိမ်ထဲသို့ပြေးဝင်သွားသည်။

'ဘာမှမပြောင်းလဲဘူး အရင်အတိုင်းပဲနော်၊ ဒါနဲ့ အဘွားရော'

ဝေ့မေမေကို အဘွားဟုခေါ်ကာ ဝေ့ကို တီလေးဟုခေါ်တတ်သောအကျင့်က မပျောက်သေး။

သားငယ်ပုံစံသည် ယခင်နှင့်မတူ။ သေးသေးညှက်ညှက် ကလေးလေးမဟုတ်တော့။

မတွေ့ဖြစ်သော ငါးနှစ်ကာလအတွင်း ထွားကျိုင်းသန်မာသော လူငယ်တစ်ဦးအဖြစ် ပြောင်းလဲ၍ နေချေသည်။

အမှန်ပြောရလျှင် ဝတ်စားဆင်ယင်ပုံကို ဝေ့စိတ်ထဲ၌ အချိုးမပြေ။ ဘောင်းဘီအိတ်ထဲထည့်ထားသော ဖုန်းကို စားပွဲပေါ်တင်၍ မှောက်ထားလိုက်သောအခါ ပန်းသီးခြမ်းလေးက ပြုံးပြ၏။

'သားငယ်ကို ကြည့်ရတာ အဆင်ပြေနေတယ်ထင်တယ်'

'ဟုတ်တယ်တီလေး၊ သားအလုပ်လုပ်တာ သုံးနှစ်ကျော်ပြီ။ သူဌေးကသားကို တအားချစ်တယ်။ ကျောင်းလခကအစ သူပဲပေးတာ။ လိုလေသေးမရှိဘူး။ ခုလည်း အလုပ်ကိစ္စနဲ့လာတာ ကြုံတုန်း တီလေးနဲ့အဘွားကို လာကန်တော့တာ'

'ဆံပင်ကရော ဘယ်လိုပုံကြီးလဲ'

'ဩော် အဲဒါသင်္ကြန်တုန်းကဆိုးထားတာ ပြန်ညှပ်မှာပါ တီလေးရဲ့'

ထိုစဉ် ဝေ့မေမေရောက်လာပြီး စကားပြောသည်။

'ဟယ် ဘယ်သူလဲလို့၊ သားငယ်ပါလား ဘယ်တွေရောက်နေတာလဲ'

'ရန်ကုန်မှာဆိုပေမယ့် နယ်ဘက်ခရီးသွားရတာများတယ်အဘွား။ ခုတောင် ဒီကပြန်ရင် နယ်စပ်ဘက်ကို သွားမှာ။ တော်တော်ကြာလိမ့်မယ်။ မြို့ရောက်တုန်း လာနှုတ်ဆက်တာ သတိလဲရလို့'

မေမေကသူချက်ထားသော ဝက်သားတည်းသီးချက်၊ ပဲပင်ပေါက်နှင့်ပဲပြားကျော်၊ ဘူးသီးဟင်းခါး စသောဟင်းများနှင့် ဧည့်ခံကျွေးမွေး၏။ သားငယ်မှာလည်း မိသားစုဆီပြန်ရောက်သော ကလေးငယ်ပမာ အားရပါးရ စားသောက်သည်။

သားငယ်ကိုကြည့်ရင်း စိတ်အစဉ်သည် အတိတ်ဟောင်းဆီသို့ ကူးပြောင်းလူးလွန့်၏။

(၂)

'မိဝေရေ ခုလူကြုံနဲ့ထည့်လိုက်တာ ငါ့သားဥက္ကာလေ၊ ငယ်ငယ်တုန်းက နင်မွေးစားမယ်ဆိုတဲ့ကလေးပေါ့။ ကြီးလာတော့ ဆိုးတယ်။ ပြောဆိုလို့ မကောင်းဘူးလေ။ ကိုပြည့်ကလည်း သူ့သားတွေနည်းတူ ချစ်ရှာပါတယ်။ ဒါပေမယ့် သူကအဖေလိုကိုသဘောမထားဘူးသိလား။ ဂျစ်ကန်ကန်လုပ်တယ်။ အငယ်ကောင်နှစ်ယောက်ကိုလည်း တည့်အောင်မနေဘူး။ နိုင်ချင်တယ်ပေါ့ဟယ်။ ကြာတော့ သိတယ်မလား ကိုပြည့်ကလည်း သူ့သားတွေဘက်ကပေါ့။ ကြားထဲက ငါစိတ်ညစ်ရတယ်။ သူ့အဖေလို အကျင့်ဆိုးတဲ့ ဗီဇကပါလာတော့ စရိုက်လည်း ဆိုးတယ်။ ဒီမှာဆက်ထားလို့ အဆင်မပြေလို့၊ သူ့ကိုနင်စာသင်နိုင်လည်း သင်ပေးပေါ့။ အဆင်မပြေရင်လည်း နင်တို့ဆီက ဘော်ဒါ တစ်ခုခုမှာ ကျောင်းအိပ်ကျောင်းစား ထားပေးပါ။ လိုတဲ့ ပိုက်ဆံအကုန် ငါပို့ပေးပါ့မယ်၊ နင်လုပ်ပေးမှ ဖြစ်မှာမို့လေ။ ငါ့မှာနင်ပဲ အားကိုးစရာရှိတာမို့ ကူညီပါနော်'

ကျေးဇူးတင်ရှိစွာဖြင့်
မိဂျူး

မိဂျူးဆိုသည်မှာ ငယ်စဉ်ကတည်းက ညီအစ်မရင်းတမျှ ချစ်ခင်လာသူ။ စားအတူသွားအတူအပြင် မိဘချင်းကလည်း သိကျွမ်းရင်းနှီးကြသည်။

တက္ကသိုလ်ရောက်ချိန်တွင် ကျောင်းပြီးအောင်မတက်ဘဲ ယောကျ်ားနောက်လိုက်သွားသည်။ ခင်ပွန်းဖြစ်သူ မြင့်မောင်သည် လက်ကြောမတင်းသော ဆေးသမားဖြစ်ကာ မိဂျူးကို အမြဲနှိပ်စက်တတ်သည်။ ဆေးကြောင်သောအခါတွင်မူ ပိုဆိုးသည်။ ဓားကြိမ်းကြိမ်းခံရ၍ သရုပ်ပျက်ပြေးရပြန်သည်။ အဆင်မပြေတိုင်း ရင်ဖွင့်ခံရသူမှာ 'ဝေ'ပင်။ လင်ဆိုးမယား တဖားဖားဘဝဖြင့် နေထိုင်ရင်း ဥက္ကာကို မွေးသည်။ ကံကြမ္မာက မြင့်မောင်ကို ဆေးရှေ့ဖြစ်ကာ ဘဝပြောင်းစေသောအခါ မိဂျူး၏ဝဋ်ကြွေးများ ကျေသွားလေတော့သည်။

ရန်ကုန်တွင် အလုပ်သွားလုပ်ရင်း တောင်ကြီးက လူနှင့်အိမ်ထောင်ကျကာ အဆင်ပြေနေမှန်းသိရပြီးနောက် ခုမှပြန်၍ အဆက်အသွယ်ရခြင်းဖြစ်သည်။

မိဘများ၏အိမ်ထောင်ရေး အက်ကြောင်းကြားမှာ မြေစာပင်ဖြစ်ရရှာသော ဥက္ကာလေးကို သနားမိသည်။ ရှစ်တန်းကလေးဖြစ်၍ ဘော်ဒါအပ်ရန် ငယ်လွန်းသည်ဟုယူဆကာ အိမ်ကနေပြီး ကျောင်းတက်စေသည်။ သားငယ်မှာ လွန်စွာအလိုက်သိသူဖြစ်သည်။ ကျောင်းမှပြန်လာသည်နှင့် လွယ်အိတ်ချကာ အိမ်မှုကိစ္စများ ကူလုပ်သည်။ ရေဆွဲပေးသည်။ ခြံရှင်းသည်။ ပန်းပင်ရေလောင်းသည်။

ကိုးတန်းရောက်သောအခါ အလယ်တန်းသင်သော ဝေလည်းတာဝန်မယူနိုင်သောကြောင့် အသိမိတ်ဆွေတစ်ယောက် ဖွင့်ထားသော ဘော်ဒါသို့ပို့ရသည်။ သားငယ်မှာ အလွန်လိမ္မာပြီး စာကြိုးစားသူမို့ ကျေနပ်ရသည်။ ဘော်ဒါပိတ်ရက် တနင်္ဂနွေရောက်တိုင်း အိမ်ပြန်လာကာ ကူညီလုပ်ကိုင်တတ်သေးသည်။

(၃)

'သားငယ်တို့အဖွဲ့ ကျောင်းက အိမ်သာမှာ ဆေးလိပ်သောက်နေကြတာမိလို့ ကျောင်းအုပ်ကြီးရုံးခန်းရောက်တယ်'

စာသင်ချိန်ပြီး၍ နားနေခန်းသို့ ရောက်ရောက်ချင်း အသိဆရာမတစ်ဦးက ပြောသောအခါ ခေါင်းကိုမိုးကြိုးပစ်ခံရသကဲ့သို့ ခံစားရသည်။ စိတ်လည်း အလွန်ထိခိုက်မိ၏။

သားငယ် မူမမှန်ဖြစ်နေသည်ကိုမူ သတိထားမိသည်။ ပိတ်ရက်မှာ အိမ်ပြန်မလာဘဲ သူငယ်ချင်းအိမ်ဆိုပြီး သွားနေတတ်သည်။

ဘော်ဒါမှာဆိုပြီး စိတ်ချလက်ချနေမိခဲ့သည်။ မနေ့က ဘော်ဒါသို့ လခသွားပေးသောအခါ ဘော်ဒါအုပ်က တိုင်တော့သည်။

ယခုလည်း ရုံးခန်းရှေ့မှာ ဆရာကြီးကိုစောင့်ရင်း ဘော်ဒါကဆရာမက ပြောပြန်သည်။

'ကိုးတန်းစတက်တုန်းကတော့ လိမ္မာပြီး စာဆိုလည်း တက်တက်ကြွကြွလုပ်တယ်။ ကိုးတန်းနှစ်ကုန်ခါနီးတုန်းက ဘော်ဒါမှာ ဆေးလိပ်ခိုးသောက်ကြတာမိလို့ အပြစ်ပေးလိုက်တယ်။ အဲဒီတုန်းက တစ်ခါအမှားဆိုပြီး မမဝေတောင်မပြောခဲ့ဘူး။ ခုဆယ်တန်းရောက်တော့ ကျောင်းတက်ပြီး နောက်ပိုင်းမှာစာမလုပ်ချင်ဘူး။ စာသင်ချိန်ဆိုအမြဲ အိပ်ငိုက်နေတယ်။ နေမကောင်းဘူးဆိုပြီး ခွင့်တောင်းပြီး အိပ်ပဲနေတာ။ တစ်ခါတလေငြိမ်ပြီးနေတတ်ပေမယ့် တစ်ခါတလေကျ သူငယ်ချင်းတွေကို ရန်လုပ်တယ်။ ဆူလည်းခေါင်းငုံ့ပြီး ဘာမှပြန်မပြောဘူး။ ပြန်မပြော နားမထောင်ဆိုတာ သူ့လိုလူမျိုးပဲ။ညီမလည်း သူ့တစ်ယောက်ပဲထိန်းရတာ မဟုတ်ဘူးလေ။ ကလေးတွေအားလုံးကို စောင့်ကြည့်နေရတာ။ ဒီအရွယ်တွေက အတုမြင်အတတ်သင်တဲ့အရွယ် စမ်းသပ်ကြည့်ချင်တဲ့အရွယ်လေ။ ဆေးလိပ်ကနေ အကုန်ပါလာမှာကြောက်နေရတယ်။ မမဝေမျက်နှာကြောင့်သာထားနေရတာ။ ညီမကတော့ သူ့ကိုစိတ်ကုန်နေပြီ။ ဒါနဲ့မမဝေ သူ့အဖေက ဆေးစွဲပြီးသေတာဆို၊ သူ့အမေဆီပြန်ပို့လိုက်တာ ပိုကောင်းမယ်ထင်တယ်၊ မဟုတ်ရင် မမဝေအပေါ် ဝန်ပိမယ်နော်'

'အေးပါညီမရယ် သူ့ဘဝကလည်း သနားစရာပါ။ ကလေးထဲက စိတ်ဒဏ်ရာနဲ့ကြီးပြင်းခဲ့ရတာဆိုတော့ ကိုင်တွယ်ရခက်တယ်။ သူ့ကိုချော့မော့ပြီး နားချပေးပါ့မယ်။ ဘော်ဒါကတော့ မထုတ်ပါနဲ့နော်။ ဒီနှစ်ဆယ်တန်းအောင်ပြီး ဘွဲ့တစ်ခုရပြီး သူ့ဘဝသူကျောင်းနိုင်အောင် လုပ်ပေးချင်လို့ပါ။ လမ်းဘေးမရောက်အောင် အတတ်နိုင်ဆုံး ကူညီပေးပါနော်။ တောင်းဆိုတာပါကွယ်'

ထိုစဉ်ဆရာကြီးရောက်လာ၍ စကားစပြတ်သွားသည်။

'ကဲဗျာ အချိန်မရှိတော့ လိုရင်းပဲပြောတာပေါ့၊ အားလုံးသိပြီးတဲ့အတိုင်း ဒီကလေးတွေ အိမ်သာထဲမှာဆေးလိပ်ခိုးသောက်တဲ့အပြင် အချိုရည်ဘူးထဲကို ဘီယာထည့်ယူလာပြီး သောက်ကြတယ်။ ပြီးတော့ ကျောင်းသားတွေကို မသွားဖို့တားမြစ်ထားတဲ့ ကျောင်းနောက်ဘက်က ကွမ်းယာဆိုင်ကိုလည်း သွားတာတွေ့တဲ့လူကတွေ့တယ်။ အခြားကျောင်းသားတွေပြောကြတာတော့ သူတို့ကဆေးပြားတွေကို ကျောင်းထဲယူလာပြီး ဖြန့်နေတယ်လို့ ပြောကြတယ်။ ခုစစ်မေးတော့ ငြင်းကြတယ်။ သူတို့ကသာ ဆေးမသုံးဘူးပြောပေမယ့် သူတို့ရုပ်တွေကိုကြည့် မျက်တွင်းကျပြီး နားထင်ရိုးတွေပေါ် မျက်လုံးတွေကရီဝေနေတာ။ ဒီအရွယ်ဆိုတာ လန်းဆန်းတက်ကြွနေရမှာလေ၊ သက်သေနဲ့မမိသေးတော့ ဘာမှလုပ်လို့မရဘူးပေါ့။ မိရင်တော့မထားဘူးဗျာ။ အားနာပေမယ့် ရဲလက်ပဲအပ်ရမှာပဲ'

'ကျောင်းတော့မထုတ်ပါနဲ့ ဆရာကြီးရယ်၊ ဒူးထောက်ပြီး တောင်းပန်ပါတယ်။ အပြင်ရောက်သွားရင် ဒီထက်ပိုဆိုးမှာဆိုးလို့ပါ။ ဆေးသုံး၊ မသုံးစစ်ကြည့်ပြီးမှပဲ အတည်ပြုပေးပါနော်။ မိဘတွေဘက်ကိုလည်း စဉ်းစားပေးပါဦးနော်'

ကျောင်းသားမိခင်တစ်ဦးက ငိုယိုကာ တောင်းပန်သောအခါ ဆရာကြီးမှာ စိတ်လျှော့သွားပြီး ကျောင်းတွင်း၌ မူးယစ်သေစာ သောက်စားမှုကို အပြစ်ပေးသည့်အနေဖြင့် ကျောင်းတစ်ပတ်နားစေခဲ့သည်။

(၄)

'သားမစစ်ချင်ဘူး'

ဆေးစစ်ရန် ရန်ကုန်အထိ ချော့မော့ခေါ်လာပြီး ဆေးခန်းရှေ့ရောက်မှ ဗွေဖောက်လာသည်။

'ကြောက်နေတာလား သားငယ်'

'သားမှမသုံးတာ ကြောက်စရာလား'

'ဒါဆို ဘာလို့မစစ်ရဲတာလဲ'

'မစစ်ချင်လို့'

သားငယ်ပုံစံက တစ်ခါမှမမြင်ဖူးသော လူတစ်ဦးကဲ့သို့ ခက်ထန်နေသည်။ သူ့ကိုကြည့်ရင်း စိတ်ရှည်သော ဝေပင်ဒေါသထွက်မိသည်။ ထချပစ်ချင်စိတ် ပေါက်လာသည်။ ထို့ကြောင့် လေသံမာမာဖြင့် 'ဒါဆိုသက်သေပြလေ။ ယောကျ်ားပဲ လုပ်ရဲရင် ခံရဲရမှာပေါ့။ မစစ်လို့တော့မရဘူး ကျောင်းထုတ်ခံရမှာပေါ့'

'ထုတ်လည်းကောင်းတာပဲ အဲဒီကျောင်း မတက်ချင်တော့ဘူး'

'ကျောင်းမတက်လို့ဖြစ်မလား။ မိဂျူးက တီလေးဆီအပ်ထားတာ သားငယ်အတွက် တာဝန်အားလုံးကို တီလေးက ယူထားရတာလေ၊ ခုစစ်ပြီးမဟုတ်ကြောင်း သက်သေပြနိုင်ရင် သားရော၊ တီလေးရော မျက်နှာမပျက်ရဘူးပေါ့။

တီလေးမှာ အလုပ်တွေကိုဖျက်ပြီး လိုက်လာတာ သားအသိပဲမလား။ ဒီထိရောက်လာပြီးမှတော့ စစ်လိုက်ပါသားရယ်'

တင်းမာ၍ မရမှန်းသိသောအခါ လေပြည်သွေးရပြန်သည်။

သားငယ်မျက်နှာသည် ဝေ့ကိုအားနာဟန်သို့ပြောင်းသွားရင်း

'တီလေးကလည်း သားကိုမယုံဘူးလား'

'ယုံတာပေါ့။ ဒါကြောင့်အားလုံးယုံအောင် စစ်ခိုင်းတာပါ'

ဝေ့စကားကြောင့် သားငယ်ဆေးစစ်ခံရန် လက်ခံလိုက်သည်။

'ဥက္ကာမင်းထက် ဆေးစစ်အဖြေရပါပြီ'

စိုးရိမ်ပူပန်မှုများစွာဖြင့် ဆရာမကို မော့အကြည့်တွင် 'အားလုံးအဆင်ပြေပါတယ်'

ထိုစကားကြားမှပင် စိတ်သက်သာရာရကာ ပင့်သက်များ ချနိုင်တော့သည်။

မြို့သို့ပြန်ရန် ကားစောင့်နေချိန်တွင် သားငယ်က 'တီလေးညီး သားကိုအထင်သေးတာပဲနော်'

'ဘယ်လို'

'သားစိတ်ထဲမှာတီလေးက မေကြီးထက် သားအပေါ်ကောင်းတယ်။ ပိုနားလည်တယ်ပဲထင်ခဲ့တယ်။ မေကြီးပြောသလို ဘိန်းစားသားလို့ မပြောပေမယ့် မယုံကြည်ဘူးမလား။ ဆရာကြီးကအစ ဆရာမအားလုံးကလည်း သားဖေဖေကို သိဖူးကြားဖူးနေကြတော့ အဲလိုအမြင်တွေရှိနေတယ်။ တစ်ခုခုဆို ဆေးပြားသုံးတယ်ဆိုတာကြီးပဲ။ သားဆေး လိပ်သောက်တတ်တယ်၊ ဘီယာသောက်တတ်တယ်၊ မညာပါဘူးတီလေး။ လူငယ်တစ်ယောက် အနေနဲ့လုပ်ကြည့်ဖူးရုံပါ မစွဲပါဘူး။ ဒါပေမယ့် ဆေးတော့လုံးဝမသုံးဘူး။ ဘာလို့လဲဆိုတော့ မုန်းလို့။ အဲဒီမူးယစ်ဆေးကြောင့် ဖေဖေ့ဘဝပျက်ပြီး သေရတယ်။ မိသားစုတကွဲတပြားဖြစ်ရတယ်။ အဲဒီဂယက်က သားအထိ အရိပ်မည်းတစ်ခုလို လိုက်နေတယ်လေ။ အခြားကလေးတွေ အမှားလုပ်ကြရင် လူငယ်မို့ပါဆိုပြီး နားလည်ပေးကြပေမယ့် သားတစ်ခါမှားကြည့် ဆေးသမားသားပဲ လုပ်မှာပေါ့ဆိုပြီး ပြောကြတာကိုစိတ်နာလို့'

'သား အမှန်အတိုင်းပြောမယ်တီလေး။ ဘော်ဒါမှာ သားဆေးလိပ်လုံးဝမသောက်ဘူး၊ သားနဲ့မတည့်တဲ့တစ်ယောက်က သားကျောပိုးအိတ်ထဲ ဆေးလိပ်တွေထည့်ပြီး ချောက်ချတာ။ ဆရာမက သားရှင်းပြတာလက်မခံဘူး သက်သေပဲယုံတယ်။ မခံချင်လို့ အဲဒီကောင်ကို ဆွဲထိုးတော့ သားကလူဆိုးဖြစ်တယ်။ ဗီဇဆိုတာပေါ်လာတာပဲဆိုပြီး ဆရာမက အမြဲဆူတော့ စိတ်ညစ်ပြီး မွန်းကျပ်တယ်။ သံသယမျက်လုံးတွေနဲ့ကြည့်ပြီး ခုလိုရှက်စရာကောင်းတဲ့ဆေးစစ်မှုကို လုပ်ရတယ်။ သားကြောင့် တီလေးပါအရှက်ရမှာစိုးလို့ မစစ်ချင်ဘူး ပြောခဲ့တာပါ။ တီလေးရဲ့ကျေးဇူးတွေမသိလို့ မဟုတ်ပါဘူး။ နောက်တစ်ခါ အဲလိုအဖြစ်မျိုးမဖြစ်စေရဘူး။ အဲဒါတွေဘယ်တော့မှမသုံးတော့ဘူးလို့ ကတိပေးပါတယ်။ သားကို ခွင့်လွှတ်ပါ'

မျက်ရည်များစီးကျကာ ငိုရှိုက်၍ နာနာကျင်ကျင်ပြောနေသော သားငယ်ကိုသာ ငေးကြည့်ရင်း ဝေ့မှာနှစ်သိမ့်စကားမရှိခဲ့ပါ။

ဗီဇမကောင်းသော်လည်း ပတ်ဝန်းကျင်ကောင်းလျှင် လူကောင်းဖြစ်နိုင်သည်။ အကျင့်စရိုက်ဆိုးသော မိတ်ဆွေအပေါင်းအသင်းများကို ပေါင်းမိပြီး ဗီဇဟောင်းများပေါ်မလာပါစေနှင့်ဟုသာ ဆုတောင်းနေမိပါသည်။

(၅)

'တီလေး သားပြန်တော့မယ်'

သားငယ်သည် ဝေနှင့်မေမေကို ရှိသေစွာကန်တော့ရင်း ပြောသည်။ ဆယ်တန်းအောင်ပြီးကတည်းက အဝေးသင်တက်ကာ ဘွဲ့ရသောသားငယ်သည် မိဂျူးတို့နှင့်လည်း မနေဘဲ အလုပ်ထဲမှာပဲ ကိုယ့်ထူးကိုယ်ချွန်ကြိုးစားနေသည်ဟု ပြောပြသည်။

ဝတ်စားပုံ သုံးစွဲပုံနေထိုင်ပုံအရ လစာအတော်ကောင်းနေပုံပင်။ နယ်စပ်ဘက်ကို သွားမည်ဆို၍ ရိုးသားသောအလုပ်အကိုင်မှ ဟုတ်ပါ့မလားဟု တွေးမိနေသည်။ ဥပဒေနဲ့ ငြိစွန်းသောအလုပ်မျိုးဖြစ်မှာကို စိုးရိမ်နေမိသေးသည်။

'လိမ်လိမ်မာမာနေနော် အလုပ်လုပ်ရင်လည်း သူ့အကျိုးကိုယ့်အကျိုးရှိပြီး သံသရာကောင်းတဲ့အလုပ်ပဲ လုပ်နော်'

'ဟား ဟား တီလေးဘာပြောချင်တယ်ဆိုတာ သားသိပါတယ်နော်။ သားပုံစံကြည့်ပြီး တစ်မျိုးထင်နေပြန်ပြီမလား။ သားအခုလုပ်နေတာဆိုင်ကယ်ရောင်းတဲ့နေရာပါ။ သူဌေးက သူ့သားဖို့ ဝယ်ပေးထားတဲ့ ဆိုင်ကယ်ပါ။ သားနဲ့ သူ့သားက သူငယ်ချင်းတွေမို့ ခဏယူစီးလာတာပါ။ သူကမြို့ထဲက ဆိုင်မှာနေခဲ့တယ်။ ဖုန်းကလည်း Second ပါဗျ၊ အသစ်မကိုင်နိုင်သေးပါဘူး။ တီလေးထင်သလို မဟုတ်ရပါဘူးဗျာ၊ စိတ်ချပါ၊ သားကလောင်းရိပ်အောက်က ပန်းဖြစ်ခဲ့ပေမယ့် အဆိပ်ပန်းတော့ အဖြစ်မခံပါဘူး၊ သားရဲ့မျိုးဆက်သစ်တွေအတွက်လေ'

ဝေ့ကိုလှမ်းပြောရင်း ဆိုင်ကယ်ကို မောင်းထွက်သွားသော ရင့်ကျက်လာသည့် သားငယ်ကို ကြည့်ရင်းကျေနပ်ပီတိဖြစ်မိနေသည်။ မိမိပျိုးထောင်ပေးခဲ့သော ပန်းကလေးကို အဆိပ်သင့်ပန်း အဖြစ်မခံနိုင်သော ဝေ့စိတ်ထဲ၌ပင် သားငယ်နှင့်ပတ်သက်၍ လောင်းရိပ်မိ နေသော အမြင်စွဲများ ကပ်ငြိနေမှုအတွက်ကိုမူ လွန်စွာရှက်ရွံ့မိနေပေတော့သည်။ ။

ဆောင်းပါး

# ကျေးလက်စာကြည့်တိုက်များ ပြန်လည်ရှင်သန်ဖို့ဆိုလျှင်

## သမိုင်း(တံတားဦး)

ပညာရှာသူ ဒိုဝိုင်းကူဆိုသည့် စာကြည့်တိုက်ဆောင်ပုဒ်နှင့်အညီ ကျေးလက်နေရာ အတော်များတွင် စာကြည့်တိုက်များတည်ရှိပါသည်။ ထိုစာကြည့်တိုက်များမှာ တချို့က ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ကြပြီး တချို့က ပြန်/ဆက်အကူအညီဖြင့် ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ စာရေးသူတို့ တံတားဦးနယ်ဘက်ရှိစာကြည့်တိုက်များမှာလည်း ထိုပုံစံနှစ်မျိုးနှင့် တည်ထောင်ခဲ့ကြတာများရှိပါသည်။ သို့သော်လည်း အစပထမပိုင်း အချိန်မျှသာ ပုံမှန်လည်ပတ်ခဲ့ကြပြီး နောက်ပိုင်းရောက်သည့်အခါ သော့ခတ်ထားသော စာကြည့်တိုက်များအဖြစ် အလှကြည့်ရုံသက်သက်သာ ဖြစ်သွားခဲ့ပါသည်။ အင်မတန် ရင်နာစရာဆုံးရှုံးမှုကြီးဖြစ်သည်။ထို့ကြောင့် ပုံမှန်မလည်ပတ်နိုင်သော စာကြည့်တိုက်များကို သုတေသနပြုကြည့်သောအခါ အရည်အချင်းရှိ စာကြည့်တိုက်မှူးမရှိခြင်း၊ ဘဏ္ဍာရေးအခြေအနေအခက်အခဲရှိခြင်း၊ စာအုပ်အခြေအနေနည်းပါးခြင်း၊ ကျေးလက်လူထုကိုယ်တိုင် စာပေပေါ်စိတ်ဝင်စားမှုမရှိခြင်းများကြောင့်ဆိုသည်ကို တွေ့ရှိရပါသည်။ ပထမဆုံး အရည်အချင်းရှိ စာကြည့်တိုက်မှူးဆိုတာလည်း တကယ့်ဝါသနာအစစ်အမှန်နှင့် စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်မှုများကို ကျွမ်းကျင်ပိုင်နိုင်သူကို ဆိုလိုပါသည်။

ထိုသူသည် ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်ခဲ့ပြီဆိုရင်ဖြင့် အတိုင်းထက်အလွန် အားကိုးဖွယ်ရှိပါသည်။ ဝါသနာရှင်စာကြည့်တိုက်မှူးတစ်ဦးသာ ပိုင်ဆိုင်နိုင်ခဲ့ရင် ဘဏ္ဍာရေးအခြေအနေ၊ စာအုပ်အခက်ခဲအခြေအနေ၊ ကျေးလက်လူထု၏ စာပေါ်စိတ်ဝင်စားမှုမရှိခြင်း အခြေအနေများ၊ အဆင်ပြေချောမွေ့မှုများ ရရှိလာပါသည်။ စာကြည့်တိုက်မှူးသည် ဝါသနာပါသူဖြစ်ပါက စေတနာပါလာပြီဖြစ်သည်။ ထို့အတူ စေတနာပါလာရင်လည်း အနစ်နာခံရန် အခက်အခဲမရှိတော့ပါ။

ထို့ကြောင့် စာကြည့်တိုက်မှူးများသည် စာပေဝါသနာပါသည့် စာပေသမားများ ဖြစ်ရန်လိုအပ်ပါသည်။ စာရေးသူသိရှိသမျှ တကယ့်နာမည်ကြီးစာကြည့်တိုက်များ ပုံမှန်လည်ပတ်နေခြင်းသည် စာပေသမားများ၏ အုပ်ချုပ်မှုကြောင့်သာဖြစ်သည်။ သို့သော် ဖွံ့ဖြိုးမှုနည်းပါးသေးသော ကျေးလက်များအတွက် စာပေသမားစစ်စစ်တွေ့ရန် အခက်အခဲရှိပါသည်။

တကယ်စာပေသမားရှိတဲ့ ကျေးရွာအချို့မှာလည်း ထမင်းတစ်လုတ်ကို အရေးလုပ်ဖြေရှင်းနေရသောကြောင့် စာကြည့်တိုက်ကို ရင်နာစွာနဲ့ ခွဲခွာနေသူများလည်း ရှိပါသည်။ အချိန်မပေးနိုင်ခြင်း၊ စည်းရုံးမှုနည်းပါးခြင်း၊ ဝန်ဆောင်မှုမပြည့်ဝခြင်းတို့ကြောင့်လည်း ကျေးလက်စာကြည့်တိုက်များ တစ်ဝက်တစ်ပျက်နဲ့ အသက်ထွက်ခဲ့ရပါပြီ။ ယခုခေတ် တိုးတက်လာသည့်ပြောင်းလဲမှုများနှင့်အညီ စာကြည့်တိုက်ထောက်ပံ့မှုများ အစဉ်သဖြင့်တိုးပွားလာသည်ကိုတွေ့ရပါသည်။ သို့သော်လည်း ထိုထောက်ပံ့ရေးအစီစဉ်များသည် အလှမ်းဝေးနေသည် တကယ်လိုအပ်နေသော စာကြည့်တိုက်များသို့ ရောက်ရှိမှုနည်းပါးသည်ကို တွေ့ရှိရသည်။ မေးစရာတစ်ခုတော့ ဖြစ်လိမ့်မည်။ ကျေးလက်စာကြည့်တိုက်များ ပြန်လည်ရှင်သန်ဖို့အတွက် ဝါသနာရှင်စာကြည့်တိုက်မှူးတစ်ဦးတည်းနှင့် ဖြစ်နိုင်ပြီလော။ မဖြစ်နိုင်သေးပါ။ ကျေးလက်လူကြီးမိဘများ၏ ဖေးဖကူညီ ပူးပေါင်းပါဝင်ဆင်နွှဲဖို့လည်း အရေးတကြီးလိုအပ်ပါသည်။

တချို့ ရပ်ရွာလူကြီးများသည် စာကြည့်တိုက်ကို စည်ပင်ရုံးလောက်မျှ အရေးမထားသည်ကိုတွေ့ရှိရပါသည်။ လေဝင်လေထွက်ကောင်းမွန်သော စာကြည့်တိုက်တည့်တည့်ရှေ့တွင် စည်ပင်ရုံးပိတ်ဆောက်သည်အထိ မြင်တွေ့ခဲ့ရပြီးပြီဖြစ်သည်။ သည်အဖြစ်များကိုလည်း မိမိတို့မြို့နယ် ပြန်/ဆက် လူကြီးမင်းများက တိကျပြတ်သားစွာ ရှုတ်ချသင့်ပါသည်။ သို့မှသာလျှင် မဖွံ့ဖြိုးသေးသော ကျေးလက်ပြည်သူများ စာကြည့်တိုက်တန်ဖိုးကို သိရှိနားလည်ပါလိမ့်မည်။ စာကြည့်တိုက်သည် လူထုတက္ကသိုလ်မည်တဲ့အကြောင်း ကျေးလက်ပြည်သူများ မသိသေးပါ။ စာကြည့်တိုက်ကို လောကပြတင်းပေါက်လို့ ခေါ်ဆိုတဲ့အကြောင်း ကျေးလတ်လူထု သဘောမပေါက်သေးပါ။ “စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်သည်”ဆိုတဲ့အကြောင်း သူတို့ကောင်းစွာ နားမလည်သေးပါ။ ထို့ကြောင့် စာကြည့်တိုက်များပြန်လည်ရှင်သန်ဖို့ ကျေးလက်ပြည်သူများထံသို့ စာကြည့်တိုက်၏အရသာကို အရင်ထိတွေ့ခံစားသင့်ပါသည်။ အရသာကိုသိမှ၊ အရသာခံတတ်မှ ထိုအရာဝတ္ထုကို ခုံမင်တက်မက်လာမှာ ဖြစ်သည်။ အရသာရှိတာ မသိဘဲ၊ အရသာမခံတတ်သေးဘဲ ဖြစ်ပါက မည်သူမည်ဝါကမှ အာသာငမ်းငမ်းတက်နေမည် မဟုတ်ပါ။

ထို့ကြောင့် ထပ်၍တောင်းဆိုချင်ပါသည်။ ကျေးလက်စာကြည့်တိုက်များ ထာဝရရှင်သန်စေလိုက ကျေးလက်လူထုကို စာပေ၏ အရသာခံစားစေ၍လည်းကောင်း၊ ဝါသနာရှင် စာကြည့်တိုက်မှူးများခန့်အပ်၍လည်းကောင်း၊ ကျေးရွာ/ရပ်ရွာလူကြီးများ စိတ်ဝင်တစား ဝင်ရောက်ကူညီရှင်း၍လည်းကောင်း၊ လူထုကို စည်းရုံးစေ၍လည်းကောင်း အခက်အခဲများကို ဖြေရှင်းသင့်ပါသည်။ ။

■

### ကြည်နူးသာယာ ည

- သီတင်းကျွတ်ပွဲ မီးထွန်းမယ်
  သွားစို့အတူတူကွယ်. . .
  မောင်ညီမငယ် ခေါ်လို့သွား
  ဆီမီးကပ်စို့လား ။

- ထိန်ထိန်လင်းလင်း ဝင်းလို့ရယ်
  ဘုရားစေတီဝယ်. . .
  ကြည်ညိုစရာကွယ် အံ့မခန်း
  ပီတိဂွမ်းဆီလျှမ်း။

- ကြယ်ရောင်တွေလည်း လက်လို့ကွယ်
  လှပသာယာတယ်. . .
  မီးပုံးလေးတွေ ချိတ်ကာဆွဲ
  ရောင်စုံသွေးလို့ဝဲ။

- သီတင်းကျွတ်ပွဲ ပျော်ရွှင်ဖွယ်
  လျှပ်စစ်မီးရောင်စုံတတယ်. . .
  မိဘဆရာရယ် ကန်တော့ကြ
  ကြည်နူးသာယာ ည ။

အလင်းသစ်(ရွှေဆည်မြေ)

ဆောင်းပါး

# စာကြည့်တိုက်နှင့် ဝိုင်ဖိုင်ဖရီး

## ကြည်ဖုန်းဝင်း(ပျဉ်းမနား)

စနေနေ့မနက်တိုင်း စာကြည့်တိုက်သို့သွားဖြစ်သည်။ စနေ၊ တနင်္ဂနွေ နံနက်ခင်းပိုင်းများက ကျွန်မ၏ အားလပ်ချိန်များဖြစ်ပါသည်။ စာအုပ်ဝယ်ဖို့ အခက်အခဲရှိသည့်ကျွန်မအတွက် စာကြည့်တိုက်က အလွန်ကျေးဇူးတင်စရာကောင်းပါသည်။

စနေ၊ တနင်္ဂနွေက အများပြည်သူအလုပ်နားရက်များဖြစ်ကြသည် ထင်သည်။ ကျွန်မစာကြည့်တိုက်သွားတိုင်း စာကြည့်တိုက်အပြင်ဘက် ခုံတန်းလျားများတွင် လူငယ်များထိုင်နေကြသည်။ လူငယ်များ စာကြည့်တိုက်လာကြသားဟု စာကြည့်တိုက်အပေါ် လူငယ်များစိတ်ဝင်တစားလာရောက်ကြမှုကို ဝမ်းသာမိသည်။

အနားသို့ရောက်ခါနီး သေချာကြည့်မိသည့်အခါ ဖုန်းကိုယ်စီဖြင့် အင်တာနက်သုံးနေကြခြင်းပင်။ စာကြည့်တိုက်အပေါ်ဘက်က ဝိုင်ဖိုင်ဖရီး(wifi free)ဟူသော စာတန်းလေးကို မော့ကြည့်လိုက်မိသည်။

စာကြည်တိုက်အတွင်း ဝင်သွားသည့်အခါ စာအုပ်ငှားသူ၊ ဖတ်ရှုသူတစ်ဦးတစ်ယောက်မျှ ရှိမနေ။

စာကြည့်တိုက်နှင့် ကျွန်မအိမ်သည် အတော်လှမ်းသည်။ စက်ဘီးဖြင့် ၁၀ နာရီခွဲက ထွက်လာလျှင် ၁၁ နာရီထိုးခါနီးမှရောက်သည်။ စာအုပ်ရွေးရင်း နာရီဝက်ခန့်ကြာသွားသည်။ အလုပ်ချိန်နီးနေ၍ စာအုပ်များယူရင်းကောင်တာသို့ သွားရတော့သည်။ ထူးခြားသည်က စာအုပ်ငှားလျှင် စာဖတ်သူစာရင်းတွင်ပါ လက်မှတ်ထိုးရသည်။ ကျွန်မလက်မှတ်ရှေ့တွင် ငါးယောက်ခန့်ရှိသည်။ စာလာဖတ်သူရှိတာလား၊ ကျွန်မလို ငှားသူပဲလားဟု ဇဝေဇဝါပင်ဖြစ်မိသည်။

ပြန်ထွက်လာတော့ စာကြည့်တိုက်အပြင်ဘက်က လူငယ်ကလေးများကတော့ အချိန်ပေါ်ကြသည်ထင်သည်။ ကျွန်မဝင်လာစကအတိုင်းပင်။ ဖုန်းပေါ်တွင်အာရုံစူးစိုက်နေကြသည်။ အချိန်ပေါများသည့်သူတို့ကို အားကျမိပါသည်။

တစ်နေ့ ဖေ့စ်ဘွတ်စာမျက်နှာဝင်ကြည့်တော့ အမျိုးသားစာကြည်တိုက်တွင် စာအုပ်များပေါ်များကြောင်း မိန်းကလေးတစ်ယောက်က စာအုပ်ဖတ်နေသည့်ပုံလေးဖြင့် မိတ်ဆက်ထားသည်။ ကျွန်မအိမ်နှင့်အတော်ဝေး၍ မသွားနိုင်။ လိုက်ခ်(like)များ၊ မှတ်ချက်(comment) များစွာရှိနေခြင်းကြောင့် လူငယ်များစာပေချစ်သူပေါ်များလာကြပြီဟု မှတ်ချက်များကို ဝင်ဖတ်မိသည်။ “ဝိုင်ဖိုင်ဖရီး(wifi free)ရလား” “သွားကြမယ် ဓာတ်ပုံရိုက်ကြရအောင်” ဟူသည့် မှတ်ချက်များသာ အားကြိုးမာန်တက်မန့်ထားကြသည်ကို မြင်ရပါတော့သည်။ စာအုပ်အကြောင်း မေးထားသည့်မှတ်ချက်များက မရှိသလောက်ပင်။

တချို့က စာကြည့်တိုက်သွားခြင်းသည် ဖေ့စ်ဘွတ်စာမျက်နှာလို လူမှုကွန်ရက်များမှာ အလှဓာတ်ပုံတင်ဖို့သက်သက်ဟုသာ တွေးထားကြဟန်ရှိသည်။ စာကြည့်တိုက်မှ ဝိုင်ဖိုင်ဖရီးကို လူငယ်များ မည်သို့အသုံးချကြသည်ကိုလည်း ကျွန်မသိချင်မိပါသည်။ ဗဟုသုတရှာမှီးဖို့ပဲလား၊ ဂိမ်းဆော့ဖို့ပဲလား ဘာကြောင့်သုံးတယ်ဆိုတာကတော့။ ။

### စိမ်းမြရောင်ခြယ်

- သီးပင်စားပင် အစုံလင်ကွယ်
  အစဉ်စိုက်လို့ ပျိုးထောင်မယ်။
- အိမ်ခြံကလေး အစဉ်အေးဖို့
  အရိပ်ရပင် စိုက်ကြစို့။
- အိမ်ပသာဒ လှဖို့ကွယ်
  ပန်းလှရောင်စုံ စိုက်ဦးမယ်။
- မြို့ရွာအတွင်း အေးမြအောင်
  အရိပ်ရပင်တို့ စိုက်ရအောင်။
- အနာဂတ်လမ်း စိုပြည်လန်းဖို့
  စိမ်းလန်းဝေဖြာ မြဲသာယာကြောင်း
  သစ်ပင်အပေါင်းကို စုကာပေါင်းလို့
  စိုက်ပါစို့ . . . စိုက်ပါစို့ . . .။ ။

(အဂ္ဂမိုး)

### ဝါကျွတ်ကန်တော့ပွဲ

- သီတင်းကွယ် ဝါကျွတ်မို့
  မီးပုံးလွှတ် ပျော်စရာ
  လမင်းထိန်သာ။
- မြတ်ဗုဒ္ဓ ပူဇော်ပွဲ
  အတူနွှဲ တို့ရိုးရာ
  ကောင်းခြင်းမင်္ဂလာ။
- မြင်းမိုရ်ပွဲ ဝတီသာ
  မိဘတာ ကျေးဇူးဆပ်
  မြတ်သည်ကွဲ့ ဤချိန်ခါ
  ထူးလို့သာကဲ။
- အိမ်တိုင်းမှာ ရည်စူးသော်
  မီးပူဇော် ထိန်ထိန်ညီး
  ရှုမငြီးတဲ့ ငါးနန္တကို
  ကန်တော့ကြမြဲ။ ။

မေတ္တာမိုးနှင်း(ပဲခူး)

### မောင်မယ်အလိမ္မာ ကြိုးစားပါ

- ခက်ခဲကြုံလျှင် အားမလျှော့နဲ့
  ဇွဲလုံ့လနှင့် တိုက်ပွဲဝင်။
- ကောင်းဆိုးနှစ်ထွေ ရှိစမြဲမို့
  ဝီရိယတွဲ ခရီးနှင်။
- ပညာထိပ်တိုင် အပြိုင်တက်ဖို့
  ဇနကထုံး နှလုံးဆင်။
- မျိုးစေ့မှန်ကာ ပင်သန်စေဖို့
  ဝလုံးကစ ပန္နက်တင်
  ကြိုးစားအစဉ် နိုးကြားယှဉ်။ ။

(ငြိမ်းချမ်းလှိုင်)

ဝတ္ထုတို

# ရပ်ကွက် တိုက်ပွဲ

ချိုထွေး(ကူမဲ)



(၁)

တအုန်းအုန်းနဲ့ ရွာချလိုက်တဲ့မိုးကြောင့် ကိုဘခင်တို့ အိမ်ရှေ့ရပ်ကွက်လမ်းလေး ရေတွေနဲ့ ပြည့်သွားတယ်။ ကိုဘခင်ရဲ့အိမ်ဝိုင်းထဲကိုလည်း ရေတွေ ဒလဟော စီးဝင်လာလေရဲ့။ မိုးရွာလို့ အပူဒဏ်သက်သာသွားပေမယ့် ဝင်လာတဲ့ရေတွေကြောင့် ကိုဘခင် စိတ်ပျက်မိတယ်။

"ဗုန်း"

"အား... အီး ဟီး ဟီး အမေရေ..."

အိမ်ရှေ့က လဲပြိုသံတစ်ခုနဲ့အတူ ကလေးတစ်ယောက်ရဲ့ ငိုသံက စီခနဲထွက်လာတယ်။ အိမ်တံခါးဝ ကြမ်းခင်းပေါ်ကနေ အသံလာရာလှမ်းကြည့်မိတော့ ကျောင်းဝတ်စုံနဲ့ ကလေးတစ်ယောက် ရွှံ့ဗွက်ရေထဲ လဲကျနေတာ တွေ့ရတယ်။ အင်္ကျီအဖြူလေးက ရွှံ့ဗွက်ရေတွေနဲ့ မြင်မကောင်း။

"အမလေး ငါ့သားလေး လဲပြီတော်။ ဘယ်နားနာသွားသေးတုန်း။ အမေ့ကို ဘာလို့မစောင့်တာလဲ သားရယ်။ ကားလမ်းမအထိ ချီပြီးပို့မှာပေါ့။ အခုတော့ ပေပွကုန်ပြီ။"

ကလေးရဲ့အမေက ပါးစပ်ကလည်း တတွတ်တွတ်ပြောရင်း လက်ကလည်း သားဖြစ်သူကို အမြန်ဆွဲထူလိုက်တယ်။ သားရဲ့ မျက်နှာပေါ်က ရွှံ့ရေတွေကို လက်ဖဝါးနဲ့ အသာအယာသုတ်ပေးလိုက်ရင်း ဘေးအိမ်မှာနေတဲ့ ကိုမောင်စိုးအိမ်ရှေ့က လမ်းပေါ်ကို မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ စိုက်ကြည့်နေတယ်။ ရင်အစုံကလည်း လှိုင်းထန်နေလေရဲ့။ အဲဒီနောက်တော့ သားကို ရေလွှတ်ရာချလိုက်ပြီး လက်နှစ်ဖက်ကို ဆတ်ခနဲ ခါးပေါ်ထောက်ချလိုက်တယ်။ သူ့သားလဲတာက ရွှံ့ရေဗွက်ထဲ။ သူ့ကြည့်နေတာက ဘေးအိမ်ရှေ့က ကုန်းမြေမို့မို့။ သူဘာကို စိတ်ဆိုးနေသလဲဆိုတာကို ကိုဘခင် စိတ်ဝင်စားသွားတာပေါ့။ ဒါနဲ့ ရေထဲဖြတ်လျှောက်ပြီး ဝင်းတံခါးနားထိသွားပြီး ကြည့်လိုက်မိတယ်။

"အိုး... ဟိုဘက်အိမ်ကဟာတွေ။ တော်တို့အိမ်ရှေ့က မြေတွေဖို့ထားတော့ ရေစီးကြောင်းတွေပိတ်ကုန်ပြီ။ ကျုပ်တို့အိမ်ရှေ့ ရေတွေအိုင်ပြီး ဟော အခုကျုပ်သားလေး လဲပြီ။ ရေစီးအောင် တော်တို့ဘာသာဖောက်မလား၊ ကျုပ်ဖောက်ရမလားပြော။ ပြီးမှ မြေဖို့ထားတာ ပျက်သလေး ဘာလေး လာမလုပ်နဲ့။"

သူကသာ ထဘီခါးစောင်းတင်ပြီး ရန်တွေ့နေပေမယ့် တစ်ဖက်အိမ်ကတော့ တစ်ယောက်တလေမှတောင် ထွက်မကြည့်။ လူထွက်မလာပေမယ့် မှန်လုံပိတ်ထားတဲ့ ကားတစ်စီးကတော့ အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်လာပါတယ်။အမှတ်တမဲ့မို့ ကိုဘခင်ကော သားအမိနှစ်ယောက်ပါ ရွှံ့ရွှဲစိုသွားပါတော့တယ်။

"အမလေးလေး မိုက်ရိုင်းလိုက်တာ။ ဘယ်လိုဟာတွေလည်း မသိဘူး။ တွေ့ကြသေးတာပေ့ါ ဟင်း ဟင်း"

သူတစ်ယောက်တည်း ဒေါသတွေနဲ့ ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့လေရဲ့။

(၂)

ကိုဘခင် စပြောင်းလာကတည်းက ဒီလမ်းကို သတိထားကြည့်မိတယ်။ ရပ်ကွက်လမ်းသွယ်ဖြစ်လို့ မော်တော်ကားလမ်းမကြီးကနေ မြေနိမ့်ရာကို ခွဲဆင်းလာတယ်။ လမ်းထိပ်က အိမ်နှစ်အိမ်ကတော့ လမ်းမကြီးကို မျက်နှာမူထားပြီး လမ်းမကြီးနဲ့ မြေအညီဖို့ထားတယ်။ ဒါကြောင့်လည်း လမ်းသွယ်လေးက ရေမြောင်းလေးလို ဖြစ်နေတာပေါ့။

မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတတ်တဲ့ ရေရဲ့ သဘာဝအရ မိုးရွာပြီဆိုတာနဲ့ လမ်းမကြီးပေါ်က ရေတွေဟာ လမ်းသွယ်ထဲကို ဒလဟော ထိုးဆင်းလာတတ်တယ်။ အဲဒီတော့ မိုးရွာပြီးတာနဲ့ မြေနိမ့်တဲ့ အိမ်ဝိုင်းတွေမှာ ရေအပြည့်။ လမ်းကလည်း ရေတွေအပြည့်ဖုံးလွှမ်းသွားတယ်။ လမ်းအဆုံးမှာကလည်း ပန်းစိုက်တဲ့ခြံက ကန့်လန့်ပိတ်နေတော့ ရေထွက်ပေါက်က မရှိဖြစ်နေတယ်။

ကိုဘခင် ရောက်ခါစတုန်းကတော့ ဒီလမ်းထဲက လူတွေကို တအံ့တဩ ချီးကျူးမိသေးတယ်။ ကိုဘခင်က မျက်နှာသစ်ပြီး ဘုရားကန်တော့ခါစပဲရှိသေးတယ်။ လမ်းထဲကလူတွေက တံမြက်စည်းသံတညံညံနဲ့ တက်ညီလက်ညီ လှည်းနေကြတာတွေ့ရတာကိုး။ ကိုယ့်ကိုယ်ကိုယ်တောင် အိပ်ရာထနောက်ကျလေခြင်းဆိုပြီး ရှက်မိတယ်။

ကိုဘခင်က အမှိုက်လှည်းရင် မြေနိမ့်တဲ့နေရာ၊ ချိုင့်ခွက်ရှိနေရာတွေကို အမှိုက်စုတယ်။ ဒါမှလည်း တဖြည်းဖြည်း ညီပြီးသားဖြစ်ပြီး မြေညီတယ်လေ။ နောက်မှ သတိထားမိတာက မိုးရွာရင် အိမ်ဝိုင်းထဲ ရေမဝင်အောင် ကိုယ့်ခြံစည်းရိုးခြေရင်းကို အမှိုက်နဲ့ရောပြီး သူတို့က မြေယူဖို့ကြတာကိုး။ စောစော လှည်းတဲ့သူက မြေများများယူဖို့နိုင်တယ်လေ။ ဒီတော့လည်း စောနိုင်သမျှ စောအောင်ထပြီး သူကယူသွားလိုက် ကိုယ်ကပြန်ယူလိုက်နဲ့ မပြီးနိုင်တဲ့ ဇာတ်ကွက်တစ်ခုတို့ နေ့တိုင်း ကနေကြတော့တယ်။ ဒီလိုနဲ့ ဦးရာလူစနစ်နဲ့ လှည်းယူလိုက်ကြတာ လမ်းသွယ်လေးကနေ မြောင်းဘဝ ရောက်ပါလေရောလား။

မိုးရွာလို့ အိမ်ဝိုင်းထဲ ရေဝင်ရင် လမ်းထဲကို ခပ်ထုတ်လိုက်ကြတယ်။ မိုးတွင်းတစ်တွင်လုံးကတော့ လမ်းထဲမှာ ကုန်းမြေမြင်ရဖို့ ခဲယဉ်းသား။ အိမ်ရှင်တွေကလည်း လမ်းထဲမှာ ဘာဖြစ်နေနေ အာရုံထဲမထား ကိုယ့်အိမ်ဝိုင်းထဲ ရေမရှိရေး တို့အရေးပဲ။

ဒီလိုနဲ့ တစ်လမ်းလုံး စိတ်တူကိုယ်တူ နေလာကြရာက ပိုက်ဆံတတ်နိုင်တဲ့သူတွေက တစ်စခန်းထလာပြန်တယ်။ ဂျင်းမြေလို့ခေါ်တဲ့ ကျောက်သားနဲ့ ရောတဲ့မြေတွေကို သူတို့အိမ်ဝိုင်းရှေ့မှာ ကားကြီးကားငယ် အသွယ်သွယ်နဲ့ ဖို့ကြတယ်။ မြေဖို့တုန်းက မိုးရာသီမဟုတ်လို့ ပြဿနာမရှိ။ ဒါတောင် အစပိုင်းမှာ မြေအနိမ့်အမြင့် မညီတော့ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ လဲကြ၊ ပြိုကြနဲ့။ မိုးလည်းရွာရော ကျောက်သားမြေဆိုတော့ ရေစီးနဲ့ပါမသွားဘဲ ရေကို ပင်းတားနဲ့ တားထားသလို ဖြစ်နေတယ်။ ဒါကြောင့်လည်း ရေတွေဝပ်ပြီး ပြဿနာတွေ တက်ကြတာပေ့ါ။

(၃)

"ဗျို့ ဒေါ်မြင့် အထုပ်အပိုးတွေနဲ့ ဘယ်သွားမလို့လဲဗျ"။

နှစ်အိမ်ကျော်မှာနေတဲ့ ဒေါ်မြင့်တစ်ယောက် ခေါင်းပေါ်မှာလည်း အဝတ်ထုပ်နဲ့၊ လက်ထဲမှာလည်း အိုးတွေခွက်တွေထည့်ထားတဲ့ တောင်းကြီးခါးစောင်းတင်ပြီး ရေထဲကနေ တစွတ်စွတ်နဲ့လျှောက်လာနေတယ်။

"ဟောတော် ကိုဘခင်က မသိသေးဘူး ထင်တယ်။ ကျုပ်တို့အိမ်က မြေနိမ့်တော့ မိုးတွင်းဆို ဝိုင်းထဲမှာ ရေက ဒူးဆစ်ပေါင်လယ်ထိ တက်တာလေ။ မြေမှမဖို့နိုင်တာ။ ချက်ပြုတ်စားဖို့နေရာလည်းမရှိနဲ့။ ဟိုဘက်ရပ်ကွက်က အစ်မအိမ်မှာ အဖီတဲလေးထဲ သွားကပ်နေရတာ။ မိုးကုန်မှ ပြန်လာရတာပဲတော်ရေ။ ကျုပ်တစ်အိမ်တည်း မဟုတ်ဘူးတော့်။ အရှေ့ဘက်က ကိုထွန်းခင်အိမ်တို့ မြောက်ဘက်က မငြိမ်းမြအိမ်တို့လည်း မိုးတွင်းဆို တော်ရာသွားနေကြရတာ။"

ကိုဘခင် ဟူးခနဲ သက်ပြင်းချလိုက်မိတယ်။ ရာသီဥတုက အေးမြနေပေမယ့် ရင်ထဲမှာတော့ မအေးနိုင်ပါဘူး။ ကိုယ့်ထက်ဆိုးနေကြပါပကောလား။ ကိုဘခင်အိမ်ကမှ မီးသွေးဖိုနဲ့ ကြမ်းပြင်ပေါ် ချက်ပြုတ်စားလို့ဖြစ်သေး။ မြွေပါးကင်းပါး ကြောက်ရတယ်ဆိုပေမယ့် အိပ်လို့တော့ဖြစ်သေး။ လမ်းတစ်လျှောက်မှာလည်း မြေမဖို့နိုင်တဲ့ အိမ်ဝိုင်းနိမ့်နိမ့်လေးတွေက အများသား။ ဒီလိုနေလာကြတာ နှစ်တွေ ဘယ်လောက်ရှိနေပြီလဲမသိ။

နှိုက်နှိုက်ချွတ်ချွတ်စဉ်းစားမိရင် ရင်မောစရာပဲ။ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေ အများကြီးပါပဲ။

အတွေးတွေကို ဖြတ်တောက်ပြီး အိမ်ပေါ်ပြန်အတက် အိမ်ထောင့်မှာ ထောင်ထားတဲ့ တူးရွင်းပြားကို မြင်ပြီး စိတ်ကူးတစ်ခုရလိုက်တယ်။

(၄)

ဒီနေ့တော့ ရာသီဥတုက ကြည်ကြည်လင်လင်နဲ့ မိုးခြောက်ရေခြောက် ဖြစ်ပြီဆိုတော့ တူးရွင်းပြားဆွဲယူပြီး ကိုဘခင် လုပ်ငန်းစလိုက်တယ်။ အိမ်ရှေ့ကစပြီး ရေနုတ်မြောင်း တူးလိုက်တယ်။ အိမ်ရှေ့ကတူးပြီးလို့ တစ်ဖက်အိမ်ရှေ့က ဖို့ထားတဲ့ ဂျင်းမြေကို စပြီး တူးလိုက်တယ်ဆိုရင်ပဲ...

"ဟေ့လူ ဒါ ဘာလုပ်တာလဲ" တစ်ဖက်အိမ်က ကိုမောင်စိုးက ခါးထောက်ရင်း ထွက်မေးတယ်။

"ရေနုတ်မြောင်း ဖောက်မလို့ဗျ"

"ဟ ကျုပ်မြေဖို့ထားတာ ပျက်ကုန်မှာပေ့ါ။ ရှုပ်ရှုပ်ယှက်ယှက်။"

"မပျက်စေရပါဘူး။ ခင်ဗျား ရေပြွန်တစ်လုံးဝယ်ပေး။ ပြွန်ထည့်ပြီး ကျုပ်အရင်အတိုင်းဖြစ်အောင် မြေပြန်ညှိပေးမယ်။"

"ဒါဆိုလည်း ပြီးတာပဲ။ ဝယ်ပေးမယ်။ ဟုတ်ရင်ဟုတ်ပေ့ါကွာ။ ဖို့ထားတာ ပျက်လို့ကတော့ မင်းနဲ့ငါနဲ့ တွေ့မယ်။"

ဘယ်သူ့အကူအညီမှမပါဘဲ ကိုဘခင်တစ်ယောက်တည်း တစ်တီတီနဲ့ မြောင်းတူးလာလိုက်တာ လမ်းအဆုံးက ပန်းခြံကို ရောက်လာတယ်။ လမ်းတစ်လျှောက်လုံး ဝဲယာနှစ်ဖက်စလုံးတူးရတာဆိုတော့ အချိန်တော့ တော်တော်ပေးရတာပေ့ါ။ လက်ကတူးရလို့ မောတာထက် ပါးစပ်က ရှင်းပြရတာနဲ့ ဖြေရှင်းရတာက ပိုမောတယ်။ ပင်ပန်းလိုက်တာ မပြောပါနဲ့။ တကယ်လို့ လမ်းထဲမှာရှိတဲ့ ယောကျ်ားသားအင်အားတွေနဲ့သာ တူးရမယ်ဆို အစွမ်းကုန် နှစ်ရက်လောက်ပဲ ကြာလောက်မယ်။ ဒါပေမယ့် ကိုယ်နဲ့မဆိုင်သလိုနေကြတယ်။ အခုတော့ နှစ်ရက်လောက်ကြာတဲ့အလုပ်ကို ရက် ၂၀ လောက်ကြာအောင် လုပ်နေရတယ်။

ပြီးတော့လည်း အကူအညီရဖို့ နေနေသာသာ အိမ်တစ်အိမ်ရှေ့ရောက်ရင် မလိုတဲ့မျက်လုံးတွေနဲ့ တစ်ချိန်လုံး ထိုင်ကြည့်နေကြတော့တယ်။ ကြည့်မှာပေ့ါ။ သူတို့ဖို့ထားတဲ့ ခြံစည်းရိုးရင်းက မြေတွေပါသွားမှာစိုးလို့လေ။ ကိုဘခင်ခမျာ ကိုယ့်ထမင်းကိုယ်စားပြီး မြောင်းဖောက်တာတောင် ကျေးဇူးတင်မယ့်သူမရှိ။ ရေဆာရင်လည်း အိမ်ပြန်ပြေးပြီး သောက်ရတဲ့အဖြစ်။ တစ်လမ်းလုံး မျက်စိဒေါက်ထောက်ကြည့်နေကြတယ်။ လုပ်ပုံမဟုတ်ရင် ဝိုင်းသမကြမယ့်သဘော။

နောက်ဆုံး ပန်းစိုက်ခင်းနား ရောက်ပြန်တော့လည်း အခက်ကြုံရပြန်တယ်။ ခြံရဲ့ထောင့်လေးကို ဖြတ်တူးပြီး တစ်ဖက်က လယ်ရေပေးမြောင်းနဲ့ သွယ်ဖို့ရာ ခြံရှင်က ခွင့်မပြုချင်ဘူး။ စိုက်ခင်းမြေပြိုကျမှာ စိုးတယ်တဲ့။ ဒါနဲ့ပဲ ကိုဘခင် မရမက တောင်းတောင်းပန်ပန်နဲ့ မြောင်းတူး၊ မြေပြိုမကျအောင် ကိုယ့်အိမ်က သစ်သားအတိုအစတွေနဲ့ တုတ်ရိုက်ပြီး ကျနပ်အောင် လုပ်ပေးလိုက်ရတယ်။

ကိုဘခင်ကတော့ လုပ်ချင်တဲ့အလုပ်တစ်ခု ဖြစ်မြောက်သွားလို့ ရင်ထဲက အလုံးကြီးကျသွားသလိုပဲ။လမ်းထဲက လူတွေကတော့ အပိုအလုပ်တွေလုပ်နေတာပါကွာဆိုတဲ့ မျက်လုံးမျိုးတွေနဲ့ ခပ်ချဉ်ချဉ်ကြည့်သွားကြတယ်။

(၅)

...ဝေါ ဝေါ ဝေါ...

မိုးဥတုတစ်ပတ်ပြန်လည်လို့ မိုးဦးအစမှာပဲ မိုးကောလေပါ ခပ်ကြမ်းကြမ်းရွာချလိုက်တယ်။ တစ်နှစ်ပတ်လုံး အောင်းထားတဲ့မိုးရေတွေ အရှိန်အဟုန်နဲ့ သွန်ချလိုက်သလို သဲသဲမဲမဲပဲ။ အငြိုးနဲ့များ ရွာနေသလားထင်ရလောက်အောင် သုံးရက်ဆက်တိုက် မနားတမ်း ရွာနေတော့တယ်။

မိုးစဲတာနဲ့ ကိုဘခင် ခြံထဲဆင်းကြည့်လိုက်တယ်။ မြေနိမ့်ပိုင်းလေးတွေမှာ ရေနည်းနည်းပါးပါး တင်နေတာကလွဲလို့ ရေထုနဲ့ထည်နဲ့ မတွေ့ရ။ ရေစိုအဝတ်လေးတွေ၊ ပစ္စည်းလေးတွေ ထုတ်လှန်းပြီး လမ်းထဲကို ထွက်ပြီး မိုးရေအခြေအနေ ကြည့်လိုက်တယ်။ ရေနုတ်မြောင်းလေးထဲမှာ ရေပြည့်နေပေမယ့် လမ်းပေါ်မှာ ရေမတွေ့ရ။ လမ်းအဆုံးထိ လှမ်းမျှော်ကြည့်လိုက်တော့လည်း ရေအိုင်၊ ရေဝပ်နေတာမမြင်ရ။ ကိုဘခင် ကျေနပ်သွားတယ်။

ဒီအချိန်မှာပဲ ရှေ့အိမ်က ကလေးအမေလည်း ထွက်လာတာ တွေ့ရတယ်။

"အစ်မ ကလေးကော။ မိုးရွာလို့ ကျောင်းမပို့ဘူးလား။" မျက်လုံးချင်းဆုံမိတာမို့ နှုတ်ဆက်စကား ဆိုလိုက်တာပေ့ါ။

"သားသားလား ကျောင်းသွားတယ်။ ဟိုဘက်အိမ်ကကားနဲ့ တင်ခေါ်သွားတယ်"။

ကိုမောင်စိုးအိမ်ကို မေးငေါ့ပြရင်း ခပ်ပြုံးပြုံး ပြန်ဖြေတယ်။ အရင်က အိမ်ရှေ့ရေဗွက်ထဲ သူ့သားလဲလို့ ထဘီခါးစောင်းတင်ပြီး ကိုမောင်စိုးတို့အိမ်ကို ရန်တွေ့ခဲ့တာတွေ သွားသတိရမိတယ်။ ခုတော့လည်း အာဃာတတွေမရှိကြတော့။

"ဟော ဒေါ်မြင့် ဘယ်သွားမလို့လဲဗျ"

တစ်ချိန်တည်းမှာပဲ ခြင်းတောင်းလေးနဲ့ ထွက်လာတဲ့ ဒေါ်မြင့်ကို ကိုဘခင် မေးဆတ်ပြီး မေးလိုက်တယ်။

"ဈေးဝယ်သွားမလို့ ကိုဘခင်"

"မိုးတွင်း ရောက်ပြီလေ။ ဟိုဘက်ရပ်ကွက်က အစ်မအိမ် သွားမနေဘူးလားဗျ။"

"သွားစရာ မလိုတော့ဘူးလေ။ ကိုဘခင်ကျေးဇူးကြောင့် ဒီနှစ် အိမ်ဝိုင်းထဲ ရေမဝင်တော့ဘူး။ အိမ်နားက ကိုထွန်းမြင့်တို့၊ မငြိမ်းမြတို့လည်း ဘယ်မှပြောင်းစရာ မလိုတော့ဘူးတော်။ အခုဆို ရေနုတ်မြောင်းလေးကို အမှိုက်မပိတ်အောင် ကိုယ့်အိမ်ရှေ့ကိုယ် သန့်ရှင်းရေးတွေ လုပ်ကြတာများ ကိုဘခင် မြင်စေ့ချင်တယ်။"

ဒေါ်မြင့်က အားပါးတရပြုံးရင်း ဝမ်းပန်းတသာ ပြောရှာတယ်။

"ဟုတ်လားဗျ။ ဒါဆို ကျုပ်တိုက်ပွဲတွေ တိုက်စရာ မလိုတော့ဘူးပေ့ါ" ကလေးအမေနဲ့ ဒေါ်မြင့်က ကိုဘခင်ကို ပဟေဠိကို အဖြေသိချင်သလို မျက်လုံးဝိုင်းတွေနဲ့ လှမ်းကြည့်နေကြ တယ်။

"ဘယ်ကတိုက်ပွဲလည်း ကိုဘခင်"

"ရပ်ကွက် တိုက်ပွဲလေဗျာ။ နိုင်ငံခြားနဲ့ ကျုပ်နေခဲ့တဲ့ နယ်စပ်တွေမှာပဲ တိုက်ပွဲတွေ ရှိတယ်ထင်နေတာ။ နယ်စပ်တုန်းက တိုက်ပွဲက အသံပဲကြားခဲ့ရတာ။ ဒီရောက်မှပဲ ရပ်ကွက်တိုက်ပွဲနဲ့တွေ့ပြီး ကိုယ်တိုင်ဝင်နွှဲရတော့တာပဲဗျို့"

ကိုဘခင်ရဲ့ ခပ်သောသောစကားကို သဘောပေါက်သွားတဲ့ ဒေါ်မြင့်တို့ နှစ်ယောက်သား သဘောကျပြီး ရယ်လိုက်ကြတာများ ဝါးလုံးကွဲပဲ။

"မတိုက်ရတော့ဘူး ကိုဘခင်ရေ။ တစ်ရပ်ကွက်ထဲ နေပြီး ကျုပ်တို့တစ်တွေ အစေးမကပ်ကြတာ။ အခုမှပဲ အပေါင်းနဲ့ အသင်းနဲ့၊ လူမှုရေးဆိုတာလည်း နားလည်လာပြီ။ နေတတ်သွားပြီ။အဲ့ဒါကြောင့်လည်း ခင်ဗျားကို ရပ်ကွက်ရဲ့ နိုဘယ်ဆုပေးမလို့ လမ်းထဲ လူတွေတိုင်ပင်နေကြတယ်ဗျ"

တစ်ဖက်အိမ်က ကိုမောင်စိုး ရောက်လာပြီး ရေပြွန်ပေါက်က အမှိုက်စတွေ ဖယ်ထုတ်ရင်း ဝင်ပြီးအရွှန်းဖောက်လိုက်တာကြောင့် အရင်က ရေတွေအုန်းအုန်းထခဲ့တဲ့ လမ်းတစ်လမ်းလုံး ရယ်သံတွေ အုန်းအုန်းကျွက်ကျွက် ညံသွားပါတော့တယ်။ ။

■

ဝတ္ထုတို

# ကျွန်တော့်အဖေ

အမေ့သား

(၁)

အညာနေ၏အစွမ်းကြောင့် မောဟိုက်ကာ ချွေးဒီးဒီး ကျနေပြီ။ အာခေါင်က ခြောက်ကပ်ကပ်ဖြစ်လာကာ ရေက ဆာလာပြန်သည်။ ဒီအနီးအနားမှာက ရေရနိုင်မည့်နေရာ မမြင်။ သိုးကျောင်းသား၊ နွားကျောင်းသားတွေများ ရှိလေမလားဟု ဝေ့ဝိုက်ကြည့်မိပေမယ့် မတွေ့။ ထယ်ရေးပြင်တွေသာချည်း။ ခုချိန်က မိုးရာသီ၊ ကြဲသည့် လှဲသည့် အချိန်ဆိုတော့ သည်ထယ်ရေးပြင်တွေမှာ ဘယ်သိုးကျောင်းသား၊ နွားကျောင်းသားက လာကျောင်းပါလိမ့်မလဲ။ ဖြည့်တွေးတွေးသည်။ ရှေ့နားက သစ်ပင်ရိပ်ရောက်ရင်တော့ နားဦးမည်။ သည်သစ်ပင်ရိပ်သည် ယာကွက်ကို အဖေနှင့်လိုက်လာရတိုင်း ထိုင်ခဲ့ရသည့်နေရာ။ သည်ထယ်ရေးပြင်သည် ကျွန်တော်နှင့် သက်ဆိုင်မှုမရှိသောတားမြစ်နယ်မြေ။ သည်အကြောင်းတွေကို ပြန်စဉ်းစားမိပြန်တော့ အဖေ့ကို စိတ်နာမိသည်။ နားမလည်ဖြစ်ခဲ့ရသည်။ ခုချိန်ထိပင် အဖေ့ကိုနားမလည်သေး။ ထိုအကြောင်းတွေကို ပြန်မတွေးချင်။ သစ်ပင်ရိပ်မှာ ကျောပိုးအိတ်ကို မှီကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်စဉ် ကန်သင်းရိုးအစပ်မှာ ထယ်မထိုးရသေးသည့် ထယ်တစ်ကွင်းစာ မြေကွက်လပ်လေးကို အံ့အားသင့်ဖွယ် တွေ့လိုက်ရသည်။

(၂)

"အဖေ" ကျွန်တော် ထယ်တစ်ကွင်းလောက် မောင်းကြည့်မယ်။

"မလုပ်ပါနဲ့ကွာ နွားတွေက ပျော့ရတဲ့ကြားထဲ ခွာတွေထိုးမိကုန်မှ ဒုက္ခရောက်ကုန်မယ်"

ထိုစကားတစ်ခွန်းနှင့်ပင် ကျွန်တော် ထယ်ထိုးခွင့်မရခဲ့သည်မှာ အခု ကျွန်တော် (၈)တန်းရောက်သည်အထိ။ ကန်သင်းရိုးသာခြားသည့် တစ်ဖက်လယ်ကွင်းမှ သူငယ်ချင်း ထွန်းမင်း၏ ထယ်မောင်းနေသံက ဆူညံနေသည်။ ထွန်းမင်း ထယ်ထိုးသည်ကိုမြင်လျှင် ကျွန်တော်လည်း ထယ်ထိုးချင်သည်။ ကျွန်တော်လည်း ထွန်းမင်းလို မိဘအားကိုးအားထားပြုရလောက်သည့် တောင်သူလယ်သမား၏ သားစစ်စစ်ဖြစ်ချင်သည်။ အခုတော့ ကျွန်တော့်မှာ အဖေ့အလုပ်အကိုင် တောင်သူဟုပင် မပြောဝံ့လောက်အောင် တောင်သူလုပ်ငန်းနှင့် ပတ်သက်၍ တစ်ခုတလေမျှ ထဲထဲဝင်ဝင်မလုပ်ဖူးခဲ့။ မလုပ်တတ်ခဲ့။

တစ်ခါကလည်း မှတ်မိသေးသည်။ အဖေက နွားစာနှစ်ထုံးစာရိတ်ရမည်ဖြစ်၍ နွားစာတစ်ထုံး ကူရွက်ဖို့ ကျွန်တော့်ကို ခေါ်သည်။ နွားစာနှစ်ထုံး မြန်မြန်ရစေဖို့ ဟူသည့်စေတနာဖြင့် တံစဉ်နှစ်ချောင်းယူခဲ့မည်ဟု ပြောတော့ အဖေက တံစဉ်တွေက မကောင်းဘူး၊ တစ်ချောင်းပဲ ကောင်းတယ်၊ တစ်ချောင်းပဲယူခဲ့ဟု စိတ်မရှည်ဟန် ပြန်ပြောသည်။ အဖေ့ကို အာမခံဝံ့သည့်အတွက် တံစဉ်တစ်ချောင်းသာယူခဲ့ပြီး အဖေ့နောက်က အသံတိတ် လိုက်ပါလာရသည်။

အဖေ နွားစာရိတ်နေသည့်အချိန် ကျွန်တော် ဆီးပင်အရိပ်မှာ ထိုင်နေရသည်။ အများအမြင်မှာတော့ အဖေ တစ်ယောက်လုံး အလုပ်လုပ်နေတာတောင် ကူလုပ်မပေးတဲ့ ငမိုက်သား၊ ငပျင်းကောင်ဟု ထင်ပေလိမ့်မည်။ ကျွန်တော့် စိတ်ထဲမှာလည်း အဲသည်လိုခံစားရပြန်တော့ မနေနိုင် မထိုင်နိုင်၊ အဖေ့နားမှာ ရစ်သီရစ်သီလုပ်နေမိသည်။ အဖေက "နေကပူရတဲ့အထဲ ဘာလာလုပ်နေတာလဲ။ အရိပ်ထဲမှာ သွားနေစမ်း"ဟု အော်လွှတ်ပြန်သည်။ ဆီးပင်ရိပ်ကလေးမှာ ထိုင်နေရပြန်သည်။ နွားစာတစ်ထုံး စာလောက်ရတော့ အဖေ ခါးညောင်းသွားဟန်တူပါ၏။ တံစဉ်ကိုထားခဲ့ကာ ယာခင်းထဲ လျှောက်ပတ်ကြည့်နေသည်။ ကျွန်တော် တံစဉ်ကိုမြင်တော့ နွားစာရိတ်ကြည့်ချင်မိသည်။ ဘုရားစူးရစေ့။ သည်အသက် သည်အရွယ်အထိ ကျွန်တော် နွားစာမရိတ်ဖူးခဲ့။ မလုပ်ဖူးသည့်အလုပ်ကို စမ်းလုပ်ကြည့်ချင်သည်မှာ လူတို့၏ သဘာဝပင်။ ကျွန်တော် မြက်တွေကို ဘယ်လက်ဖြင့် ဆုပ်ကိုင်၊ တံစဉ်ကို ညာလက်ဖြင့်ကိုင်လိုက်ပြီး အဖေရိတ်သလို ရိတ်ကြည့်သည်။ မခက်။

"ဟာ ဟေ့ကောင် မင်း အဖြစ်မရှိဘဲနဲ့၊ မခိုင်းတာဆို အလွန်လုပ်ချင်တဲ့ကောင်။ သွားသွား သစ်ပင်အရိပ်မှာ သွားနေစမ်း။ မြွေပါး ကင်းပါးနဲ့ကွာ။ မကြောက်မလန့်"

အဖေ့အသံက အထိတ်တလန့်။ ကလေးတစ်ယောက်ကို ဆူငေါက်နေသလိုမျိုး။ ကျွန်တော့်ရင်ထဲ နာကျင်သွားသည်။ ကျွန်တော်က အဖြစ်မရှိဘူးတဲ့လား။ အဖြစ်ရှိရအောင် အဖေကရော အခွင့်အရေးပေးခဲ့လို့လား။ ကျွန်တော် ဆီးပင်အရိပ်မှာထိုင်ပြီး အသံတိတ် ငိုနေမိသည်။ အဲသည်နောက်ပိုင်း ကျွန်တော် နွားစာရိတ်ချင်ကြောင်း မပြောတော့။ ထယ်ထိုးချင်ကြောင်း ခွင့်မတောင်းတော့။

(၃)

"ဒီနေ့ ဘယ်ဘက်ကြဲလဲ လှဆောင်ကြီး"

"မြောက်ယာ နှမ်းကြဲတယ် ပြောတယ်။ ကျုပ် လိုက်မသွားဘူးလေ။ ကျုပ်သား အကြီးကောင်ပဲ သွားကြဲတာ။"

"ခင်ဗျားကောင်က တော်တော်အားကိုးလို့ရနေပြီပဲဗျ နော့"

"ဟုတ်တယ်ဗျို့ ကြဲတာ လှဲတာတော့ ပြန်ကြည့်စရာ မလိုတော့ဘူး။ ခင်ဗျားသားတွေလည်း ခိုင်းလို့ရနေပါပြီ။ ခိုင်းပေါ့ဗျာ"

"မခိုင်းပါဘူးဗျာ။ ဒီကောင်တွေကို ကျုပ် စိတ်မချဘူး"

အဖေနှင့် ဦးလှဆောင်တို့ စကားပြောနေသံကို အိမ်ပေါ်မှာ စာဖတ်နေသည့် ကျွန်တော် အတိုင်းသားကြားနေရသည်။ အဖေက ကျွန်တော့်ကို စိတ်မချသေးဘူးတဲ့။ ဘယ်ချိန်ရောက်မှ စိတ်ချမှာတဲ့လဲ။ ကျွန်တော် (၁၀) တန်းဖြေပြီးသည်အထိ အဖေကစိတ်မချနိုင်သေးသည့်တိုင် ဦးလှဆောင် သားအကြီးကောင် ထွန်းမင်းက တောင်သူလုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်နေပြီ။ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ရှက်မိသည်။ အဖေ့ကိုလည်း ကျွန်တော့်အပေါ် ယုံကြည်မှုနည်းလေခြင်းဟု စိတ်နာမိသည်။

(၄)

ကျွန်တော် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်တော့ အပျော်ရွှင်ဆုံးလူသားမှာ အဖေပင်ဖြစ်သည်။ အဖေ သည်လောက်ပျော်သည်ကို တစ်ခါမျှမမြင်ဖူးခဲ့။ ကျွန်တော့် အကြောင်းတွေကိုလည်း တွေ့တဲ့သူတိုင်းကို ကြွားသည်။ ကျွန်တော့်ကိုလည်း "လူလေး ဘာလိုချင်လဲ"ဟု ထပ်ခါတလဲလဲ မေးနေသည့်တိုင် ကျွန်တော်ကတော့ ဘာလိုချင်တယ် ဟူသည့်အဖြေ ပြန်မပေးမိ။ ကျွန်တော့်ကို အဖြစ်မရှိဘူး ဟူသည့် အဖေ့စကားတွေက ခုချိန်ထိ လွှမ်းမိုးနေဆဲ။ တောင်သူလုပ်ငန်းတွေနှင့် ဝေးရာ၊ အဖေနှင့်ဝေးရာမှာ နေရရင်ပြီးရောဟု စိတ်ပိုင်းဖြတ်ပြီး စစ်တက္ကသိုလ် တက်ချင်ကြောင်း ခွင့်တောင်းတော့ အဖေ့မှာ ပျော်နေလိုက်သည့်ဖြစ်ခြင်း။ "ယောက်ျားဆိုတာ အဲသည်လို ရဲရဲတောက် ဖြစ်နေရမယ်ကွ"ဟုတောင် ပြောလိုက်သေး။ နောက်မှ အမေ့ပြောပြချက်အရ အဖေငယ်ငယ်က စစ်ထဲကို နှစ်ခါ လိုက်သွားဖူးကြောင်း၊ သူ့အမေ(ကျွန်တော့်အဘွား)က လိုက်ခေါ်လို့သာ ပြန်လိုက်လာခဲ့ရကြောင်း သိရပြန်တော့ အဖေ့အကြိုက်ကိုမှ တစ်ဘဝစာအတွက် ရွေးချယ်မိလေခြင်းဟု မကျေမနပ်ဖြစ်ရပြန်သည်။

"မပေါ်" မနက်ဖြန်မနက်ကျရင် တို့နှစ်ယောက် မြို့ပေါ်တက်ပြီး လူလေးဂုဏ်ပြုပွဲအတွက် လိုအပ်တာတွေ သွားဝယ်ကြရအောင်။

"အင်း သွားဝယ်ကြတာပေ့ါ။ အပြန်ကျရင် မိုးချုပ်မယ်ထင်တယ်။ နွားစာအတွက် ဘယ်လိုလုပ်ကြမလဲ"

အဖေက ခေတ္တတွေဝေစွာ စဉ်းစားနေသည်။

"နွားစာအတွက် စိတ်မပူပါနဲ့ အမေရဲ့။ ကျွန်တော် စဉ်းပြီး ကျွေးထားလိုက်ပါ့မယ်"

အဖေက ကျွန်တော့်ဘက် လှည့်ပြီး-

"မင်းက မကြာခင်ပဲ စစ်ထဲရောက်တော့မယ်။ မတော်တဆ လက်ကလေးပြတ်သွားမှဖြင့်ကွာ။ နေနေ မနက်ကျမှ အဖေစောစောထပြီး စဉ်းထားခဲ့မယ်။ မင်းကို စိတ်မချပါဘူးကွာ"

အဲသည်အချိန် ကျွန်တော့်အသက်(၁၆)နှစ်။

(၅)

ကျွန်တော်ဝင်ခွင့်ဖြေဖို့ မန္တလေးကိုသွားတော့ အဖေ ကျွန်တော့်ကိုလိုက်ပို့သည်။ သူငယ်ချင်းတွေ အများကြားမှာ အဖေက ကျွန်တော့်ကို အရိပ်တကြည့်ကြည့်။ ကျွန်တော့်ကို စိတ်မချနိုင်သေး။ ရန်ကုန်ကို လူတွေ့ဖြေဖို့ သွားပြန်တော့လည်း အလုပ်ပျက်ခံပြီး အဖေလိုက်လာပြန်သည်။ မြို့ကြီးပြကြီးမှာ မင်းတစ်ယောက်တည်း စိတ်မချပါဘူးကွာ"တဲ့။ ဘယ်လောက် စိတ်ပျက်စရာကောင်းလိုက်သလဲ။ ကျွန်တော် အဖေ့ကို ဘာမှပြန်မပြောမိ။ ပြောချင်စိတ်လည်း မရှိ။

စစ်တက္ကသိုလ်ကျောင်းဆင်းပြီး တာဝန်ကျရာ မော်လမြိုင်ဒေသကို ခရီးအဆက်၊ အဖေ လိုက်ပို့သည့် အချိန်မှာတော့ ကျွန်တော်ရင်ထဲမှာ မအောင့်အည်းနိုင်စွာ ပြောချလိုက်သည်။

"အဖေ ကျွန်တော့်ကို သည်အချိန်ထိ စိတ်မချနိုင်သေးဘူးလားဗျာ"

အဖေက ကျွန်တော့်ကို ကြည်လင်ဝင်းလဲ့နေသည့် မျက်ဝန်းအစုံဖြင့် ကြည့်လိုက်ပြီး-

"လူလေးကို စိတ်မချလို့ မဟုတ်ပါဘူး။ လူလေးကို ကြည့်ပြီး အဖေဝမ်းသာပီတိဖြစ်လွန်းလို့ လူလေးနောက်ကို တကောက်ကောက် လိုက်နေတာပါကွာ"

(၆)

"ဟာ လူလေး. . မင်းကွာ။ အကြောင်းမကြား ဘာမကြားနဲ့။ ဘယ်ကဘယ်လို ရောက်နေတာလဲ"

မြေကွက်လပ်ထယ်ရေးပြင်ကို ငေးနေရာကနေ အသံလာရာဆီကြည့်လိုက်တော့ နွားတစ်ရှဉ်းနှင့် အဖေ။ နေတောင်မြင့်နေပေ့ါ။ အဖေ ဘယ်က ဘယ်လိုရောက်လာတာပါလိမ့်။

"အကြောင်းကြားဖို့ကို အချိန်မရတာ အဖေရေ့။ သင်တန်းပါတယ်ဆိုလို့ ရှေ့တန်းကနေ အပြေးပြန်လာရတာ။ သင်တန်းက သုံးရက်လောက်လိုသေးလို့ လမ်းလည်း သင့်တာနဲ့ အိမ်ကို ခဏဝင်လာလိုက်တာ။ ဒါနဲ့ အဖေက ဒီအချိန်ကြီးကျမှ ဘာလာလုပ်တာလဲ"

"မနေ့က ထယ်တစ်ကွင်းစာလေး ကျန်နေလို့ကွာ။ အဲတာလေး အပြီးသတ်ဖို့ လာလိုက်တာ"

အဖေ့လွယ်အိတ်ထဲမှ ရေဘူးကိုယူကာ ရေတစ်ငုံ မော့သောက်လိုက်သည်။

"လူလေး ဒီမှာ ခဏနားနေဦး။ အဖေ ထယ်ထိုးလိုက်ဦးမယ်။ ခဏပါပဲ။ ပြီးမှ အတူပြန်တာပေ့ါ"

အဖေက ပြောပြောဆိုဆို နွားရှဉ်းကို ထိုမြေကွက်လပ်လေးဆီ မောင်းသွားချေပြီ။ ကျွန်တော်ကတော့ ငယ်ငယ်ကအတိုင်း သည်သစ်ပင်အရိပ်ကလေးမှာ ထိုင်နေရစမြဲ။ အဖေက ထယ်တစ်ပတ်၊ နှစ်ပတ်လောက် မောင်းပြီးတော့"

"လူလေးရေ ထယ်တစ်ကွင်းလောက် မောင်းမကြည့်ချင်ဘူးလားကွ"

ထူးဆန်းပေစွ။ ကျွန်တော် ခွင့်မတောင်းမှ အဖေက အခွင့်အရေးပေးသည်။ ကျွန်တော့်ကို ယုံကြည်မှုရှိလာတာလား။ ဒါမှမဟုတ် စမ်းသပ်တာလား။ ဘာပဲပြောပြော ထယ်ထိုးကြည့်ချင်တာတော့ အမှန်။ ကျွန်တော် ဂျင်းဘောင်းဘီကို ဒူးအထိခေါက်တင်လိုက်ပြီး အဖေ့ထံမှ ထယ်လက်ကိုင်ကို လက်ပြောင်းယူလိုက်သည်။ နွားနှစ်ကောင်၏ ကြိုးနှင့် နှင်တံကို ညာလက်ကကိုင်၊ ထယ်လက်ကိုင်ကို ဘယ်လက်ကထိန်းပေးပြီး ထယ်ထိုးကြည့်သည်။ မခက်။ နွားတွေကလည်း သိပ်ထိန်းစရာမလို။ ဖြောင့်ဖြောင့်တန်းတန်းသွားရမည့်နေရာမှာ ဖြောင့်ဖြောင့်တန်းတန်းသွားသည်။ ကွေ့ရမည့်နေရာဆိုလျှင်လည်း အတိုင်(ဘယ်)ဘက်ကနွားကို ကြိုးတစ်ချက်ဆွဲပြီး အလှည့်(ညာ)ဘက်ကနွားကို နှင်တံတစ်ချက်တို့လိုက်တာနှင့် အလိုလို ကွေ့ပြီးသား။

"အဖေကလည်းဗျာ။ ထယ်ထိုးတာ ခက်တာလည်း မဟုတ်ဘဲနဲ့ ကျွန်တော်ငယ်ငယ်က ဘာဖြစ်လို့ မခိုင်းခဲ့တာလဲ"

အဖေက ပြုံးနေရုံမှတစ်ပါး ဘာမှပြန်မပြော။ ကျွန်တော့်လက်ထဲမှ ထယ်လက်ကိုင်ကို လက်ပြောင်းယူလိုက်ပြီး ထယ်ဆက်ထိုးနေသည်။ ပြီးမှ-

"သည်ထယ်ရေးပြင်မှာ ထယ်ထိုး၊ နှမ်းကြဲတဲ့ အလုပ်တွေမှာ လူလေးပျော်မွေ့သွားမှာစိုးလို့၊ သည်လို ပင်ပန်းဆင်းရဲလှတဲ့ တောင်သူလုပ်ငန်းခွင်မှာ လူလေး ပျော်မွေ့သွားမှာစိုးလို့ အဖေ မခိုင်းခဲ့တာပေ့ါကွာ"

ညင်သာစွာ ပြောလိုက်သော အဖေ့စကားအဆုံးမှာတော့ ကျွန်တော်ဘာစကားမှပင် ပြောမထွက်နိုင်အောင် ဆွံ့အသွားရသည်။ ဆီးပင်ပေါ်နားနေကြသော ငှက်တစ်အုပ်က အဖေ့စကားကို ဩဘာပေးသယောင် မြည်တွန်အော်ဟစ်ကာ ပျံသန်းသွားကြသည်။ ကျွန်တော့်အပေါ် ယုံကြည်မှုနည်းလေခြင်းဟူသည့် အဖေ့အပေါ် အထင်လွဲချက်ကလည်း ကြက်ပျောက်ငှက်ပျောက်။ ။

## ဆီမီးထိန်ထိန် ဝါကျွတ်ချိန်

ဝါကျွတ်ကာ မြောက်လေဖြူး
ထူးလှတဲ့ ဒီချိန်ခါ။
ကြယ်ပေါင်းရံ မျှတိမ်ကင်း
ဝင်းပစန္ဒာ။
ဝတိံနန်းသို့ မြတ်ဘဂဝါ
ကြွလို့သာ နို့ဖိုးဆပ်။
ဖြူနီဝါ ဆီမီးလျှံကို
လူ့ပြည်ပြန် မြတ်ဘုရားအား
ညွှတ်တွားကာ ကုသိုလ်ထူးဖို့
ရည်စူးဆက်ကပ်။ ။

ခက်ဆစ်ချို(ရန်ကုန်)

## ဆောင်းရာသီအလှ

မြောက်ပြန်လေခ နှင်းပွင့်ကျ
ငှက်သပိတ်လွယ် ဆောင်းတေးသွယ်
ကြွယ်တယ်လေ့ ကြွယ်တယ်လေး။
ပန်းမြတ်တော်ဝင် ငွေသဇင်
မြန်ခွင်အလှ ဆင်မြန်းသ
ပြတယ်လေ့ ပြတယ်လေး။
လယ်မြေသခင် ပြုံးပျော်ရွှင်
ကောက်ပင်ရိတ်သိမ်း ငွေလျှံလိမ်း
ထိန်းတယ်လေ့ ထိန်းတယ်လေး။
ဆောင်းနှင်းမှုန်ရီ ချမ်းတုန်ပြီ
ဝေ့သီ ယှက်ဆမ်း နှင်းငွေ့တန်း
လွှမ်းတယ်လေ့ လွှမ်းတယ်လေး။
ဆောင်းရာသီမှာ ဒို့ပြည်ရွာ
သာယာလှပ ပနံသ
လှတယ်လေ့ လှတယ်လေး။ ။

အိမ်ဖြူစိုး

## နေ့သစ်

ရောင်နီလွှမ်းခြုံ နေ့သစ်ပုံ
အလှစုံသည်လေး။
သင်းကြိုမွှေးထုံ ပန်းရဂုံ
ဖူးငုံတင့်သည်လေး။
နံနက်အရုဏ်၊ မေတ္တာလှုံ
ပြည့်စုံလှသည်လေး။
ဆွမ်းချက်ကပ်လှူ၊ သံဃာဟူ
ကုသိုလ်ယူစို့လေး။
ပျိုးချရည်သန်၊ မျိုးစေ့မှန်
ကြာကန်ပွင့်ထုံမွှေး။
ငှက်ကျေးညံ့ညံ့၊ လင်းကြက်သံ
တွန်သံချိုလှသေး။
အတ္တပရ၊ ညီမျှမှ
သာစွရိပ်မြုံတေး။ ။

ပိုင်(ဆေး-၁)

**မြေရောင်းရန်**

ပေ(၄၀×၆၀)၊ ၃၇သိန်း၊ တောင်ဒဂုံ၊ ပိုင်ဆိုင်မှုကောင်း၊ ပွဲစားမလိုပါ။

**ဖုန်း-၀၉-၇၆၄၇၂၂၄၇၇**

**တိုက်ခန်းရောင်းမည်၊**

ph : 09978822537


## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ရုံးသုံးစက်ကိရိယာနှင့်ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနများအတွက် ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | စက်ကိရိယာနှင့် ပစ္စည်းများ | |
| | (၁) Air conditioner Split Type (1.5HP) | 28Nos |
| | (၂) Air conditioner Split Type (1 HP) | 28Nos |
| | (၃) LCD Projector | 31Nos |
| | (၄) Server, Router & Networking အပါအဝင် IP VPN System | 1Lot |
| | (၅) Purify water System (500 Litre) | 3Nos |
| | (၆) Diesel Generator 200 KVA | 1No |
| (ခ) | ရုံးသုံးစက်ပစ္စည်းများ | |
| | (၁) Computer (Desktop) | 40Nos |
| | (၂) Computer (Laptop) | 43Nos |
| | (၃) Digital Multifunctional Copier | 4Nos |
| | (၄) Laser Jet Printer (LBP-2900B) | 28Nos |
| | (၅) Fax | 18Nos |
| (ဂ) | ရုံးသုံးပရိဘောဂ | |
| | ၁။ Table | 56Nos |
| | ၂။ Armed Chair | 440Nos |
| | ၃။ Armless Chair | 1280Nos |
| | ၄။ သံဖိုင်တင်စင် | 61Nos |
| | ၅။ Lecco သံဗီရို | 80Nos |
| | ၆။ Meeting Table | 28Nos |
| | ၇။ Table With Partition | 6Sets |
| | ၈။ Settee | 14Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၉-၂၀၁၇ရက်မှ ၂၃-၁၀-၂၀၁၇ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအထိ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogueများကို ၂-၁၀-၂၀၁၇ရက်မှ ၃၀-၁၀-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီ အတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ ရုံးအမှတ်(၁၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၉၅၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံခြားစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | တင်ဒါအမှတ်၊ ၀၉/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈ | |
| | (၁) သူငွေးစီမံကိန်း စက်ပစ္စည်း | 1 Lot |
| (ခ) | တင်ဒါအမှတ်၊ ၁၀/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈ | |
| | (၁) အထက်ကျိုင်းတောင်းစီမံကိန်း စက်ပစ္စည်း | 1 Lot |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၂-၁၀-၂၀၁၇ရက်၊ ၀၉း၀၀နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် -၁၀-၁၀-၂၀၁၇ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀**


**Just Trust Must**

**ဦးကြည်ရိုးအောင်(ဆေးတက္ကသိုလ်)**

M.A.(English),Dip.ELTM ၏

(1) MEDICAL ENGLISH Practice Tests & Advice on How to Approach the Medical English Entrance Examination

(2) TRIED & TRUSTED English Practice Tests for the Medical English Entrance Examination.

**Must Publishing House 09 5043424**






**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

Ph: 09-797920009


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ လူနေရပ်ကွက်အမှတ်(နဝဒေးဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ်(၇၁၆)၊ အကျယ်အဝန်းပေ(၈၀×၈၀)၊ ဧရိယာ(၀. ၁၄၇)ဧကရှိ နှစ်(၆၀)ဂရန်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ Block(16),အမှတ်(၂)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၃/၄) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ယုယု[၇/ညလပ(နိုင်)၀၁၅၄၄၆]မှ မိမိအမည်ပေါက်တည်ရှိပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၆၄၀၆၁၆**
**အမှတ်(၂၅၁)၊ နေသီဒ္ဒိ(၂)လမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

